www.burmeseclassic.com

# မိုးဆက်လင်းထက်



www.burmeseclassic.com

နုသက်လင်းထက်

ဝေလီဝေလင်း
ချစ်သူ

# ဝေလီ

၅

တော်ဝင်မြို့စာအုပ်တိုက်

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၈၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၃၇၀၅၀၇

| | | |
|---|---|---|
| အဖုံးပန်းချီ | - | ဇေယမင်းဝေ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနီ (မြ - ၀၃၅၀၀) |
| | | ၇၇၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်) |
| | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | A.Z |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၄ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |

www.burmeseclassic.com

နံ့သာကလေးတောက်

ဝေလီဝေလှိုင်း
ချစ်သူ

BURMESE CLASSIC

# ဝေလ

၅
တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝေလီ မှန်ရှေ့မှာ သူမအလှကို အညက်ဆုံး ချယ်သနေသည်။ ထိုင်ပြီး ကျကျနန်ပြင်နေခြင်းဖြစ်သည်။ မျက်ခုံးမွေးက မနေ့ကမှ နာမည်အကြီးဆုံး (Beauty Sloon) တစ်ခုမှာ နုတ်ခဲ့၍ သေသပ်လှပနေဆဲ၊ မျက်နှာမှာ အမျိုးအမည်များလှသော မိတ်ကပ်(၃)ခုလောက်တင်ပြီးနောက် နဂိုကအညီးက ချောမောလှပနေသည့်မျက်နှာဖူးဖူးလေးက ဝင်းပကြွတက်လာ၏။ ဒယ်ဒီ နိုင်ငံခြားက ပါလာသော နာမည်ကြီးပြင်သစ်ရေမွှေးကို လည်ပင်းမှာ တစ်ချက်နှစ်ချက် ဆွတ်ပြီးနောက် ချိတ်၄၁ချိတ်ဆွဲထားသော သောင်းကျော်တန် ရယ်ဒီမိတ်အင်္ကျီကို ခန္ဓာကိုယ်ပေါ် စွပ်ချလိုက်၏။ အချိုးအဆစ်ကျန လှပလွန်းသော သူမခန္ဓာကိုယ်နှင့် အင်္ကျီသည် ပုလဲနံ့ပအလွန်သင့်သွားတော့သည်။ ညကတည်းက ရွေးထားသော စကတ်ထဘီအနက်ရောင်ကလေးကို ဝတ်ပြီးနောက် ဝေလီ၏ တစ်မနက်တာ ကျောင်းသွားရန် အလှပြင်ဆင်မှုသည် ပြီးဆုံးသွားလေပြီ။ ဒါတောင် ကျောင်းမှာ အိမ်သာထဲဝင်ချိန်များတွင်မျက်နှာအလှပြုပြင်ရန် အရေးပေါ် မိတ်ကပ်ဗူးနှင့်နှုတ်ခမ်းနီဆိုးတံများကို အမြဲတမ်းအဆင်သင့် ထည့်ထားသောကြောင့် ပူစရာမလို တန်းယူလာနိုင်ခြင်းဖြစ်၏။

နောက်ဆုံး အခန်းထဲကထွက်ခါနီးမှ မျောက်ရုပ်ကလေးပါသည့် ကျောပိုးအိတ်ထဲကို ကမန်းကတန်း လို့အပ်သည့်စာအုပ်တွေထည့်ပြီး ကားသော့ကိုယူကာ လက်ညှိုးမှာလှည့်ကစားရင်း ထွက်ခဲ့တော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပေါ် လင်ခရူဇာ ကားအနက်ရောင်ကြီး ထိုးဆိုက်လာသည်နှင့် ဥပဒေကွင်း ဝေလီ ကျောင်းသို့ ရောက်လာပြီဆိုတာ အားလုံးသိကြသည်။ မသိခံနိုင်ရိုးလား . . ။ ဝေလီ၏ ကျော်ကြားသော အချမ်းသာသော စည်းစိမ်ကြွယ်ဝမှုတို့က အရှေ့ခုနစ်မေဂျာ၊ အနောက်ခုနစ်မေဂျာထိ ပြန့်နှံ့ကျော်ကြား၏။ သူလာရာလမ်းကို အချိန်ပေါင်းများစွာပေးပြီး စောင့်နေရတဲ့လူတွေမှာ လက်ချိုး၍မကုန်၊ ရိုက်သတ်လို့ မကုန်နိုင်ပေ။

အခုလည်း ဝေလီဆိုသော အလှဘုရင်မလေး ကားထဲမှ ကျော့ရှင်းစွာ ဆင်းလာ၍ ဖြောင့်ဆင်းနေသော ဆံပင်ကလေးကို ဟန်ပါပါ တစ်ချက်သပ်တင်ပစ်လိုက်သည်။ ဒါလည်း ဝေလီ၏အလှတစ်ပါး။ ကားသော့မှ ရီမုတ်ကွန်ထရိုးလေးကို နှိပ်၍ ကားတံခါးကိုပိတ်၏။ အဆောင်၏ကော်ရစ်တာသို့ ဆင်မယဉ်သာ ခြေလှမ်းများဖြင့် လျှောက်သွားတော့သည်။

အတော်လေး အပင်ပန်းခံ စောင့်နေရပုံရသော ကောင်ကလေး ကြောင်ကောင်တစ်ကောင် ဝေလီနားသို့ သူခိုးကွက်နဲ့ ကပ်လာ၏။ ဝေလီ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ဟိုကောင် ငြိမ်သွားသည်။ ဝေလီ အပြုံးကို မျက်နှာပေါ် အလှဆုံးတပ်ဆင်ပြီး လျှောက်လာခဲ့တော့သည်။

သေသည်အထိ ဖွဲ့လျှော့မယ့်ပုံမပေါ်သော ထိုကောင် နောက်မှ သည်းကြီးမည်းကြီး လိုက်လာတော့သည်။ လမ်းဆုံးခါနီးတာတောင် ထိုနောက်ကမုဂ္ဂိုလ်က သူမကို အခွင့်ခွန်းမှ လာမပြောသေး။ ဝေလီ မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး တစ်ချက် ဝေ့ကြည့်လိုက်၏။ စတိုင်ဘောင်းဘီအနက်ရောင် အနက်နှင့် (Arrow) ရှပ်အင်္ကျီအပြာရောင်ဝတ်ထားသော ကောင်းပုံစံ ကျောင်းသားတစ်ယောက်ကို သွားတွေ့သည်။ ဦးနှောက်ကိုချက်ချင်းအလုပ်ပေးလိုက်၏။ သူမှတ်မိသွားပြီ. . . သူမကားနောက်က လိုက်လာသည့်ကောင်. . . ၊ သူမလှစ်ခနဲ ပြုံးလိုက်ပြီး ထိုအကောင်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားတော့၏။

"ရောက်နေပြီတာ ကြာပြီလား"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလှင်း
ချစ်သူ

ဆည်းလည်းလေးလို ချိုသာသောအသံလေးနှင့် တစ်ဖက်သား
က်ခါသွားလောက်သည့် မျက်နှာပေးလေးကြောင့် ရပ်နေသော
ပါးစပ်သည် မိကျောင်းပါးစပ်နီးနီး ပြဲထွက်သွားကာ ခြေမကိုင်မိ
င်မိ ဖြစ်သွားတော့၏။ သူ့ကိုယ်သူ အရှင်လတ်လတ် နတ်ပြည်
ရသလိုလည်း ခံစားလိုက်ရသည်။ သူမနောက်က တောက်
ါက်လာတဲ့ငတိကတော့ ရုတ်ချည်း ပြောင်းလဲသွားသောအခြေ
င့် အံတော်ကလေး ဖရိုဖရဲဖြစ်သွားကာ ပုဆိုးပဲပြင်ဝတ်ရမလို၊
က်ပဲ ရှာရတော့မလိုလိုနဲ့ ယောင်တောင်တောင်ဖြစ်သွား

CO “လာလေ. . . ဘာလုပ်နေတာလဲ သွားမယ်လေ”
လို မှန်ပတိုင်ဘောင်းဘီနဲ့လူလိုက်သွားတော့သည်။ သူ့ခမျာ
ထိုင်ပြီး ကျကျနနပြင်ရခြင်းကို ဝေလမင်းသမီးဗိုင်ယာနာ၏ လက်ဆွဲ
အကြီးဆုံး (Beauty) က အာဖရိကကပ္ပလီတစ်ကောင်လို ဣန္ဒြေမရဖြစ်ပြီး
မျက်နှာမှာ အမိုးအမည်းဖြစ်သွားတော့သည်။
နဂိုကအစည်းက ချောမောရှေ့အရောက်တွင် ဝေလီသည် တံ့ခနဲရပ်ပစ်လိုက်
လာ၏။ ဒယ်ဒီ နိုင်ငံခြည့် ထိုပုဂ္ဂိုလ်ကိုကြည့်ကာ. . .
လည်ပင်းမှာ တစ်ချက်အရမ်းကျေးဇူးတင်တယ်၊ ယူအငြေအနေအရပ်ရပ်ကို
သောင်းကျော်တန် ပါ. . . သွားမယ်နော်. . . တာ့တာ”
အချိုးအဆစ်ကျန လျှာင်းလေးတွေ လှပစွာ ဝှေ့ရမ်းပြီး ချာခနဲလှည့်ကာ ဝင်
အလွန်သင့်သွားတော့ လူ့ခမျာ ပါးစပ်နားရောက်မှ အလုခံလိုက်ရသလို
အနက်ရောင်ကလေး လေတော့၏။ ဒါပေမယ့် ဘာမှမတတ်နိုင်. . .၊ တခြား
သွားရန် အလှပြင်ဆ . ဝေလီပဲလေ. . . ဒီလောက်တော့ရှိမှာပေါ့။
အိမ်သာထဲဝင်ချိန်မျ
နှင့်နှုတ်ခမ်းနီဆိုးတဲ
ပူစရာမလို တန်းယ

♠ ♠ ♠

နောက်
ကျောပိုးအိတ်ထဲက
သော့ကိုယူကာ



www.burmeseclassic.com

www.burmeseclassic.com

# ဝေဟင်း



တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နှိုးစက်သည် မနက်(၅)နာရီလောက်မှာ အသံကုန် သူ့ရင်ကို ခွဲကာ ထအော်တော့သည်။ ဝေလင်း နှိုးစက်အော်ပြီး အတော်လေးကြာမှ နိုးလာ၏။ ဘေးတွင်ထားသော မာတ်မီးကို စမ်းကြည့်လိုက်သည်။ မတွေ့ အလှုပ်။ မနေ့က ဘေးအခန်းကကောင် ငှားသွားတာ လာမပေးသေး။ ရှိစေအနတော့၊ ခြင်ထောင်ကို ဆွဲမပြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ တစ်သခန်းလုံး မှောင်မည်းနေဆဲ. . .။ အတွေ့အကြုံအရ ဒါ. . . သူထနေကျ မနက်ကိုးနာရီမဟုတ်ဘူးဆိုတာ သိလိုက်ရပြီး နာရီနှိုးစက်ကို ပိတ်ကာ စောင်ကိုခေါင်းမြီးခြုံ ပြန်ကွေးနေလိုက်သည်။

သူနိုးတော့ မနက်(၁၀)နာရီတောင်ထိုးပြီ။ ကျူတိုရီရယ်အချိန် ရှိမှန်း ဖျတ်ခနဲသတိရလိုက်ကာ ခုတင်ပေါ်မှ ပျာပျာသလဲ ကုန်းရုန်းထလိုက်၍ ခေါင်းရင်းက ခြင်ထောင်ကြိုးက ထောက်ခနဲ ပြတ်သွားတော့၏။ ရှိစေတော့ စားပွဲပေါ်မှ သွားတိုက်ဆေးကိုယူကာ သွားပွတ်တံကိုဆွဲပြီး အုတ်ကန်သို့ ထွက်ခဲ့လိုက်တော့သည်။ တစ်ဆောင်လုံး ဘယ်သူမှမရှိပြီ တော့မှန်း သူသိ၏။ အလုပ်သွားသူသွား၊ ကျောင်းသွားသူ သွားကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ သွားတိုက်ဆေးက ကုန်နေသည်။ ပုလင်းနှင့် ကြိတ်ပါများ၍လည်း ဆင်နင်းထားသော ယပ်တောင်လို ပြားကပ်နေလေပြီ။ မတတ်နိုင်. . .။ ဒါကိုပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်ရပေတော့မည်။ ဝေလင်း သူ့ဦးနှောက်ကို ချက်ချင်းအလုပ်ပေးလိုက်ပြီး ရေကပြင်အောက်က ကျောက်တုံးတစ်တုံးကို ကောက်ကိုင်လိုက်၏။ ထိုနောက် သွားတိုက်ဆေးကို အုတ်ကန်ပေါင်တွင် ခါးစောင်းတင်ကာ အသာကလေး ထုထည့်လိုက်တော့သည်။ သွားတိုက်ဆေးအနှစ်သည် ပြူခနဲတစ်ချက်ထွက်လာပြီး ဗျစ်ခနဲ ပြန်ဝင်သွားတော့၊ ဝေလင်း အတော်စိတ်ပျက်သွား၏။ စိတ်ပေါက်ပေါက်နှင့် အတင်းထုချလိုက်ရာ သွားတိုက်ဆေးသည် နှစ်ပိုင်းဖြစ်သွားတော့သည်။ ဝေလင်း အကြံတစ်ခုရသွားပြီး သွားတိုက်ဆေးဘူးကိုရင်အလယ်ခေါင်မှ ခွဲချပစ်လိုက်တော့သည်။ အတော်ကလေး အဆင်ပြေသွားလေပြီ။ ဒါဆို ဒီမနက်စာတော့ ဖူဖူလုံလုံရှိသွားပေပြီ။ ညနေကျောင်းက ပြန်ရင်တော့ လမ်းဆုံကဆိုင်မှာ ဝင်ဝယ်ရဦးမည်ဟု စိတ်ထဲမှတ်ထားလိုက်၏။ ထိုအတွေးသည်လည်း သူ့အတွက် လွန်ခဲ့သည့်တစ်ပတ်လောက်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# 3

ဂုံတက္ကသိုလ်နှင့် သူနေသောအဆောင်က သိပ်မဝေး၍ နာရီ ာက်လောက်လျှောက်လျှင် ကျောင်းဂိတ်ဝသို့ ရောက်လာလေသည်။ ကစ်နေ့ကစတ်ထားသော အင်္ကျီကို တန်းကပြန်ရုပ်ပြီး ဝတ်လာခဲ့သော ကာ ်ငွ့် အတော်အတန်ကြေမွနေ၏။ ဆံပင်ကလည်း မှန်ကွဲသွား၍ နီးလာ၏။ မပ်တင်လာခဲ့သည်။ ပုဆိုးကတော့ လွန်ခဲ့သည့် လေးရက် အလှ ပ... ...လျှော်ထားသေးသောကြောင့် အလတ်ကြီးရှိသေး၏။ သို့သော် အနတ်ါက်ရာသုံးခုကိုတော့ မပေါ်အောင် အတော်သတိထားဝတ်ရတာက သူ ခန်လျှင် အခြားပြဿနာ ဘာမှသိပ်မရှိပေ။ ဆံပင်ဖွပွ၊ အင်္ကျီပိုသီပတ် သီနှင့် ပုဆိုးကြေမွမွတို့သည် ဝေလင်း၏ ကျောင်းသွားကျောင်းပြန် မူပိုင် စတိုင်တစ်ခုပင်ဖြစ်ပေသည်။ ယောက်ျားပီသသော အဆင့်လောက်တွင် ရှိပါသည်။

မြန်မာစာကန်တင်းသို့အရောက်တွင် တစ်ကိုယ်လုံး မည်းနက် တောင်ပြောင်နေသော စိန်ကုလားက သူ့ကို ဖြူဖွေးသော သွားလေးများဖြင့် ပြုံးပြ၏။ သူ စိန်ကုလားဝိုင်းသို့ သုတ်ခြေတင်လိုက်သည်။ ဒီကောင့်ကို မြှောက်ပြောပြီး လက်ဖက်ရည်တစ်ခွက်လောက် တွယ်လိုက်ဦးမည်ဟု စိတ်ထဲတေးသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလှချည်လား စိန်ကုလားရာ. . မှန်းစမ်း မင်းနာရီ. . ., ဟာ. . . တယ်လှသကိုး၊ ငါ တစ်ခါမှ ဒါမျိုးမမြင်ဖူးဘူးကွာ၊ မင်းတို့က သူဌေးတွေပဲ၊ ညီလေးရေ ဝမ်းတီးကျစိမ့်လေးလုပ်ကွာ"

လုပ်ငန်းအတွေ့အကြုံ အတော်ရှိနေပြီဖြစ်သောကြောင့် ဝေလင်းလိုလူအတွက် မနက်ခင်းလက်ဖက်ရည်တစ်ခွက်သည် မြက်နုတ်သလောက်တောင် အခက်အခဲမရှိပေ။ စိန်ကုလား သဘောခွေ့သွားပြီး. . .

"ဒါ. . . ငါ့ပါပါ ပါကစ္စတန်က ဝယ်လာတာလေ၊ မြန်မာငွေ. . ."

"သိတယ်. . . စိန်ကုလား၊ ငါသိတယ်. . . မင်းတို့က မျိုးနဲ့ရိုးနဲ့ ချမ်းသာတာ ငါသိတာပေါ့ကွာ. . . ညီလေးရေ လန်ဒန်ပါလုပ်ကွာ"

ခဏချင်းပင် သူ့ရှေ့တွင် လန့်ဒန်နှင့် လက်ဖက်ရည်တစ်ခွက် အလိုလိုရောက်လာလေသည်။ ဒါ သူ့မွေးရာပါ အရည်အချင်း။ ရှားပြတိုက်၍ ရထားတာမဟုတ်သော လန်ဒန်တစ်လိပ်နှင့် ခိုးယူထားသော ပစ္စည်းမဟုတ်သည့် လက်ဖက်ရည်တစ်ခွက်တို့ကို သူစိတ်သန့်ရှင်းစွာ သုံးဆောင်၍ စိန်ကုလားကို နှုတ်ဆက်ထွက်ခဲ့တော့သည်။

"သွားမယ် စိန်ကုလား. . . ကျေးဇူးပဲ၊ မင်း နောက်ဘဝ ဒီ့ထက်ချောဦးမှာ သိလား၊ ဒီဘဝတောင် ဒီလောက်ချောနေတာကွာ"

စိန်ကုလား ပါးစပ်လေးဟစိစိလုပ်ပြီး ပြုံးကာကျန်ခဲ့လေတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း
## ချစ်သူ

"ဟာ. . . ကိုဝေလင်းကြီး၊ ရှာလိုက်ရတာဗျာ. . . တစ်ကျောင်းလုံးနှံ့နေတာပဲ၊ အခုမှပဲ တွေ့တော့တယ်"

သူ့နောက်မှ ဟျာယီးဟျာယာလိုက်ခေါ်သော ကောင်လေးကိုကြည့်ပြီး ဝေလင်း အတော်ကြောင်သွားသည်။ ဒီကောင့်ကို ဘယ်မှာမြင်ဖူးမှန်း မမှတ်မိဘဲဖြစ်နေသည်။ မြင်တော့မြင်ဖူးသလိုလိုပင်။ ဒါပေမယ့်ဝေလင်းပဲလေ ဒီလောက်ဘယ်ညံ့ပါ့မလဲ။

"ဟာ. . . အေး. . . မင်းဘယ်ကဘယ်လို ရောက်လာတာလဲကွ. . . ငါ့ကိုလာရှာတာ ဘာကိစ္စလဲ"

သူ စကားရောဖောရော ပြန်ပြောလိုက်တော့ ကောင်လေးပျော်သွားကာ. . .

"အစ်ကို. . . ကျွန်တော် အဆင်ပြေသွားပြီဗျ"

"ဟေ. . . "

"ဟုတ်တယ် အစ်ကို၊ ကျွန်တော် အေးကြည်ကြည်နဲ့ အဆင်ပြေသွားပြီ"

ဝေလင်း အူလည်လည်ဖြစ်သွားလေပြီ။ သူ အခုထိ ဘာတွေမှန်း မသိသေး၊ သို့သော် အလိုက်အထိုက်လုပ်၍. . .

"ဪ. . . အေး. . . ကောင်းတာပေါ့ကွာ. . . ကောင်းတာပေါ့၊ သွားမယ်နော် ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်း နှုတ်ဆက်ပြီး အမြန်လှည့်ထွက်၏။ သို့သော် ကောင်လေးက ရှေ့မှဖြတ်ပိတ်ကာ. . .

"မသွားပါနဲ့ဦး အစ်ကိုရယ်၊ ကျွန်တော် ကိုယ့်ကျေးဇူးရှင်ကို ကျေးဇူးဆပ်ချင်လို့ပါဗျာ၊ လာပါ တစ်ခုခုလိုက်စားပါဗျာ. . . ကျွန်တော် ပြုစုပါရစေ"

ခါတိုင်းဆို သိသိမသိသိ ဝါးကြောဖြစ်၍ လိုက်သွားမိမှာဖြစ်သော်လည်း အခုတော့ စိန်ကုလားဆီက တွယ်လာတာ မကြာသေးသော ကြောင့် ဗိုက်ကမဆာသေးပေ။

"ဟဲ. . . ဟဲ. . . ရပါတယ်ကွာ၊ ငါဗိုက်မစာသေးဘူးကွ. . .၊ ဒါနဲ့. . . မင်းနဲ့. . . ဟို. . . ဘယ်သူ"

"အေးကြည်ကြည်လေ. . . အစ်ကိုရဲ့"

"အေး. . . အေး. . . အဲဒီကောင်မလေးနဲ့ ဘယ်လို. . ."

"ဟာ. . . အဲဒီနေ့က အစ်ကိုရေးပေးလိုက်တဲ့ ရည်းစားစာကို ကျွန်တော် အစ်ကို့ဆီကပြန်တာနဲ့ သူ့ကိုသွားပေးလိုက်တာပဲ၊ တစ်ခါတည်း ကောင်မလေး ဟတ်ထိသွားတယ်ထင်တယ် အစ်ကိုရယ်. . .၊ အဆင်ပြေသွားရော"

"ဪ. . ."

သူ အခုမှ ရှင်းရှင်းလင်းလင်းသိသွားပြီ၊ ဟိုတစ်လောက အောင်သန်းကြီးခေါ်လာပေးတဲ့ ကောင်လေးပဲ။ အဲဒီတုန်းက ဘာရယ်မဟုတ် သူ တောင်ခြစ်မြောက်ခြစ်လုပ်ပေးလိုက်သော ရည်းစားစာတစ်စောင်က မှော်ပေါက်ကာ အောင်မြင်သွားခြင်းပင်။ ရှိစေတော့. . .၊ ဒီတော့ ဒီဇာတ်သမ်းအောင်မြင်မှုလေးအတွက်တော့ သူ ခံစားသင့်သည်ဟု ထင်မိသည်။

"ကဲပါ ညီလေးရာ. . . မင်းအဆင်ပြေတော့လည်း ငါ ဝမ်းသာပါတယ်ကွာ၊ ကဲ. . . ဒီတော့ အစ်ကိုလည်း အခုမဆာသေးဘူး၊ ဒီတော့ မင်းလည်း ဒါနမြောက်သွားအောင် အစ်ကိုလိုအပ်တဲ့အချိန်မှကျွေးပေါ့ကွာ"

သူ မယုတ်မလွန်လေးပြောပြီး တိုင်ကယ်ချိတ်ထားလိုက်၏။

"ဟာ. . . ဒါဆိုဖြစ်တယ်အစ်ကို၊ အစ်ကိုအဆင်ပြေမယ့်အချိန် ပြော. . . ကျွန်တော် အချိန်မရွေးပဲ"

"ကဲ. . . ညီ ဒီလောက်တော့ သုဒ္ဓါပေါက်မှာမှတော့

www.burmeseclassic.com



နေ့လယ်ထမင်းစားချိန် (*Physic*)ကန်တင်းကသာစောင့် ညီလေးရာ. . . အစ်ကိုလာခဲ့မယ်"

"အိုကေ. . . အစ်ကို ဆက်ဆက်လာခဲ့နော်. . . အစ်ကို"

"စိတ်ချပါ ညီလေးရာ"

ကောင်လေးပျော်ပြီး လှည့်ထွက်သွား၏။ သူ့အတွက် ဘာမှ မပင်ပန်းဘဲနှင့် နေ့လယ်စာတော့ပြည့်စုံသွားလေပြီ။ အခုထိ အိတ်ထဲမှာပါလာသော ငါးရာတန်တစ်ရွက်သည် အရာတောင်မယွင်းသေးပေ။

♠ ♠ ♠





www.burmeseclassic.com

www.burmeseclassic.com

# နီးဆက်လင်းထက်

ဝေလီဝေလင်း
ချစ်သူ

သူမ ဒီနေ့ အတော်စိတ်ရှုပ်ထွေးနေသည်။ မနက်က ကျူတိုရီ ရယ်လည်း မဖြေနိုင်သလို၊ အခုလည်း ဆရာမမေးနေတာကို မရသေးပေ။ ဒီဆရာမအကြောင်း သူမ သိသည်။ စာမရလျှင် တော်တော်နှင့် ဆူလို့ မပြီးတော့။ သူမဆို လူတိုင်းကသိနေ၍ ပိုဆိုးလိမ့်မည်။ စိတ်ညစ်ညူးစွာ စာကိုပဲ မျက်စိမှိတ် စွတ်ရွတ်ကျက်နေမိတော့၏။

*"ဟဲ့. . . ဝေလီ၊ ဟိုမှာ ဟိုကောင်လာပြန်ပြီ"*

ဘေးမှ ယဉ်ယဉ်သိန်းအသံကြား၍ စာကျက်နေရာမှ မျက်လုံးလေး ထောင့်ကပ်ကြည့်လိုက်တော့ သီဟစိုးထိုက်ဆိုတဲ့လူကို တွေ့လိုက်ရသည်။ နေ့ခင်းကြောင်တောင် လယ်သာဂျက်ကက်ကြီးဝတ်ထား၍ သူတောင် ချွေးပြန်ချင်လာသည်။ နေကာမျက်မှန်ကြီးတပ်ကာ နဖူးမှ ချွေးတို့ ခဏခဏ လက်ကိုင်ပဝါနှင့်သုတ်ရင်း သူ့ကို မျက်မှန်နောက်က ဗို့အား (၆၀၀၀)လောက်နှင့် ဆက်သွယ်နေလေသည်။ သူမ အလှဆုံးတစ်ချက် မဲ့လိုက်ပြီး စာကို ဆက်ဖတ်နေလိုက်၏။

ဆရာမက စာကို တစ်ယောက်ချင်း မေးလာတာ သူမအလှည့် ရောက်ခါနီးလေ သူမ ရင်ခုန်လာလေဖြစ်လာသည်။ အခုထိ နှစ်ပိုဒ် လောက်ပဲ ရသေး၏။ အောက်ဆုံးပိုဒ်ကို အမြန်ကျက်နေရသည်။ သီဟ စိုးထိုက်ရှိနေ၍ ပိုဆိုးသည်။ ဒီလူ့ရှေ့မှာတော့ အဆူမခံနိုင်၊ ရအောင် ကျက်မည်ဟု ဆုံးဖြတ်လိုက်ပြီး စာကိုသာ စိတ်ဝင်တစား အားစိုက်ကျက် နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ သူမ အလှည့်ရောက်လာပေပြီ။ သူမလည်း အကျန်ရှုံးပြီ၊ ဆရာမရှေ့မှာ အထစ်အငေါ့မရှိဆိုပြနိုင်သောကြောင့် ယဉ်ယဉ်သိန်းတောင် အံ့ဩယူရ၏။

"တဲ့. . . နင် ဘယ်လိုများ ကျက်လိုက်တာလဲဟင်"

သူမ တဟင်းဟင်းရယ်၍. . .

"ဒီလိုပေါ့ဟာ. . . ခွန်အားတွေရလာတာပေါ့"

"ခွန်အား. . . ဘာခွန်အားလဲ"

သူမ သီဟစိုးထိုက်ကို မျက်စပစ်ပြ၍. . .

"သူ့ကြောင့်လေဟယ်"

ယဉ်ယဉ်သိန်း ကြောင်သွားကာ၊ နားမလည်နိုင်သလို သူမကို ကြည့်ပြီး. . .

"ဟင်. . . နင်. . . နင်. . . အဲဒီကောင်ကြီးကို ကြိုက်. . . ကြိုက်. . ."

"ဟိုး. . . ယဉ်ယဉ်. . . နင် တစ်လွဲမထင်နဲ့၊ ငါ့အတွက် ဒါမျိုးတွေကလည်းတစ်ခါတစ်လေကြီးမားတဲ့ခွန်အားတွေ ပေးတတ်ကြတယ်ဟဲ့"

ပြောပြီး ကျောပိုးအိတ်လေးကို ကောက်လွယ်ကာ အခန်းအပြင်သို့ လှပစွာ ထွက်သွားတော့၏။ အတန်းလည်း ပြီးသွားလေပြီ။ ယဉ်ယဉ်သိန်းတစ်ယောက်သာ သူမကို ပါးစပ်အဟောင်းသားကြည့်ပြီး ကျန်ခဲ့တော့၏။ ဝေလီသည် တစ်ခါတစ်လေ ဤကဲ့သို့ နားလည်ရအလွန်ခက်ကြောင်း ယဉ်ယဉ်သိန်းတစ်ယောက် စိတ်ထဲမှတ်ထားလိုက်လေ၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



**သူ**မ အခန်းပြင်ရောက်တယ်ဆိုရင်ပဲ ငတိက စတင်လှုပ်ရှားတော့သည်။ သူမဘေးသို့ ထိုငတိသည် သူ့ဌေးခေါ်လို့ ရောက်လာသော ဒရဝမ်ကုလားလို ရှို့ရှို့လေး ကပ်လာသည်။

"ဝေလီ. . . အတန်းပြီးသွားပြီနော်"

ရှင် မျက်စိမပါဘူးလားဟု မေးလိုက်လျှင် ရိုင်းရာကျတော့မည်။ ဝေလီတို့က ဒါမျိုး ဘယ်တော့မှမလုပ်။ အချိုသာဆုံးလေး ပြုံးပြလိုက်တာ. . .

"ပြီးသွားပါပြီ. . . ဟို. . . ရှင်က"

သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်ပြီး လက်ညှိုးလေးထောင်တာ မေးလိုက်တော့ ငတိမျက်နှာကြီး ပြုံးတက်လာကာ. . .

"သီဟစိုးထိုက်ပါ. . . ကျွန်တော် ဝေလီ့ကို. . ."

"သြော်. . . ဟုတ်ကဲ့၊ ကိုသီဟစိုးထိုက် [illegible]"

ငတိစကား[illegible]ကို ဖြတ်ပြောခြင်းခံလိုက်ရသောကြောင့်. . .





www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟို. . . ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော် ဝေလီ အနားမှာ နေနေရရင် သပျော်နေတဲ့ကောင်တစ်ကောင်ပါဗျာ"

ဝေတီ သူ့ဟာသူပြောပြီး သူ့စကားသူ သဘောကျသွားပုံရသည်။ အခုချိန်မှာ ငှက်ကြီးတောင်ဓားထုတ်ပေးလိုက်ရင်တောင် ကိုယ့်ကိုယ်ကိုယ် ဝေလီ့အတွက် တကယ်အဆုံးစီရင်ပစ်မည့်အနေအထားမှာရှိလေသည်။

ဝေလီ ခေါင်းကလေးတညိတ်ညိတ်လုပ်ပြီး ပြုံးပြုံးကလေး ဆက်လျှောက်လာလိုက်သည်။ ကိုယ့်ဘေးနားလိုက်နေမယ်ဆိုတော့လည်း နေပေါ့။ သူ့ခြေထောက်နဲ့သူ လိုက်တာပဲလေဟု တွေးထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူပါလာသည့်အတွက် ဝေလီ့ကို အချိန်အတိုင်းအတာ တစ်ခုအထိတော့ အနှောင့်အယှက် အန္တရာယ်ကင်းရှင်းသွားစေသည်။ အားလုံးကတော့ ယမင်းရုပ်က ခွေးဘီလူးဆွဲလာသလိုသာ မြင်ကြပါ သည်။

သူမကန်တင်းထဲဝင်လိုက်တယ်ဆိုရင်ပဲ ဝေတီသည် ပျာပျာသလဲ ဖြစ်သွားပြီး ခပ်လှမ်းလှမ်းဝိုင်းမှ ခုံတစ်ခုံ အတင်းပြေးလုကာ သူမဘေး လာချပေးတော့၏။

"ဝေလီအတွက်. . . ထိုင်"

သူမထိုင်ချလိုက်သည်။ ထိုလူကတော့ မတ်တပ်ကြီးရပ် လျက်ပင်ရှိသေး၏။ ထမင်းစားချိန်တို့၏ ထုံးစံအတိုင်း စားပွဲက မလောက်၊ ခုံကမရှိနှင့် ကျောင်းသားများ အတော်ဒုက္ခရောက်ကြ၏။ ဒီကြားထဲ ကံကောင်းပြီး စားပွဲရလျှင်လည်း ခုံကမရဖြစ်တတ်သည်။ ခုံရလျှင်လည်း စားပွဲက မရှိဘဲ တဝဲလည်လည်ကြီးဖြစ်နေတဲ့လူတွေ တစ်ပုံတပင် တွေ့ရတတ်၏။

အဲဒီလိုအခြေအနေမျိုးမှာမှ ဒီကောင်ကမွန်ပြီး ခုံကို တစ်ခုံ တည်းသာ ပြေးရှာမိသောကြောင့် သူ့အတွက် ထိုင်ခုံနောက်တစ်လုံးရဖို့ ဆိုသည်မှာ မိုးပေါ်က အပ်တစ်စင်းနှင့် အဝီစိမှအပ်တစ်စင်း ထိတာထက် တောင် ခက်သွားရချေပြီ။

ဒါပေမယ့် ထိုပုဂ္ဂိုလ်သည် လွယ်လွယ်နှင့် လက်လျှော့သွားမည့် လူစားမျိုးတော့မဟုတ်ပေ။ တောင်ကြည့်မြောက်ကြည့်၊ ကျီးကြည့်၊ ကြောင် ကြည့်နှင့် ပေကန်ကန်ကြီး ရပ်နေလေသည်။ ဝေလီအနားမှာသာ နေနေ ရရင် မတ်တပ်လေဖြတ်သွားတောင် မှုမယ့်ပုံမမြင့်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသီဟစိုးထိုက်. . . ထိုင်လေ"

ခန္ဓာကိုယ် တုန်ခနဲ ဖြစ်သွားပြီး၊ ယောင်နနဖြစ်သွားကာထိုင်ချ လိုက်တော့သည်။ ပြီးမှ ခုံမရှိမှန်းသိသွား၍ ခန္ဓာကိုယ်ကိုမနည်း ဒလကြမ်း ထိန်းလိုက်ရကာ . . . .

"ဟီး. . . ဟီး. . . ဝေလီက နောက်တတ်သား‌ပဲ"

သူ့ဟာသူတော့ ဖြည့်တွေးတတ်ပုံရပါသည်။

"ကိုသီဟစိုးထိုက်. . . ဒီအတိုင်းကြီးရပ်နေလို့ မကောင်းပါဘူး ရှင်၊ ခုံလေးတစ်ခုံလောက်တော့ ရှင်ရှာနိုင်မှာပါ"

'ရှင်ရှာနိုင်မှာပါ' ဆိုသော စကားကြောင့် ထိုငတိခန္ဓာကိုယ်သည် မတ်ခနဲဖြစ်သွား၏။ ခုံတစ်လုံးရလျှင် သူ့အတွက် သူရဘွဲ့ရတော့မလို ခံစားချက်မျိုး ချက်ချင်းဝင်လာကာ. . .

"စိတ်ချ. . . ငါ့ယ် အခုရအောင် ရှာပြမယ်"

ပြောပြီး လှစ်ခနဲ လှည့်ထွက်သွားတော့၏။ ဝေလီ အခုမှ သက် ပြင်းကို ဖြည်းဖြည်းလေးချပြီး ထိုစားပွဲမှ အသာလေး ထထွက်လာခဲ့လိုက် တော့သည်။ လူတွေကလည်း ရှုပ်ထွေးလွန်းသောကြောင့် သူမကို မည်သူမှ သတိမထားမိကြ၊ ဟိုငတိကတော့ ပင်လယ်မှာ ငါးသလဲထိုးအရှာထွက် သလို ခုံကို အတင်းမရမက ရှာပေတော့မည်။ ကံကောင်း၍ ခုံလေးတစ်ခုံ ရပြီး သူ့ဝိုင်းသူပြန်လာလျှင် ထိုဝိုင်း၌ တခြားကျောင်းသားတွေ ထိုင်နေ တာများတွေ့လျှင် ကိုယ်ယူလာသော ခုံနှင့် ကိုယ့်ခေါင်းကိုယ်ပြန်ရိုက်ခွဲ ပစ်လိုက်မလားတောင် မသိပေ။ ပြောလို့မရ. . .၊ တကယ်လုပ်ချင်လုပ် မယ့်လူ. . .။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

ဝေလင်း ဒီနေ့ညကို ညဉ့်နက်မှ အိပ်ရာဝင်ရမည်ဖြစ်ကြောင်း က သူနားလည်ထားသည်။ သူ့မှာ ဒီညရည်းစားစာနှစ်စောင် သူ့ဘ ပြီးရေးရလိမ့်မည်။ မပြီးလို့မဖြစ်။ အလုပ်လက်ခံထားသော တော ဘ်ဖြန်နောက်ဆုံးကျနေပြီ။ ဒါမျိုးဆိုတာက ကတိပျက်လို့မဖြစ်၊ နေ့က သား နစ်နာမှုရှိနိုင်၏။

တစ်ဖ ဝေလင်း သူရေးထားသောစာကို သူ့ဟာသူ နှစ်ခေါက်လောက် ဖျးမှ ကျေနပ်အားရသွားကာ အောက်က ပေးသူနာမည်ကို ထိုးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဝေလင်းက နာမည်လက်မှတ် အကုန် စီစဉ်ပေးသောကြောင့်ဖြစ်၏။ သူဆီက ထွက်လာသော ရည်းစားစာဆို လှည့်ကြည့်စရာမလို၊ အပိုအလိုမရှိ တိကျ၏။ စာအိတ်ထဲထည့်၊ တစ်ခါ တည်း ပေးလိုက်ရုံသာ။ ထို့သို့ အလုပ်အစ်သူတွေ စိတ်ချမ်းသာရအောင် လည်း သူ့ကြိုးပမ်းမှုကမနည်းပေ။ တစ်ကျောင်းလုံးနီးပါး ကျောင်းသူလှတ ပတလေးများ၏ စာရင်းနှင့် မေဂျာအလိုက် ကျောင်းသူတွေ၏ ကျော်ကြား သူများစာရင်းကို ရယ်ဂျစ်စတာလုပ်ထားရ၏။ နောက်ပေါက်၊ ရှေ့ပေါက်၊ ခေတ်လယ် အားလုံးမှ ကျော်ကြားသော ကျောင်းသူများစာရင်း သူ့ဆီတွင် အကုန်ရှိ၏။ သူကလည်း မေဂျာတိုင်းတွင် သူ့လို သူငယ်ချင်းတွေ တပုံ တပင်ရှိနေ၍ ဒါမျိုးက သူ့အတွက် အခက်အခဲမရှိ ပြေလည်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခေတ်တိုင်းတွင် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး နမ်းရှိုက်မိသူ တုံးခနဲလဲသေနိုင်လောက်သည့် အဆိပ်များပြည့်ဝနေသော အဆိပ်ပန်းလှလှကလေးများ တစ်ဦးစ၊ နှစ်ဦးစ ပေါ်လာတတ်စမြဲပင်။ ဒီလို မီးတောက်မီးလျှံနှင့် ကစားရသလို ပူလောင်ပြီး အတိုင်းထက်အလွန် လျှမ်းလျှမ်းတောက် ကျော်ကြားသော ကောင်မလေးများဆိုလျှင် ဝေလင်းက ရှောင်သည်။ ထိုကောင်မလေးမျိုးနှင့် ပတ်သက်သည့် အလုပ်ဆို လုံးဝ လက်မခံ။ အဘယ်ကြောင့်ဆိုသော် အလုပ်အပ်သော 'သူ့'အလုပ်ရှင်လူ အတွက် အလွန်အန္တရာယ်များသောကြောင့်လည်းဖြစ်ပြီး၊ နောက်တစ်ကြောင်းက ထိုကောင်မလေးမျိုးများနှင့် သူကိုယ်နှိုက်ကပင် ကင်းကင်း ရှင်းရှင်း နေချင်သောကြောင့်ဖြစ်သည်။

ဒုတိယတစ်ချက်အနေနှင့်တော့ ရည်းစားရှိနှင့်ပြီးသား (သို့) ရည်ရွယ်သူရှိပြီးသား မိန်းကလေးမျိုးကိုလည်း သူကရှောင်သည်။ ဒါက တော့ ရှင်းပါသည်။ တစ်ဖက်သားစိတ်ဆင်းရဲလျှင် သူကိုယ်တိုင် ဝဋ်လိုက် မှာစိုး၍ဖြစ်၏။ ထို့ကြောင့် သူ့ဆီအလုပ်အပ်သူများကို သူက ရမ်းသန်း လျက် လက်မခံဘဲ အနည်းဆုံး တစ်ရက်အချိန်ပေးစုံစမ်းကာ ကင်းရှင်း ကြောင်းတွေ့ရမှ အလုပ်ကို စတင်လက်ခံသည်။ ဉာဏ်ပူဇော်ခကတော့ သတ်မှတ်ထားခြင်းမရှိပေ။ လုပ်ငန်းအကြီးအသေးပေါ်လိုက်ပြီး သူက ယူ၏။ တစ်ခါတရံ ကိုယ်ကအိတ်စိုက်လိုက်ရတာတောင် ရှိသေးသည်။ သို့သော် ဒီလိုအလုပ်မျိုး သူအလွန်ပျော်၏။ ဒီလို တစ်လွဲဆံပင်ကောင်းပြီး အဲဒီလိုင်းဘက်မှာ သူမတူအောင် ထူးချွန်ခဲ့၍လည်း ပညာရေးဘက်တွင် မှန်မှန်တက်ကာ ယခုတော့ ဖိုင်နယ်ရီးယား(ပထမ)နှစ်သို့ရောက်ရှိ လာပေပြီ။

သူ ဖိုင်နယ်ရီးယားစရောက်သောနှစ်တွင် အလွန်တရာ လျှမ်း လျှမ်းတောက်ကျော်ကြားပြီး မီးပန်းပွင့်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်း သော ကောင်မလေးသုံးယောက် ဒဂုံတက္ကသိုလ်ကြီးတွင် ပေါ်ထွန်းလာခဲ့ သည်။ ရူပဗေဒက အေမီ၊ (*Zoo*)က ယုဝတီနှင့် ဥပဒေမှ ဝေလီတို့ပင် ဖြစ်ပေသည်။ ထိုသုံးယောက်၏ ကိုယ်ရေးရာဇဝင်အကျဉ်း သူ့ဆီမှာရှိပါ သည်။ အလမ္ပါယ်သမားကောင်းတစ်ယောက်အနေနှင့် ဘယ်မြွေ ဘယ် အဆိပ်ရှိသည်ဆိုတာသိရအောင် မြွေတို့၏နောက်ကြောင်းရာဇဝင်သိရမှ ဖြစ်သလို၊ သူ့အလုပ်[illegible]လည်း အလမ္ပါယ်ပြနေသော မြွေဆ[illegible]သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



အထူးသတိထားရ၏။ တစ်ချက်မှားလို့မရ။ တစ်ချက်မှားရင် တစ်သက်သွားရလိမ့်မည်။ ထိုမိန်းခလေးသုံးယောက်၏ နောက်ကြောင်းရာဇဝင်ကို လေ့လာလိုက်လျှင် တူညီသော အချက်သုံးချက်ရှိတာကို ဝေလင်းသွားတွေ့သည်။

ပထမအချက်က သုံးယောက်စလုံး အလွန်ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ပေါက်ဖွားလာကြခြင်းဖြစ်သည်။

ဒုတိယအချက်က သူမတို့၏ ထွန်းတောက်သောအလှအပတို့ကို လူအများရှေ့တွင် ဂုဏ်ယူဝင့်ကြွားစွာ လိုလိုချင်ချင် ပြသကြခြင်းဖြစ်ပြီး၊ ကိုယ်၊ နှုတ်၊ အမူအရာ သုံးပါးစလုံး အထူးလေ့ကျင့်ထားသလို အပိုအလိုမရှိ ပြေပြစ်ချောမောကြပေသည်။ တစ်နည်းဆိုရလျှင် သူတို့နှင့် ထိတွေ့ဆက်ဆံသူတို့ သွက်သွက်ခါသွားလောက်သည့် အလှအပအမူအရာမျိုးပင်။ သိပ်ကြောက်ဖို့ကောင်းပါသည်။

တတိယအချက်ကတော့ ဘယ်သောအခါမှ သူမတို့ဆီ ချဉ်းကပ်လာသော ယောက်ျားတိုင်းအပေါ် ပစ်ပစ်ခါခါ ငြင်းလွှတ်ခြင်းမရှိ။ စိတ်ဆိုးစိတ်ညစ်ဟန်မပြဘဲ၊ ချွေးအေးအေးလေးနှင့် ပညာပေးတတ်ခြင်းပင်။ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်၏ အမုန်းပွားမှုကို လုံးဝမခံလိုသော မိန်းကလေးများဖြစ်ကြသည်။

ဝေလင်း သူမတို့သုံးယောက်၏ အကြောင်းများကို ရနိုင်သလောက် စုထားပြီး၊ သူ့ထံ ထိုဟာမလေးများနှင့် ပတ်သက်ပြီး ရောက်လာသူများကိုလည်း အလိမ္မာနှင့် ငြင်းလွှတ်တတ်၏။ ကြောက်၍တော့မဟုတ်ပေ။ လုံးလုံး မပတ်သက်ချင်၍သာဖြစ်ပါသည်။

ဝေလင်း ဒုတိယရည်းစားစာတစ်စောင်ကို လက်စသတ်ကာ ကျေနပ်လောက်အောင် စစ်ဆေးပြီးမှ မီးကိုပိတ်၊ အိပ်ရာဝင်လိုက်တော့၏။ သူအိပ်တော့ ညသန်းခေါင်ကျော် နှစ်နာရီတောင် ထိုးလုနီးနေပါပြီ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း
## ချစ်သူ

သူမ ဒီနေ့ အတော်စိတ်ရှုပ်ထွေးနေသည်။ မနက်က ကျူတိုရီရယ်လည်း မဖြေနိုင်သလို၊ အခုလည်း ဆရာမမေးနေတာကို မရသေးပေ။ ဒီဆရာမအကြောင်း သူမ သိသည်။ စာမရလျှင် တော်တော်နှင့် ဆူလို့မပြီးတော့။ သူမဆို လူတိုင်းကသိနေ၍ ပိုဆိုးလိမ့်မည်။ စိတ်ညစ်ညူးစွာ စာကိုပဲ မျက်စိမှိတ် စွတ်ရွတ်ကျက်နေမိတော့၏။

*"ဟဲ့. . . ဝေလီ၊ ဟိုမှာ ဟိုကောင်လာပြန်ပြီ"*

ဘေးမှ ယဉ်ယဉ်သိန်းအသံကြား၍ စာကျက်နေရာမှ မျက်လုံးလေး ထောင့်ကပ်ကြည့်လိုက်တော့ သီဟစိုးထိုက်ဆိုတဲ့လူကို တွေ့လိုက်ရသည်။ နေ့ခင်းကြောင်တောင် လယ်သာဂျက်ကက်ကြီးဝတ်ထား၍ သူတောင် ချွေးပြန်ချင်လာသည်။ နေကာမျက်မှန်ကြီးတပ်ကာ နဖူးမှ ချွေးသီး ခဏခဏ လက်ကိုင်ပဝါနှင့်သုတ်ရင်း သူ့ကို မျက်မှန်နောက်က ဗို့အား(၆၀၀၀)လောက်နှင့် ဆက်သွယ်နေလေသည်။ သူမ အလှဆုံးတစ်ချက်နှုတ်လိုက်ပြီး စာကို ဆက်ဖတ်နေလိုက်၏။

ဆရာမက စာကို တစ်ယောက်ချင်း မေးလာတာ သူမအလှည့်ရောက်ခါနီးလေ သူမ ရင်ခုန်လာလေဖြစ်လာသည်။ အခုထိ နှစ်ပိုဒ်လောက်ပဲ ရသေး၏။ အောက်ဆုံးပိုဒ်ကို အမြန်ကျက်နေရသည်။ သီဟစိုးထိုက်ရှိနေ၍ ပိုဆိုးသည်။ ဒီလူ့ရှေ့မှာတော့ အဆူမခံနိုင်၊ ရအောင်ကျက်မည်ဟု ဆုံးဖြတ်လိုက်ပြီး စာကိုသာ စိတ်ဝင်တစား အားစိုက်ကျက်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ သူမ အလှည့်ရောက်လာပေပြီ။ သူမလည်း အတုန်ရသွားပြီ။ ဆရာမရှေ့မှာ အထစ်အငေါ့မရှိဆိုပြနိုင်သောကြောင့် ယဉ်ယဉ်သိန်းတောင် အံ့ဩယူရ၏။

"ဟဲ့. . . နင် ဘယ်လိုများ ကျက်လိုက်တာလဲဟင်"

သူမ တဟင်းဟင်းရယ်၍. . .

"ဒီလိုပေါ့ဟာ. . . ခွန်အားတွေရလာတာပေါ့"

"ခွန်အား. . . ဘာခွန်အားလဲ"

သူမ သီဟစိုးထိုက်ကို မျက်စပစ်ပြ၍. . .

"သူ့ကြောင့်လေဟယ်"

ယဉ်ယဉ်သိန်း ကြောင်သွားကာ၊ နားမလည်နိုင်သလို သူမကို ကြည့်ပြီး. . .

"ဟင်. . . နင်. . . နင်. . . အဲဒီကောင်ကြီးကို ကြိုက်. . . ကြိုက်. . ."

"ဟိုး. . . ယဉ်ယဉ်. . . နင် တစ်လွဲမထင်နဲ့၊ ငါ့အတွက် ဒါမျိုးတွေကလည်းတစ်ခါတစ်လေကြီးမားတဲ့ခွန်အားတွေ ပေးတတ်ကြတယ်ဟဲ့"

ပြောပြီး ကျောပိုးအိတ်လေးကို ကောက်လွယ်ကာ အခန်းအပြင်သို့ လှပစွာ ထွက်သွားတော့၏။ အတန်းလည်း ပြီးသွားလေပြီ။ ယဉ်ယဉ်သိန်းတစ်ယောက်သာ သူမကို ပါးစပ်အဟောင်းသားကြည့်ပြီး ကျန်ခဲ့တော့၏။ ဝေလီသည် တစ်ခါတစ်လေ ဤကဲ့သို့ နားလည်ရအလွန်ခက်ကြောင်း ယဉ်ယဉ်သိန်းတစ်ယောက် စိတ်ထဲမှတ်ထားလိုက်လေ၏။

♠ ♠ ♠





www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလွင်း
## ချစ်သူ

သူမ အခန်းပြင်ရောက်တယ်ဆိုရင်ပဲ ငတိက စတင်လှုပ်ရှား တော့သည်။ သူမဘေးသို့ ထိုငတိသည် သူ့ဖွေးခေါ်လို့ ရောက်လာသော ချစ်မ်ကုလားလို ရှိုရှိုလေး ကပ်လာသည်။

"ဝေလီ. . . အတန်းပြီးသွားပြီနော်"

ရှင် မျက်စိမပါဘူးလားဟု မေးလိုက်လျှင် ရိုင်းရာကျတော့မည်။ ဆလီတို့က ဒါမျိုး ဘယ်တော့မှမလုပ်။ အချိုသာဆုံးလေး ပြုံးပြလိုက် ကာ. . .

"ပြီးသွားပါပြီ. . . ဟို. . . ရှင်က"

သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်ပြီး လက်ညှိုးလေးထောင် ကာ မေးလိုက်တော့ ငတိမျက်နှာကြီး ပြုံးတက်လာကာ. . .

"သီဟစိုးထိုက်ပါ. . . ကျွန်တော် ဝေလီ့ကို. . ."

"ဪ. . . ဟုတ်ကဲ့၊ ကိုသီဟစိုးထိုက် ဘာကိစ္စရှိလို့လဲရှင်"

ငတိစကားကို ဖြတ်ပြောခြင်းခံလိုက်ရသောကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို . . . ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော် ဝေလီ အနားမှာ နေနေရရင် သဘောကျနေတဲ့ကောင်တစ်ကောင်ပါဗျာ"

ဝေတီ သူ့ဟာသူပြောပြီး သူ့စကားသူ သဘောကျသွားပုံရသည်။ အခုချိန်မှာ ငှက်ကြီးတောင်ဓားထုတ်ပေးလိုက်ရင်တောင် ကိုယ့်ကိုယ်ကိုယ် ဝေလီ့အတွက် တကယ်အဆုံးစီရင်ပစ်မည့်အနေအထားမှာရှိလေသည်။

ဝေလီ ခေါင်းကလေးတညိတ်ညိတ်လုပ်ပြီး ပြုံးပြုံးကလေး ဆက်လျှောက်လာလိုက်သည်။ ကိုယ့်ဘေးနားလိုက်နေမယ်ဆိုတော့လည်း နေပေါ့။ သူ့ခြေထောက်နဲ့သူ လိုက်တာပဲလေဟု တွေးထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူပါလာသည့်အတွက် ဝေလီ့ကို အချိန်အတိုင်းအတာ တစ်ခုအထိတော့ အနှောင့်အယှက် အန္တရာယ်ကင်းရှင်းသွားစေသည်။ အားလုံးကတော့ ယမင်းရုပ်က ခွေးဘီလူးဆွဲလာသလိုသာ မြင်ကြပါသည်။

သူမကန်တင်းထဲဝင်လိုက်တယ်ဆိုရင်ပဲ ဝေတီသည် ပျာပျာသလဲ ဖြစ်သွားပြီး ခပ်လှမ်းလှမ်းဝိုင်းမှ ခုံတစ်ခုံ အတင်းပြေးလုကာ သူမဘေး လာချပေးတော့၏။

"ဝေလီအတွက် . . . ထိုင်"

သူမထိုင်ချလိုက်သည်။ ထိုလူကတော့ မတ်တပ်ကြီးရပ် လျက်ပင်ရှိသေး၏။ ထမင်းစားချိန်တို့၏ ထုံးစံအတိုင်း စားပွဲက မလောက်၊ ခုံကမရှိနှင့် ကျောင်းသားများ အတော်ဒုက္ခရောက်ကြ၏။ ဒီကြားထဲ ကံကောင်းပြီး စားပွဲရလျှင်လည်း ခုံကမရဖြစ်တတ်သည်။ ခုံရလျှင်လည်း စားပွဲက မရှိဘဲ တဝဲလည်လည်ကြီးဖြစ်နေတဲ့လူတွေ တစ်ပုံတပင် တွေ့ရတတ်၏။

အဲဒီလိုအခြေအနေမျိုးမှာမှ ဒီကောင်ကမွှန်ပြီး ခုံကို တစ်ခုံတည်းသာ ပြေးရှာမိသောကြောင့် သူ့အတွက် ထိုင်ခုံနောက်တစ်လုံးရဖို့ ဆိုသည်မှာ မိုးပေါ်က အပ်တစ်စင်းနှင့် အဝီစိမှအပ်တစ်စင်း ထိတာထက်တောင် ခက်သွားရချေပြီ။

ဒါပေမယ့် ထိုပုဂ္ဂိုလ်သည် လွယ်လွယ်နှင့် လက်လျှော့သွားမည့် လူစားမျိုးတော့မဟုတ်ပေ။ တောင်ကြည့်မြောက်ကြည့်၊ ကျီးကြည့်၊ ကြောင်ကြည့်နှင့် ပေကန်ကန်ကြီး ရပ်နေလေသည်။ ဝေလီအနားမှာသာ နေနေရရင် မတ်တပ်လေဖြတ်သွားတောင် မှုမယ့်ပုံမမြင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသီဟစိုးထိုက်. . . ထိုင်လေ"

ခန္ဓာကိုယ် တုန်ခနဲ ဖြစ်သွားပြီး၊ ယောင်နနဖြစ်သွားကာထိုင်ချ လိုက်တော့သည်။ ပြီးမှ ခုံမရှိမှန်းသိသွား၍ ခန္ဓာကိုယ်ကိုမနည်း ဒလကြမ်း ထိန်းလိုက်ရကာ . . . .

"ဟီး. . . ဟီး. . . ဝေလီက နောက်တတ်သားပဲ"

သူ့ဟာသူတော့ ဖြည့်တွေးတတ်ပုံရပါသည်။

"ကိုသီဟစိုးထိုက်. . . ဒီအတိုင်းကြီးရပ်နေလို့ မကောင်းပါဘူး ရှင်၊ ခုံလေးတစ်ခုံလောက်တော့ ရှင်ရှာနိုင်မှာပါ"

'ရှင်ရှာနိုင်မှာပါ' ဆိုသော စကားကြောင့် ထိုငတိခန္ဓာကိုယ်သည် မတ်ခနဲဖြစ်သွား၏။ ခုံတစ်လုံးရလျှင် သူ့အတွက် သူရဘွဲ့ရတော့မလို ခံစားချက်မျိုး ချက်ချင်းဝင်လာကာ. . .

"စိတ်ချ. . . ငါ့ယ် အခုရအောင် ရှာပြမယ်"

ပြောပြီး လှစ်ခနဲ လှည့်ထွက်သွားတော့၏။ ဝေလီ အခုမှ သက် ပြင်းကို ဖြည်းဖြည်းလေးချပြီး ထိုစားပွဲမှ အသာလေး ထထွက်လာခဲ့လိုက် တော့သည်။ လူတွေကလည်း ရှုပ်ထွေးလွန်းသောကြောင့် သူမကို မည်သူမှ သတိမထားမိကြ၊ ဟိုငတိကတော့ ပင်လယ်မှာ ငါးသလဲထိုးအရှာထွက် သလို ခုံကို အတင်းမရမက ရှာပေတော့မည်။ ကံကောင်း၍ ခုံလေးတစ်ခုံ ရပြီး သူ့ဝိုင်းသူပြန်လာလျှင် ထိုဝိုင်း၌ တခြားကျောင်းသားတွေ ထိုင်နေ တာများတွေ့လျှင် ကိုယ်ယူလာသော ခုံနှင့် ကိုယ့်ခေါင်းကိုယ်ပြန်ရိုက်ခွဲ ပစ်လိုက်မလားတောင် မသိပေ။ ပြောလို့မရ. . .၊ တကယ်လုပ်ချင်လုပ် မယ့်လူ. . .။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း
## ချစ်သူ

ဝေလင်း ဒီနေ့ညကို ညဥ့်နက်မှ အိပ်ရာဝင်ရမည်ဖြစ်ကြောင်း သူဘာသာ သူနားလည်ထားသည်။ သူ့မှာ ဒီညရည်းစားစာနှစ်စောင် တောင် အပြီးရေးရလိမ့်မည်။ မပြီးလို့မဖြစ်။ အလုပ်လက်ခံထားသော နေ့က မနက်ဖြန်နောက်ဆုံးကျနေပြီ။ ဒါမျိုးဆိုတာက ကတိပျက်လို့မဖြစ်၊ တစ်ဖက်သား နစ်နာမှုရှိနိုင်၏။

ဝေလင်း သူရေးထားသောစာကို သူ့ဟာသူ နှစ်ခေါက်လောက် ဖတ်ပြီးမှ ကျေနပ်အားရသွားကာ အောက်က ပေးသူနာမည်ကို ထိုးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဝေလင်းက နာမည်လက်မှတ် အကုန် စီစဉ်ပေးသောကြောင့်ဖြစ်၏။ သူ့ဆီက ထွက်လာသော ရည်းစားစာဆို လှည့်ကြည့်စရာမလို၊ အပိုအလိုမရှိ တိကျ၏။ စာအိတ်ထဲထည့်၊ တစ်ခါတည်း ပေးလိုက်ရုံသာ။ ထိုသို့ အလုပ်အပ်သူတွေ စိတ်ချမ်းသာရအောင် လည်း သူ့ကြိုးပမ်းမှုကမနည်းပေ။ တစ်ကျောင်းလုံးနီးပါး ကျောင်းသူလှတ ပတလေးများ၏ စာရင်းနှင့် မေဂျာအလိုက် ကျောင်းသူတွေ၏ ကျော်ကြား သူများစာရင်းကို ရယ်ဂျစ်စတာလုပ်ထားရ၏။ နောက်ပေါက်၊ ရှေ့ပေါက်၊ ခေတ်လယ် အားလုံးမှ ကျော်ကြားသော ကျောင်းသူများစာရင်း သူ့ဆီတွင် အကုန်ရှိ၏။ သူကလည်း မေဂျာတိုင်းတွင် သူ့လို သူငယ်ချင်းတွေ တပုံ တပင်ရှိနေ၍ ဒါမျိုးက သူ့အတွက် အခက်အခဲမရှိ ပြေလည်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခေတ်တိုင်းတွင် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး၊ နမ်းရှိုက်မိသူ တုံးခနဲလဲသေနိုင်လောက်သည့် အဆိပ်များပြည့်ဝနေသော အဆိပ်ပန်းလှလှကလေးများ တစ်ဦးစ၊ နှစ်ဦးစ ပေါ်လာတတ်စမြဲပင်။ ဒီလို မီးတောက်မီးလျှံနှင့် ကစားရသလို ပူလောင်ပြီး အတိုင်းထက်အလွန် လျှမ်းလျှမ်းတောက် ကျော်ကြားသော ကောင်မလေးများဆိုလျှင် ဝေလင်းက ရှောင်သည်။ ထိုကောင်မလေးမျိုးနှင့် ပတ်သက်သည့် အလုပ်ဆို လုံးဝလက်မခံ။ အဘယ်ကြောင့်ဆိုသော် အလုပ်အပ်သော သူ့အလုပ်ရှင်လူအတွက် အလွန်အန္တရာယ်များသောကြောင့်လည်းဖြစ်ပြီး၊ နောက်တစ်ကြောင်းက ထိုကောင်မလေးမျိုးများနှင့် သူကိုယ်နှိုက်ကပင် ကင်းကင်းရှင်းရှင်း နေချင်သောကြောင့်ဖြစ်သည်။

ဒုတိယတစ်ချက်အနေနှင့်တော့ ရည်းစားရှိနှင့်ပြီးသား (သို့) ရည်ရွယ်သူရှိပြီးသား မိန်းကလေးမျိုးကိုလည်း သူကရှောင်သည်။ ဒါကတော့ ရှင်းပါသည်။ တစ်ဖက်သားစိတ်ဆင်းရဲလျှင် သူကိုယ်တိုင် ဝင်ရှုံလိုက်မှာစိုး၍ဖြစ်၏။ ထို့ကြောင့် သူ့ဆီအလုပ်အပ်သူများကို သူက ရမ်းသန်းလျှက် လက်မခံဘဲ အနည်းဆုံး တစ်ရက်အချိန်ပေးစုံစမ်းကာ ကင်းရှင်းကြောင်းတွေ့ရမှ အလုပ်ကို စတင်လက်ခံသည်။ ညာဏ်ပူဇော်ခကတော့ သတ်မှတ်ထားခြင်းမရှိပေ။ လုပ်ငန်းအကြီးအသေးပေါ်လိုက်ပြီး သူကယူ၏။ တစ်ခါတရံ ကိုယ်ကအိတ်စိုက်လိုက်ရတာတောင် ရှိသေးသည်။ သို့သော် ဒီလိုအလုပ်မျိုး သူအလွန်ပျော်၏။ ဒီလို တစ်လွဲဆံပင်ကောင်းပြီး အဲဒီလိုင်းဘက်မှာ သူမတူအောင် ထူးချွန်ခဲ့၍လည်း ပညာရေးဘက်တွင် မှန်မှန်တက်ကာ ယခုတော့ ဖိုင်နယ်ရီးယား(ပထမ)နှစ်သို့ရောက်ရှိလာပေပြီ။

သူ ဖိုင်နယ်ရီးယားစရောက်သောနှစ်တွင် အလွန်တရာ လျှမ်းလျှမ်းတောက်ကျော်ကြားပြီး မီးပန်းပွင့်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကောင်မလေးသုံးယောက် ဒဂုံတက္ကသိုလ်ကြီးတွင် ပေါ်ထွန်းလာခဲ့သည်။ ရူပဗေဒက အေမီ၊ *(Zoo)*က ယုဝတီနှင့် ဥပဒေမှ ဝေလီတို့ဖြစ်ပေသည်။ ထိုသုံးယောက်၏ ကိုယ်ရေးရာဇဝင်အကျဉ်း သူ့ဆီမှာရှိပါသည်။ အလမ္ပါယ်သမားကောင်းတစ်ယောက်အနေနှင့် ဘယ်မြွေ အဆိပ်ရှိသည်ဆိုတာ သိရအောင် မြွေတို့၏နောက်ကြောင်းရာဇဝင်ကို သိရမှ ဖြစ်သလို၊ သူ့အလုပ်ကလည်း အလမ္ပါယ်ပြနေသော မြွေဆိုးတို့သို့ပင်

www.burmeseclassic.com



အထူးသတိထားရ၏။ တစ်ချက်မှားလို့မရ။ တစ်ချက်မှားရင် တစ်သက်သွားရလိမ့်မည်။ ထိုမိန်းခလေးသုံးယောက်၏ နောက်ကြောင်းရာဇဝင်ကို လေ့လာလိုက်လျှင် တူညီသော အချက်သုံးချက်ရှိတာကို ဝေလင်းသွားတွေ့သည်။

ပထမအချက်က သုံးယောက်စလုံး အလွန်ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ပေါက်ဖွားလာကြခြင်းဖြစ်သည်။

ဒုတိယအချက်က သူမတို့၏ ထွန်းတောက်သောအလှအပတို့ကို လူအများရှေ့တွင် ဂုဏ်ယူဝင့်ကြွားစွာ လိုလိုချင်ချင် ပြသကြခြင်းဖြစ်ပြီး၊ ကိုယ်၊ နှုတ်၊ အမူအရာ သုံးပါးစလုံး အထူးလေ့ကျင့်ထားသလို အပိုအလိုမရှိ ပြေပြစ်ချောမောကြပေသည်။ တစ်နည်းဆိုရလျှင် သူတို့နှင့် ထိတွေ့ဆက်ဆံသူတို့ သွက်သွက်ခါသွားလောက်သည့် အလှအပအမူအရာမျိုးပင်။ သိပ်ကြောက်ဖို့ကောင်းပါသည်။

တတိယအချက်ကတော့ ဘယ်သောအခါမှ သူမတို့ဆီ ချဉ်းကပ်လာသော ယောကျ်ားတိုင်းအပေါ် ပစ်ပစ်ခါခါ ငြင်းလွှတ်ခြင်းမရှိ။ စိတ်ဆိုးစိတ်ညစ်ဟန်မပြဘဲ၊ သွေးအေးအေးလေးနှင့် ပညာပေးတတ်ခြင်းပင်။ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်၏ အမုန်းပွားမှုကို လုံးဝမခံလိုသော မိန်းကလေးများဖြစ်ကြသည်။

ဝေလင်း သူမတို့သုံးယောက်၏ အကြောင်းများကို ရနိုင်သလောက် စုထားပြီး၊ သူ့ထံ ထိုဟာမလေးများနှင့် ပတ်သက်ပြီး ရောက်လာသူများကိုလည်း အလိမ္မာနှင့် ငြင်းလွှတ်တတ်၏။ ကြောက်၍တော့မဟုတ်ပေ။ လုံးလုံး မပတ်သက်ချင်၍သာဖြစ်ပါသည်။

ဝေလင်း ဒုတိယရည်းစားစာတစ်စောင်ကို လက်စသတ်ကာ ကျေနပ်လောက်အောင် စစ်ဆေးပြီးမှ မီးကိုပိတ်၊ အိပ်ရာဝင်လိုက်တော့၏။ သူအိပ်တော့ ညသန်းခေါင်ကျော် နှစ်နာရီတောင် ထိုးလုနီးနေပါပြီ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

ဂျဂ်လားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသည် ပိုမို အားကောင်းလာကာ အရှေ့မြောက်ဘက်ကုန်းတွင်းပိုင်းသို့ ရွေ့လျားလျက် ရှိပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေဟာ တစ်နာရီကို မိုင် (၄၀)အထိ တိုက်ခတ်နိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်ဟုမိုးလေဝသဌာနက အသိပေးကြော် ငြာထားသောကြောင့် ဝေလင်းသည် ဒီနေ့ကျောင်းသို့အသွားတွင် သူ၏ တစ်ခုတည်းသောထီးကို ယူလာခဲ့လိုက်လေသည်။

ထိုထီးသည် သူ့အဖေလက်ထက်ကတည်းက ကိုင်ခဲ့သော ထီး ကောင်းထီးသန့်တစ်လက်ဖြစ်သည်ဟု သူက အမြဲဂုဏ်ယူနေတတ်စမြဲ။ ထီးက ယောက်ျားကိုင် ထီးကောက်ကြီးဖြစ်ပြီး၊ လက်ကိုင်ရိုးက အနှစ်နှစ် အလလက လက်ဆီတက်၍ ပြောင်လက်နေသည်။ ဝေလင်း ထိုထီးကြီးကို (၁၂)လရာသီတွင် တစ်ကြိမ် နှစ်ကြိမ်သာ ထုတ်သုံးတတ်သည်။ ကျန်တဲ့ အချိန်များတွင် သေတ္တာထဲ သေချာထည့် သော့ခတ်ထားတတ်၏။ သူ့တွင် ဒိုက်ဆံဘယ်လိုပြတ်ပြတ် ထိုထီးကိုတော့ ဘယ်တော့မှ ပေါင်မစားသေး။ အဲဒီလောက်အထိ သူ့ထီးအပေါ်မြတ်နိုးသည်။ သူ့အဖေ၏ သူ့အပေါ် ပေးခဲ့သော အမွေပစ္စည်းဆိုလည်း မမှားပေ။ အမွေပေးသည်ဆို၍ သူ့အဖေကြီး သေပြီမထင်လိုက်ပါနှင့်၊ ဒေါင်ဒေါင်မြည် သန်မာနေတုန်းပဲ ရှိသေးသည်။ ရွာမှာ ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောတောင်သူ အလုပ် လုပ်နေတတ်သူတစ်ဦးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းသည် ကျောင်းသားရေးရာရှေ့အရောက်တွင် ကျောင်းလခကြွေးကျန်စာရင်းကြည့်ရန် သတိရလိုက်ပြီး ရေးရာထဲသို့ ချိုးဝင်လိုက်သည်။ ထုံးစံအတိုင်း လူတွေက ရှုပ်ယှက်ခတ်နေသည်။ ဝေလင်း ပထမဦးဆုံး စတင်ကြုံတွေ့ရသော အခက်အခဲကတော့၊ သူ၏ ရှည်လျားနက်ပြောင်နေသော ထိုထီးကောက်ကြီးပင်ဖြစ်တော့၏။ ဟိုလူချိတ်မိ၊ ဒီလူဆွဲမိနှင့် ပွက်လောရိုက်ကုန်ကြပြီ။ ကြာလျှင်မလွယ်တော့မှန်းသိ၍ လက်မှဒီအတိုင်းကိုင်လာလို့တော့ မဖြစ်တော့မှန်း သူနားလည်လိုက်၏။ ထို့နောက် ထီးကို လွယ်အိတ် ဘေးလွယ်ကြိုးတွင် ပြောင်းချိတ်၍ လူအုပ်ထဲငါးဖယ်တိုး တိုးဝင်လိုက်၏။

လူတွေကလည်းကျပ်၊ ချွေးနံ့တွေကလည်း ပေါင်းစုံနှင့် ကျောင်းသားရေးရာ၏ လေထုညစ်ညမ်းမှုဒဏ်ကို ကြာတော့ ဝေလင်း ဘယ်လိုမှ မခံနိုင်တော့ပေ။ ဒါပေမယ့် ရောက်မှတော့ မထူးတော့ပြီမို့သာ သည်းခံဆက်စောင့်နေရသည်။ နောက်ဆုံး သူ့အလှည့်အရောက်၌ ကြွေးကျန်မေးလိုက်တော့ (၃)လတောင် ရှိနေလေပြီ။ ဝေလင်း လေပူတစ်ချက်မှုတ်ထုတ်ပြီး လူအုပ်ကြီးထဲမှ အတင်းတိုးထွက်လာခဲ့လိုက်တော့သည်။

ကော်ရစ်တာအပြင်ရောက်သည်နှင့် စစ်မှန်သော အောက်စီဂျင်ကို တစ်ဝကြီး ရှူရှိုက်လိုက်ရ၍ ပင်ပန်းသမျှ အတော်လေးသက်သာသွားသလို ခံစားလိုက်ရ၏။ ထို့နောက် အပြင်းတစ်ချက်ဆန့်ကာ လွယ်အိတ်မှထီးကို လှမ်းပြီးစမ်းကြည့်လိုက်သည်။

ဝေလင်းအသိဉာဏ်တွင် လျှပ်စီးလက်သလို ဝင်းခနဲ ဖြစ်သွားပြီး ဦးနှောက်က မိုက်ခနဲတောင် ဖြစ်သွားသည်။ သူ့လွယ်အိတ်ကြိုးတွင် သူ့ထီးနှင့်တူတာဆို၍ သွားကြားထိုးတံလောက်တောင် ရှိမနေတော့ပေ။ ဝေလင်း ပြာသွားသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကာ လွယ်အိတ်ထဲကိုသာ ဖြူးဖြဲရှာနေလိုက်တော့၏။ ရှာမယ့်သာရှာတာပါ သူ့လွယ်အိတ်က ထီးမပြောနှင့် ပေတံတောင် လုံအောင်မထည့်နိုင်တာ သူ့ဟာသူ အသိဆုံး။ ဝေလင်း သူ့ဦးနှောက်သူ အပြုတ်အလုပ်ပေးပစ်လိုက်သည်။ ဤထီး ဘယ်နားကျခဲ့သနည်း။ သူ့ခေါင်းတွေ ချာချာလည်နေပြီ။ နောက်ဆုံးတော့ ခုနလာခဲ့သည့် ကျောင်းသားရေးရာကိုသာ သုတ်ခြေတင်ခဲ့ရတော့သည်။

ဘုရား. . . ဘုရား. . . ခေါက်ထီးလေး ဘာမှမဖြစ်ပါစေနဲ့။ ဝေလင်း၏ ရင်ထဲမှာ ဒဂုံ-မန်းရထား (၁၀)စီးလောက် ခုတ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်က သူထွက်လာတုန်းကထက်တောင် ပိုများနေလေပြီ။ ဝေလင်း ကြမ်းပြင်ပေါ် ပြုံးပြပြီး ငုံ့ရှာသည်။ ဒီကြားထဲ ဖြတ်သွားဖြတ်လာများက သူ့ကို တိုက်သွားကြသေး၏။ မတတ်နိုင်၊ ကိုယ်အပူကို ကိုယ်သာသိ၏။

"ကြည့်ရတာ အပေါင်စာရွက်ပျောက်လို့ထင်တယ်"

"သူ့ကောင်မလေးပေးသွားတဲ့စာ ပျောက်တာလဲဖြစ်နိုင်တာပဲဟဲ့"

ခပ်လှော့လှော့ကျောင်းသူတစ်စု သူ့ကို လှောင်သွားကြသေး၏။ သူ ဘာကိုမှ ဂရုမစိုက်အား၊ သူ့ဦးနှောက်ထဲမှာ ထီးမှထီးပဲရှိသည်။

ကုန်းကုန်းကွကွနှင့် သည်းကြီးမည်းကြီးရှာနေသောသူ့ကို ကျောင်းသားတွေ သတိထားမိလာ၏။ သူလည်း နီးစပ်ရာကို လိုက်မေးကြည့်သည်။ အဖြေက အားလုံးတညီတညွတ်တည်း "လုံးဝမတွေ့. . ."

ဝေလင်း ဦးခေါင်းတစ်ခုလုံး ခဲသွားကာ ဇောချွေးတွေတောင် ပိုးပိုးပေါက်ပေါက် ကျလာလေပြီ။ သွားပြီ၊ အဖေ့အမွေပစ္စည်းလေးတော့ ဆုံးရှာပြီ။ ဝေလင်း ကိုယ့်ကိုယ်ကိုယ် ကြိတ်မနိုင်ခဲမရ ပြစ်တင်ရင်း ကျောင်းသားရေးရာမှ မျှော်လင့်ခြင်းမဲ့ခြေလှမ်းများနှင့် တစ်လှမ်းချင်း လှမ်းထွက်ခဲ့တော့၏။

မျက်ဝန်းရှေ့မှ မည်းမည်းသဏ္ဍာန် ရှည်ရှည်မျောမျောလေးကို မြင်လိုက်ရသည်နှင့် ဝေလင်းကျောထဲတွင် အလိုလို ဖျင်းခနဲ ကြက်သီးသသွားတော့၏။ အနှစ်နှစ်အလလ မြတ်နိုးတွယ်တာရသော ထိုအရာကို ဘယ်အချိန်ကြည့်ကြည့်မှတ်မိနေ၏။ ဒါသူ့ထီး၊ ကောင်မလေးတစ်ယောက် ကျောပိုးအိတ်နောက်တွင် ချိတ်ရက်ကလေး တွဲရလာင်းခို၍ ပါသွားလေသည်။ ဘယ်ကဘယ်လို အဖြစ်မျိုးကြုံ၍ ဤသို့ဖြစ်သွားမှန်းမသိရသော်လည်း ဒါ သူ့ထီးမှ သူ့ထီးအစစ်။ ဝေလင်း တောင်တောင်အီအီတွေ စဉ်းစားမနေအားတော့၊ ထိုကောင်မလေးထံ အတင်းပြေးလိုက်သွားတော့၏။

"ညီ. . . ညီမလေး. . . ခ. . . ခဏလေးရပ်ပါဦးဗျာ"

ကောင်မလေးက ရုတ်တရက်မကြားတာလား၊ မကြားချင်ယောင်ဆောင်တာလားမသိ၊ ဆက်လျှောက်သည်။

"ဟို. . . ဒီကညီမ. . . ဟိုးဒါးခင်ဗျ. . . ဟိုးဒါး"

ဒီတစ်ခါတော့ ကောင်မလေး သူ့ကိုလှည့်ကြည့်သည်။ ဦးမှ ဆစ်ဆင့် ခြေဖျားအထိကြည့်ပြီး ပြုံးပြုံးလေး တစ်ဖက်ပြန်လှည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့နေပြီ. . .။ ရည်းစားစကားပြောဖို့ လိုက်လာတယ်များ ထင်နေလားမသိပေ။ ဝေလင်း အချိန်ကို အကြာကြီးမဖြုန်းနိုင်တော့။

"ဒီမှာညီမ. . . ညီမကျောကုန်းက ထိက အစ်ကို့ထီးကြီး. . . အဲဒါ. . . ပြန်လိုချင်လို့"

ကောင်မလေး ဆတ်ခနဲရပ်သွားပြီး သူ့ကို မသက်မသာသလို တစ်ချက်ကြည့်၏။ နောက်တော့ တစ်စုံတစ်ခုကို အလေးအနက်တွေးနေပြီး လျင်မြန်စွာ သူမနောက် ကျောပိုးအိတ်ကို ဆွဲဖြုတ်ပစ်လိုက်တော့သည်။

"အဲ. . . အဲ. . . အဲဒါ. . . အစ်ကို့ဟာ. . . အဟီး'

ဝေလင်း ဒံပေါက်ထုပ်ရသော ခြံစောင့်တစ်ယောက်လို အပျော်လွန်သွားပြီး သူ့ထီးကို ပြေးဆွဲသည်။ ကောင်မလေးက ကြောင်စီစီလေးနှင့် သူ့ကိုကြည့်ပြီး. . .

"အဲဒါ. . . ရှင့်ထီးဟုတ်လား"

"ဟုတ်တယ် ညီမ. . . အစ်ကို့ထီး"

"ဟင်. . . ဒါဆို ရှင် သက်သက် ကျွန်မကို အရှက်ခွဲတာပေါ့"

ကောင်မလေးမျက်နှာ ချက်ချင်းရဲတက်လာကာ ဒေါသကြောင့် နှုတ်ခမ်းလေးတွေတောင် ဖျတ်ဖျတ်ခုန်လာလေသည်။ ဝေလင်းအခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်ပြီး အချိန်မီဇင်ထိန်းလိုက်ရ၏။

နှလုံးသားတစ်ခုလုံးဖျပ်ဖျပ်လူးသွားမတတ်ဖြစ်သွားမည်မှာ သေချာသော်လည်း ဝေလင်းကတော့ ထိုအလှအပတရားများကို ရင်ခုန်ဖို့ မပြောနဲ့ ပြင်းထန်သော မြွေပွေးဆိပ်ကဲ့သို့ကြောက်ရွံ့တုန်လှုပ်နေမိ၏။ လောကကြီးက တိုက်တိုက်ဆိုင်ဆိုင်ထိုကောင်မလေးနဲ့မှ သူ့ကိုလာရောက်ဆုံတွေ့ပေးလေသည်။ ဘာပြဿနာမှ တက်မသွားတာတောင်ကံကြမ္မာကိုအတော်ကျေးဇူးတင်လှပြီဖြစ်၍ ဝေလင်းတစ်ယောက်သက်ပြင်းချကာ လှည့်ထွက်ခဲ့လိုက်တော့၏။

သူဆုံတွေ့ခဲ့ရသော ကောင်မလေးကို သူကောင်းကောင်းသိပါသည်။ အဆိပ်ပန်းဆုံးပွင့်တွင် တစ်ပွင့်အပါအဝင်ဖြစ်သော ဉပဒေမှ ဒေး လီပင်ဖြစ်တော့၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဝေလီရယ် . . . နင့်အစား ငါရှက်လိုက်တာဟာ . . .။ နင်ကလည်း ဒီထီးကြီးတစ်လက်လုံး ကိုယ့်ကျောနောက်ပါလာတာမသိဘူးလားဟ"

"ငါလည်း လုံးဝသတိမထားမိဘူးဟဲ့ . . . ငါ့နောက်က သူရဆိုတဲ့လူ အတင်းလိုက်နေလို့ အတင်းမျက်ခြည်ဖြတ်ချင်တာနဲ့ ကျောင်းသားရေးရာဘက်က ပတ်ထွက်လာတာဟာ . . . ငါလည်း အဲဒီလူမျက်ခြည်ပြတ်သွားရင် ပြီးရောဆိုပြီး စိတ်လောနေလို့ မသိလိုက်ဘူးဟယ်"

"နင့်ကို ထီးလိုက်တောင်းတဲ့လူကိုရော နင်သိလား"

"ဟင့်အင်း . . . ငါတစ်ခါမှ မမြင်ဖူးဘူး"

"ဘယ်လိုပုံစံလဲဟေ့"

မိန်းမတွေမျာ အတော်စပ်စုချင်ကြသည်။ တီကောင်တိုးကောင်လိုအပ်လျှင် အထီးအမခွဲခြားပြဖို့ ဝန်လေးကြသူများမဟုတ်ပေ။

"ပုံစံကတော့ အူကြောင်ကြောင်ဟဲ့ . . . ရုပ်တော့မဆိုးပါဘူးဒါပေမယ့် သဘောတော့ကောင်းမယ့်ပုံဟ"

"နင့်နောက်က သူ့ထီးကြီးပါလာတာပဲ . . . သဘောကောင်းတဲ့လူဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"သူထီးပါလာတယ်ဆိုပေမယ့် . . . သူ့အပြစ်ပဲပြောလို့မရဘူး ဟဲ့ . . . ငါကိုယ်နှိုက်ကလည်း အဲဒီအချိန်မှာ ဟိုလူကြောင့်တော်တော် စိတ်ညစ်ပြီး ဗျာယာခတ်နေတာဟ"

"နင် အဲဒီလိုလိုက်တောင်းခံရတော့ မရှက်ဘူးလား"

မေးခွန်းများကို ထောင့်စေ့ကွက်စေ့မေးနေသော ထိုကောင်မ လေးကို ဘွဲ့ရပြီးလျှင် မြဝတီရုပ်မြင်သံကြားဌာနတွင် အလုပ်သွားလျှောက် ဖို့တောင်တိုက်တွန်းသင့်သည်။ ဝေလီကလည်း မညည်းမညူထိုင်ဖြေပေး ရှာသည်။

"ရှက်တာပေါ့ဟ . . . ဘာပြောကောင်းမလဲ၊ ငါ့မျက်နှာတွေ ဘာတွေထူပူသွားတာပဲသိလား . . .၊ ဒါပေမယ့် ဘယ်ရမလဲ သူတို့ရှေ့ မှာငါရှက်ပြနေရင် ညံ့ရာကျသွားမှာပေါ့ဟဲ့ . . . ဒီလိုပဲဟန်ဆောင်နေရ တာပေါ့"

မေးစရာမေးခွန်းကုန်သွား၍ထင်သည်။ သာလိကာမလေး ပါးစပ်ပိတ်သွားကာ သူမဘေးမှာချထားသော ရေသန့်ဘူးကိုဂွတ်ခနဲတစ် ချက်မော့သောက်ချလိုက်၏။ ဩော် . . . ရေတောင်ဆာတတ်သွားပြီကိုး၊ သနားဖို့တောင်ကောင်းနေသေးသည်။

ရေသောက်ပြီးနောက် ထိုကောင်မလေးဂပဲ သူမပါးစပ်နားပေ နေသည့်ရေစက်များကို လက်ခုံနှင့်သပ်ပြီး ဝေလီ့ကိုကြည့်ကာ . . .၊

"လာဟယ် . . . ကန်တင်းသွားရအောင် ဒီအချိန် Class မရှိ ဘူးထင်တယ် . . . အခုထိဆရာလည်း မလာသေးဘူး"

ဝေလီကလည်း သိပ်မလိုက်ချင်ပေ . . .၊

"ကောင်းသားပဲ"ဟုပြောပြီး . . .၊

ကျောပိုးအိတ်ကိုဆွဲ၍ငေါက်ခနဲထရပ်လိုက်သည်။ ထို့နောက် ကျောပိုးအိတ်၏အတွင်းအိတ်ထဲမှ မိတ်ကပ်ဘူးကိုထုတ်၍ မျက်နှာအနေ အထားကို တစ်ချက်စစ်လိုက်၏။ ကျေနပ်အားရသွားတော့မှ နှုတ်ခမ်းနီ ဆိုးတံကိုထုတ်၍ တစ်ချက်နှစ်ချက်ဆွဲလိုက်သည်။ နှုတ်ခမ်းကို အထက် အောက်နှစ်ခါလောက် ပိတ့်ချည်ဖွင့်ချည်လုပ်ပြီး အားရသွားမှ ဆံပင်ကို စစ်သည်။ အားလုံး အားရပါးရှိသွားတော့မှ ခါးမှအကျႌကိုတစ်ချက်ဆွဲ ချ၍ပြုပြင်ပြီး စစ်မြေပြင်ထွက်တော့မည့် လက်နက်အပြည့်တပ်ဆင်ထား သော စစ်သည်တစ်ဦးလိုကြော့ကြော့မော့မော့ထွက်လာလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေဘာက်မှ အင်္ဂလိပ်စာအဆောင်တွေဘက် လမ်းပေါ်သို့ ချိုးချလိုက်သည်နှင့် နောက်ဆုံးပေါ်ကားတစ်စင်းပေါ်တွင် ထိုင်နေသော ငတိတစ်ယောက် ဖုတ်ခနဲဆင်းလာတာတွေ့လိုက်ရ၏။ သဘာဝက ပေးသော အတတ်ပညာကြောင့် မကြာမီအချိန်အတွင်း ပွဲငယ်လေးတစ်ခု ဆင်နွှဲရတော့မည်ဆိုတာကို အလိုလိုသိလိုက်ရ၏။ ထင်သည့်အတိုင်း သိပ်မကြာလိုက်ပါ . . . ခုန ပုဂ္ဂိုလ်သူ့နားကပ်လာပါသည်။

"ကျွန်တော် . . . စောင့်နေတာတော်တော်ကြာသွားပြီဗျ"

လေသံက နည်းနည်းပိုင်စိုးပိုင်နင်းပုံစံပေါက်နေသည်။ သူ့ပဲ ကိုယ်က စောင့်ခိုင်းထားသလိုလိုနှင့်အဝင်ပိုင်းကိုစဖွင့်သည်။ ထိုပုဂ္ဂိုလ် ကိုသူမတစ်ချက်အကဲခတ်လိုက်၏။ အသားဖြူဖြူ မေးရိုးသွယ်သွယ်နှင့် တော်ရုံမိန်းကလေးကျလောက်သည့် ရုပ်ရည်ကို ပိုင်ဆိုင်ထားပါသည်။ ထူထဲသာမျက်ခုံးတို့က ကိုယ့်ကိုယ်ကိုယုံကြည်မှုလွန်ကဲနေသည့်လက္ခဏာဟုသူမမှတ်ယူမိသည်။ ထိုတဒင်္ဂအတွင်းမှာပင် သူမထိုသူ့အပေါ် အကဲခတ်သုံးသပ်ပြီးသွားပြီ၊ ထိုငတိသည် ကိုယ့်ကိုယ်ကိုယ်အထင်ကြီး လွန်းနေသော လူအမျိုးအစားတွင်ပါဝင်နေသည်။ ထိုလိုလူမျိုးကို ဘယ် လိုကိုင်ရမည်ဆိုတာ သူမကောင်းကောင်းကျွမ်းကျင်ပါသည်။

"အားနာစရာရှင် . . . ဒါပေမယ့် ကျွန်မရှင့်ကိုမစောင့်ခိုင်းမိ ဘူးထင်တယ်နော်"

"ဟုတ်ပါတယ် . . . မစောင့်ခိုင်းပါဘူး . . . ဒါပေမယ့် ကိုယ် ကိုယ်၌ကိုက မင်းလာရာလမ်းမှန်သမျှ သိမ်းပိုက်ချင်နေမိတာပါ"

ဇာတ်ညွှန်းတစ်ခုဆိုလျှင် တော်တော်အဖိုးတန်မည့်စကားလုံး မျိုးဖြစ်သော်လည်း သူမအတွက်တော့အချည်းနှီးသာ . . .၊ ဒါပေမယ့် သူမလှပစွာ တစ်ချက်ပြုံးပြီး . . .

"အဲဒီလောက်တောင် ကြိုးစားရသလားရှင် . . . ကျွန်မက နတ် သမီးမှမဟုတ်တာ"

ခပ်ညည်းညည်းလေးပြောလိုက်သော သူမအမူအရာကြောင့် ထိုငတိ အပျော်လွန်ပြီး ဖင်ဒရွတ်သိသွားကာ . . .

"အိုး မင်းလေးဟာ နတ်သမီးတစ်ပါးထက်သာပါတယ် ခုထိ . . . မင်းကိုသာ အမြဲမြင်နေခွင့်ရှိမယ်ဆိုရင် ကိုယ့်ဘဝမှာ ထာဝရ ဟင်းတောင် အပရိုက်ပါဝေလီရယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကျက်ထားရပုံရသော ဒိုင်ယာလော့တွေကို တစ်လုံးမကျန် အမှားအယွင်းမရှိအောင် အန်ချပြတော့သည်။ ဝေလီ လမ်းလျှောက်နေရာမှ ရုတ်တရက်ရပ်လိုက်ပြီး . . .

"ရှင် တကယ်ပြောတာလား"

ဟိုငတိ ကြောင်တောင်တောင်ဖြစ်သွား၏။ သို့သော် ချက်ချင်း ပဲ . . . .

"တ . . . တကယ် . . . တကယ်ပါ ဝေလီ"

ပြောပြီး သူမအဲဒီလူရှေ့က ချာခနဲလှည့်ထွက်ခဲ့လိုက်တော့၏။ သူမဘေးနားပါလာသည့် သာလိကာမဆွေဆွေဦးကတော့ ရင်တမမနှင့် ဆတ်တောက်ဆတ်တောက်ပါလာတော့၏။

ဟိုလူကတော့ လက်ထဲမှ စာတ်ပုံလေးကိုကိုင်ရင်း လမ်းလယ် တောင်ကြီးတွင် ကြောင်တောင်တောင်ကြီးရပ်ကာ ကျန်ခဲ့လေတော့သည်။ သူ့ဘဝသူလည်း အတော်လေးနားလည်သဘောပေါက်သွားပုံတော့ရပါ သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com


"ဟေ့ကောင်ဝေလင်း . . . မင်းကထီးကြီးတကားကားနဲ့ ဘာအရှုးထလာလဲ . . .

ပြကားနေသော အသံသြသြကြီးကိုကြားလိုက်ရကတည်းက တခြားဘယ်သူမှမရှိ၊ အောင်သန်းကြီးပဲဖြစ်မည်ဆိုတာ ဝေလင်းတွက်မိလိုက်သည်။ အသံလာရာကဲန်တင်းအတွင်းသို့ဝင်လိုက်၍ . . .

"အေးကွာ . . . ငါလည်းမနက်က မိုးရွာမယ်ထင်ပြီး ယူလာတာတောက် . . . မိုးက မရွာဘူးကွ"

"အောင် . . . အောင်မလေး . . . မလုပ်လိုက်ပါနဲ့ကိုယ့်လူရယ်. မင်းထီးယူလာတာနဲ့မိုးကိုတော့ အတင်းမရွာခိုင်းလိုက်ပါနဲ့ကွာ. . . တခြားသူတွေ ဒုက္ခရောက်နေပါဦးမယ် . . . ငါ့မှာလည်းထီးမပါဘူးကွ"

"သူ့စားပွဲထိုးလေးကို ကျဆိမ့်တစ်ခွက်လှမ်းမှာလိုက်ကာ . . .

"ဒါနဲ့ . . . မင်းကောင်နှစ်ကောင်ရော . . . "

"ဘယ်ကောင် နှစ်ကောင်လဲ"

"ဟို . . . ဘာလဲကွာ၊ တစ်နေ့က ငါ့ကိုစာရေးခိုင်းသွားတဲ့ နှစ်ကောင်ကွာ"


www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အေးလာလိမ့်မယ် . . . မင်းရေးပြီးသွားပြီလား"

"ပြီးပြီပေါ့ကွ . . . ရယ်ဒီပဲ . . . ပေးရုံပဲ"

ရေနွေးတစ်ခွက်ကို ပလုတ်ကျင်းလိုက်ရင်း အောင်သန်းကြီး မြန်ပြောသောစကားကိုနားထောင်နေလိုက်သည်။

"မင်းကိုတော့ ယုံကြည်ပါတယ်ကွာ . . . မင်းက ဒါမျိုးဆိုကံ သိပ်လိုက်တဲ့ကောင်ပဲကွ . . . ဇက်ံန္တ၊ မင်းအရင်ဘဝက မြားနတ်မောင် ဖြစ်ခဲ့လားမသိဘူး သိလား"

"ဖြစ်ချင်ဖြစ်နေမှာပေါ့"

အောင်သန်းကြီးစကားကို အေးအေးဆေးဆေးတုံ့ပြန်လိုက်ရင်း လမ်းမဘက်မှာ မီးသွေးအိတ်သဏ္ဌာန်တစ်ခုလွင့်လာသလိုမြင်လိုက်ရ၍ သူ့အကြံတစ်ခုရသွားကာ . . . .

"ဟော့ကောင် . . . စိန်ကုလား . . . ဟေ့ . . . ဖြောင်း . . ဖြောင်း ဟော့ကောင် . . . စိန်ကုလား"

အသံကို ခုနစ်ဆိုင်ကြား၊ ရှစ်ဆိုင်ကြား ကုန်းအော်လိုက်၍ ကိုယ်တော်ချောက ကြားသွားလေသည်။ သူ့ကိုလှမ်းခေါ်သူကို အကဲခတ်၍ ဆိုင်ထဲဝင်လာ၏။

"လာပါကွ . . . မင်းကထိုင်ပါဦး . . ဘယ်သွားမလို့လဲ"

"ငါ . . . ဆူစီလားဆီသွားမလို့ကွ"

"ဟန် . . ."

"အဲ . . . ဟို . . . ဓာတုဗေဒက အေးအေးသန်းလေ . . . ဆူစီ လား . . . ငါ့ချစ်ချစ်"

"ဩော်အေး . . . နောက်မှသွားကွာ . . . ငါမင်းကို အကူအညီ တစ်ခုတောင်းချင်လို့ လုပ်ပေးစမ်းပါ"

စိန်ကုလား မျက်နှာတစ်ချက်တည်သွားပြီး . . .

"ဘာလဲကွ . . . ငါ့မှာ ဒီနေ့ပိုက်ဆံသိပ်မပါဘူးနော်"

"ဟာ မင်းကလည်း ငါ့မြင်တိုင်းပိုက်ဆံချေးမယ် အောက်မေ့ နေလား . . . ဒီလိုကွာ . . မင်းတို့အိမ်မှာ လျှပ်စစ်မီးပူအပျက်တွေ ဘာ တွေရှိရင် ငါ့ကိုပြန်ရောင်းပါလားကွာ . . . ငါတန်ရာတန်ကြေးပေးဝယ် ပါ့မယ်၊ ငါ့မှာမီးပူမရှိလို့ပါ"

စိန်ကုလားတို့က ပစ္စည်းအဟောင်းဝယ်ရောင်းဆိုင်ဖွင့်ထား၍



www.burmeseclassic.com

www.burmeseclassic.com



မ်းကြည့်လိုက်ခြင်းဖြစ်သည်။ သူတို့က 'ဝယ်ရောင်းတင်မဟုတ် အခြေအနေကောင်းလျှင် အပေါင်ပါခံသည်။

"မင်းက ဘာလုပ်မလို့လဲ"

"ငါလိုချင်လို့ပေါ့ကွ"

"ဟင် ● . အပျက်ကြီး . . ဘာသုံးရမှာလဲကွ"

"ဟာ . . . အပျက်ကြီးတော့ ဘယ်သုံးမလဲကွ . . . ပြင်သုံးမှာပေါ့"

"အသစ်ဝယ်လိုက်ပေါ့ကွာ မင်းကလဲ"

ဝေလင်းက သူ့မျက်နှာကို ထမင်းတစ်လခန့်ငတ်သည့်ရုပ်ပေါက်အောင်မနည်းလုပ်ယူ၍ . . .

"ငါ့မှာ အဲဒီလောက်ပိုက်ဆံမရှိလို့ပေါ့ စိန်ကုလားရာ. . ."

စိန်ကုလား၊ ဝေလင်း အမူအရာကိုကြည့်ပြီးအတော်သနားသွားလေသည်။

"ဒါဆိုလည်း အစုတ်တော့မယူပါနဲ့ကွာ . . . ငါ့မှာ မီးသွေးမီးပူအဟောင်းတစ်လုံးရှိတယ် . . . ၊ အဲဒါယူသုံးကွာ"

ဝေလင်း မျက်လုံးတစ်ချက်တောက်တက်လာပြီး . . . .

"မင်း . . . တကယ်ပြောတာလား စိန်ကုလား"

စိန်ကုလား ခေါင်းညိတ်ပြလိုက်တာ တွေ့လိုက်ရသည်။

"ငါ ဘယ်လောက်ပေးရမလဲဟင်"

"စိန်ကုလားမေးစေ့ကို လက်နဲ့ပွတ်ပြီး အလေးအနက်စဉ်းစားတာ . . . ။

"တစ်ပြားမှ မပေးနဲ့ကွာ . . . ငါ့ကို ဆူစီလားအတွက်တိုတိုလေးနဲ့ထိသွားမယ့် ရည်းစားစာတစ်စောင်ရေးပေး"

" OK မင်းစိတ်အေးအေးထားတော့ စိန်ကုလား"

စိန်ကုလားပြုံးပြုံးပြုံးပြုံးနှင့် ထွက်သွားတော့သည်။ အောင်သန်းကြီးက သူ့ကိုတစ်ချက်ကြည့်၍ . . .

"နေပါဦး . . . ၊ မင်း ဒီကောင့်ကို တမင်သ က်သတ်တော့ခေါ်ပြီး မီးပူအပျက်ကို မင်းလိုကောင်မျိုးက တကူးတကခေါ်မတောင်းဘူး . . . မင်းအကြံတစ်ခုရှိရမယ် . . . မှန် မှန်ပြောစမ်း"

ဝေလင်း ရယ် ကျဲလုပ်လိုက်ပြီး . . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ငါ့အကြောင်းအကုန်သိနေတော့ ပြောရတော့မှာပေါ့ကွာ . . . လွန်ခဲ့တဲ့အပတ်က ငါတို့အဆောင်ကလူ ဘိုင်ပြတ်ပြီး ဒီကောင်တွေဆိုင်မှာ သူ့ကြေးမီးပူကြီးသွားရောင်းတာငါသိထားတယ်ကွ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ . . . ဒီလူ အခုငွေပြန်ထောနေပြီလေ . . . အခုငါ စိန်ကုလားဆီက ဒီမီးပူရရင် သူ့ဆီဈေးပြန်တင်ရောင်းလိုက်မှာပေါ့ကွ"

"ဟော့ . . . ဟိုက သူ့မီးပူမှန်းသိသွားမှာပေါ့"

"သိသိပေါ့ကွာ . . ဘာဖြစ်လဲ၊ ငါပြန်ဝယ်လာတာလို့ပြောလိုက်မှာပေါ့၊ မင်းလိုချင် အရင်းအတိုင်းပြန်ယူဆိုပြီး ပေးလိုက်မှာပေါ့ကွ . . နောက်ပြီး အဲဒီမီးပူက သူ့အဘွားလက်ထက်ထဲကဆိုလားပဲ ရှေးဟောင်းပစ္စည်းစာရင်းဝင်ကွ . . . ဒီကောင်ယူကိုပြန်ယူမှာ ကျိန်းသေတယ် . . နောက်ပြီး စိန်ကုလားဆီမှာလည်း အဲဒီလိုမီးပူဆိုလို့ သူ့ဟာပဲရှိမှာပဲ မှားစရာအကြောင်းမရှိဘူး"

အောင်သန်းကြီးက အထွန့်တက်ကြည့်သည်။

"တကယ်လို့ အဲဒီအကောင်က ပြန်မယူရင်ရောကွာ . . ကဲ"

ဝေလင်း သူ့ရှေ့စားပွဲကို တတောက်တောက်ခေါက်ရင်း . . .

"အလကားရတဲ့ဟာပဲကွာ . . . နောက်ဆုံးသူမယူလည်း ငါသုံးလိုက်ရုံပေါ့ကွာ . . . ငါ့မှာမီးပူမှ အခုထိမရှိသေးတာ"

"ကောင်းကွာ . . . မင်းလောက်လည်တဲ့ကောင် ငါမတွေ့ဖူးသေးဘူး . . . ငါတောင်မင်းနဲ့ပေါင်းရမှာကြောက်လာပြီဝေလင်းရာ"

ဝေလင်းက အောင်သန်းကြီးပခုံးကိုတစ်ချက်ပုတ်လိုက်ရင်း . .

"ငါမင်းကိုတော့ အဲဒါမျိုးဘယ်လုပ်ပါ့မလဲ၊ အောင်သန်းရာ . . ကဲ . . ကဲ . . . မင်းကောင်လေးတွေလာရင် ငါအတန်းမှာပဲရှိမယ်၊ အဲဒီကိုခေါ်ခဲ့ . . . . လက်ဖက်ရည်ဖိုးတော့ တစ်လက်စတည်းမင်းပဲရှင်းလိုက်တော့ကွာ"

ပြောပြီး လန်ဒန်တစ်လိပ်ပါ ခပ်တည်တည်နှင့်ယူကာ ထထွက်သွားတော့၏။ အောင်သန်းကြီး၏ တစ်တစ်ခွခွဆဲသံသည် ဝေလင်းနောက်သို့အမီလိုက်လာလေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ၃

ဒီနေ့လည်း ရွာချန်ရာနှုန်း(၈၀)ရှိသည်ဟု ညက(TV)သတင်းတွင် ကြည့်လိုက်ရသောကြောင့် သူ ဒီထီးကိုဒုက္ခခံပြန်သယ်လာရပြန်သည်။ ဒီတစ်ခါတော့ ထီးကောက်ကို ပခုံးမှာချိတ်ထားလိုက်၏။ ဒီနေ့တော့ ဝေလင်းတို့ပုဆိုးအသစ်နှင့်ကိုဖိုးချစ်ဖြစ်နေပြီ။ စိန်ကုလားဆီမှရသောမီးပူကို အဆောင်ကလူထံ ဈေးတင်ရောင်း၍ရသောပိုက်ဆံနှင့် ပုဆိုးအသစ်တစ်ထည် သူ့အတွက်အဖတ်တင်သွား၏။ သူများပစ္စည်းခိုးဝတ်တာမဟုတ်သောကြောင့် ထိုပုဆိုးကိုရေမချမီ ဒီနေ့စမ်းဝတ်လာခဲ့သည်။

ပုဆိုးအသစ်တို့၏ ထုံးစံအတိုင်း ဟိုနားထောင်ထောင်၊ ဒီနားထောင်ထောင်နှင့်အတော်လေးကိုးရိုးကိုးရားနိုင်လှ၏။ ပုံစံမကျ၍လည်း ခဏခဏပြင်ပြင်စည်းရတာအမော၊ တစ်ခါတစ်လေ ဘေးကလိုင်းကားကြီးတွေဖြတ်သွားတုန်းများ ပုဆိုးပြင်ဝတ်လိုက်မိပါက အတော်ကလေးထိန်းရသိမ်းရခက်သွားရ၏။ လေအဟုန်မှာ ပါသွားသောပုဆိုးကိုအောက်ခြေလွတ်အောင်လည်းလိုက်ထိန်းရပြီး အထက်ကလွတ်ထွက်မသွားအောင်လည်း မနည်းကိုင်ထားရသေးသည်။ ခန္ဓာကိုယ်က ပုဆိုးသယ်ရာ[illegible] သင့် လိုက်ပြေးပေးနေရ၏။ တယ်မလွယ်သည့် ပုဆိုးအသစ်[illegible] သော်၊ သူပျော်နေသည်။ နှစ်နှစ်တာကာလအတွင်း သူ့ဆီ[illegible] လာသော အသစ်[illegible]စက်ပစ္စည်းလေးဖြစ်၍ စိတ်အညစ်[illegible] နိုးဝတ်ဆင်လာ[illegible]င်းလည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလင်း
ချစ်သူ

လမ်းလျှောက်နေရင်း ကျောင်းအလယ်အဝိုင်းကိုအနည်းငယ် ကျော်လာလိုက်သည်နှင့် ခါးမှပုဆိုးသည်လျှော့ခနဲဖြစ်သွားတာကိုသတိ ထားမိလိုက်၏။ ဘေးဘီတစ်ချက်ကြည့်လိုက်သည်။ အဝိုင်းပတ်ဝန်းကျင် တွင်ဓာတ်ပုံရိုက်ခံနေသော ကျောင်းသူတချို့နှင့် လမ်းသွားလမ်းလာတချို့ မှလွဲ၍ အခြေအနေအားလုံးအေးအေးဆေးဆေးပင်၊ သူစိတ်ချလက်ချ ပုဆိုးကို ပြင်စည်းလိုက်သည်။ ဝတ်ပြီးမကြာမီ ပြန်ကျွတ်သွား၏။ သူဒီ တစ်ခါ ခါးပုံစကိုသုံးပတ်လောက်ရစ်ပြီး ချည်ပစ်လိုက်၏။ ထိုအခါ ပုဆိုးရှေ့အောက်နားစက အထက်သို့ တစ်ထွာလောက်စုပြီးတိုတက်သွား သည်။ ဒါလည်းမဖြစ်သေး၊ ပုဆိုးကိုပြန်ဖြေပြီး ဒီတစ်ခါ စိမ်ပြေနပြေ စည်းလိုက်တော့၏။ ဒီတစ်ခါတော့ အရာအားလုံးအဆင်ပြေသွားလေပြီ။ သူခါးကိုကော့၊ ခေါင်းကိုမော့ပြီး ဆက်လျှောက်ရန် ခြေတစ်လှမ်းစ အလှမ်း မှာပင် . . . .

"ဖြန်း"

"ဝေါ . . ."

"ဟင်"

သွားပြီ၊ သူ့ပုဆိုးတစ်ခုလုံးကို အတုံးလိုက် အတစ်လိုက် လာ ကပ်နေသော ရွှံ့ဗွက်တွေကိုကြည့်ရင်း . . . သူ ဒေါရမ်းအုံ့သြသွား၏။ နောက်တော့ ဒေါသတကြီးတောက်ခေါက်ပစ်လိုက်ကာ တစ်ယောက် တည်း ဆွေ့ဆွေ့ခုန်ကာကျန်ရစ်ခဲ့ပေတော့သည်။ သူ့ကိုပွတ်ဆွဲသွားသည့် ကားကတော့ မီးခိုးတောင်မမြင်ရတော့ပေ။ ရှိစေတော့ . .

ပုဆိုးကရေစိုသွား၍ သွားရလာရတာ သိပ်မကောင်းတော့၊ တစ်ချက်တစ်ချက်တုပ်ပြီးလဲမလိုလိုတောင်ဖြစ်ဖြစ်သွားသေးသည်။ ဝေလင်းတစ်ယောက် ထိုသို့အဆင်မပြေဖြစ်တိုင်း ခုနကားကိုပဲစိတ်ထဲက ကျိန်ဆဲနေမိတော့၏။

ဥပဒေအဆောင်ဘက်မှ အင်္ဂလိပ်စာဘက်သို့ဖြတ်အကူးတွင် သူ့မျက်ဝန်းထဲ ကားတစ်စီးရပ်ထားတာကို တန်းခနဲတွေ့သည်၊ ဒဂုံတက္က သိုလ်လိုနေရာမျိုးတွင် ကားတစ်စီးရပ်ထားသည်မှာအဆန်းမဟုတ်သော် လည်း ဝေလင်းအတွက်တော့ အဆန်းတကြယ်ဖြစ်သွားရ၏။ အဲဒီကားကို သူအသည်းစွဲအောင်မှတ်မိသည်။ သူ့ကိုဒုက္ခပေးသွားသည့်ကား၊(ကားသည်း မဟုတ်)ပွတ်ဆွဲသွားသည့်ကားပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းတစ်ကိုယ်လုံး ဒေါသထောင်းခနဲထွက်သွားပြီး လမ်းဘေးဝဲယာတစ်ချက်ကြည့်ကာ ထိုကားနားသို့ အလျှင်အမြန်ချဉ်းကပ်ပစ်လိုက်သည်။ သွက်လက်မြန်ဆန်သော သူ၏လှုပ်ရှားမှုများကြောင့် နောက်ကားဘီးသည် (၁၀)မိနစ်အတွင်း လေတစ်စက်မှမရှိတော့ပေ။ ကျေနပ်အားရစွာတစ်ချက်ပြုံး၍ လက်နှစ်ဖက်ကို အချင်းချင်းရိုက်ခါ အေးအေးလူလူထွက်လာခဲ့လိုက်တော့၏။ အခုမှ လုပ်ချင်တာလုပ်လိုက်ရ၍ စိတ်ထဲအတော်နေသာထိုင်သာရှိသွားလေတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

မိုးလေဝသခန့်မှန်းချက်က ဒီနေ့တော့ မှန်သွားလေပြီဟုဆိုရပေမည်။ နေ့လယ်နှစ်နာရီကျော်လာသည်နှင့် ကောင်းကင်တစ်ခွင်လုံးမည်းတက်လာကာ မကြာမီမိုးကြီးလေကြီးကျတော့၏။ မိုးတင်မဟုတ်လေပါအလွန်ကြမ်း၍ ကျောင်းခန်းတံခါးတွေတောင်အကုန်ပိတ်ထားရသည်။ အပြင်မှာလမ်းလျှောက်လျက်ရှိနေသေးသော ကျောင်းသားများနှင့်ကန်တင်းမှထလာသောသူများ ချက်ချင်းကြွက်စုတ်လေးတွေဖြစ်ကုန်ကြလေသည်။ မိုးကအလွန်သည်းပြီးအလွန်ပက်သဖြင့် ကော်ရေတာမှတောင်ထွက်မရပ်နိုင်ဘဲ အခန်းတွေထဲအကုန်စုပြုံဝင်နေရလေသည်။ ကျောင်းသားတွေတဝုန်းဝုန်း၊ မိုးကတချုန်းချုန်းနှင့်စာလည်းကောင်းကောင်းသင်မရတော့ပေ၊ သင်လည်းမိုးသံလေသံနှင့် ဘာမှသဲသဲကွဲကွဲမကြားရသောကြောင့်စာသင်ခြင်းခဏရပ်ထားရ၍ လွတ်လပ်ရေးရနေကြ၏။

www.burmeseclassic.com



ဝေလီဝေလင်း
ချစ်သူ

အပေါ်ထပ်လှေကားထောင့်လေးတွင် ကုတ်ကုတ်ကလေးထိုင်နေသောသူ့ကို ဘယ်ကထွက်လာမှန်းမသိသောအောင်သန်းကြီးကတွေ့သွားလေသည်။

"ဟာ . . . ဝေလင်းရှာလိုက်ရတာ ဝေလင်းရာ . . . မင်းရှိမှရှိပါ့မလားလို့ကွာ"

အောင်သန်းကြီးက သူ့ရပ်ကွက်မီးထဲပါသွားသလို ပျာပျာသလဲပြေးလာ၍ . . .

"ဘာလဲကွာ . . . ဒီမှာချမ်းရတဲ့အထဲ . . ."

အောင်သန်းကြီး သူ့ကိုမျက်နှာချိုသွေးကာ . . . .

"အေးပါကွာ . . . သူငယ်ချင်းရာ . . . မင်းကိုငါအပြန်ကျရင် အချမ်းပြေလေး ဆက်သပါ့မယ်ကွာ . . . အခုတော့ ငါ့ကိုကူညီပါဦးကွာ . . . အဟီး . . . ဟီး"

အောင်သန်းကြီး ဒီအမူအရာ ဒီပုံစံဆိုပုံမှန်တော့မဟုတ်ဘူးဆိုတာ သူသဘောပေါက်လိုက်ပြီ၊ ဒီကောင် မတော်တရော်တစ်ခုခု ကြံစည်တော့မည်။

"မင်း ဘာတွေ မဟုတ်ကဟုတ်ကလုပ်ဦးမလို့လဲ . . . ငါ ဒီတစ်ခါမပါဘူးနော်"

ဒီတစ်ခါ မပါဘူးဆို၍ ပထမတစ်ခါပါကြောင်းသိသာပါသည်။ ဟုတ်ပါသည်။ ပထမတစ်ခါ သူ၊ အောင်သန်းကြီးနှင့်ပူးပေါင်းပြီး မိမိခိုင်ဆိုသည့် သူတို့မေဂျာက ကောင်မလေးတစ်ယောက်ကိုအောင်သန်းကြီးက စာလိုက်ပေးဖူး၏။ စာကတော့ ထုံးစံအတိုင်းသူရေးပေးလိုက်ခြင်းပင် ဖြစ်ချင်တော့ ထိုရည်းစားစာကိုထည့်မည့်စာအိတ်က ဘယ်နှစ် ဘယ်ကာလကမှန်းတော့ မသိပေ၊ စာအိတ်ထဲမှာ အိမ်မြှောင်ပေါက်တစ်ကောင်က (၉၆)ပါးရောဂါနှင့်ဘဝဆုံးနေ၍ အရိုးတောင်ကျနေလေပြီ၊ ဒါကိုပိုးဦး[illegible] နှောက်ထဲရောက်၍မွှန်ထူနေသော ကိုယ်တော်ချောကမသိ၊ သူ့[illegible] စာကို အသေအချာထည့်၊ တံတွေးလေးနဲ့ပိတ်ကာ သွား[illegible] အဖော်လိုက်သွားခြင်းပါ။ ဖြစ်ချင်တော့ ကောင်မလေးကသူ့စာကို[illegible] ပြီး အတန်းချိန်တစ်ချိန်၌ ဆရာမအလစ်တွင် သူမသူငယ်ချင်း[illegible] စာကိုဖောက်ဖတ်တော့၏။ အိမ်မြှောင်သေကိုလည်း တွေ့ရော[illegible] လေးစကားမေးတောင် မရတော့ပေ၊ ပါးစပ်က အမြှုပ်[illegible]

www.burmeseclassic.com



တက်သွားလေတော့သည်။ နောက်ဆုံးတရားခံစစ်လိုက်တော့ သူနဲ့အောင်သန်းကြီး ပါမောက္ခချုပ်ရုံးခန်းအထိ တက်လိုက်ရပါတော့သည်။ အလျှောက်ကောင်းသွား၍ ကျောင်းဆက်တက်နေရခြင်းပင် နောက်မို့ဆို ဝေလင်းတို့ ပုံမှန်တက်လိုက်ရမှာမဟုတ်ပေ။ ထိုအချိန်က သူ၊ ဒုတိယနှစ်ကို ဒုတိယအကြိမ်ပြန်ဖြေနေရသောကာလဖြစ်ပါသည်။

"ဟို . . . ဟို . . . ငါ ဒီတစ်ခါနောက်ဆုံးပါ ဝေလင်းရာ . . . ကူညီပါကွာ . . . နော် . . . နော်"

ရုပ်က အီသီယိုးပီးယားမှ အစာတောင်းနေသော ကလေးတစ်ယောက်လို ချက်ချင်းသနားစရာကောင်းသွားအောင် လုပ်ပစ်လိုက်သည်။ တတ်လည်းတတ်နိုင်တဲ့ကောင် . . .

"နေစမ်းပါဦး . . . မင်းက ဘာလုပ်မလို့လဲ"

"ဟို . . ဟို . . ငါ့ကို စာလေးတစ်စောင်လောက် အခုလောလောဆယ်ရေးပေးပါကွာ . . . ငါအခုမိမိခိုင်ကိုသွားပေးမလို့"

လက်ညှိုးလေးတစ်ချောင်းကို နှုတ်ခမ်းရှေ့ထောင်ပြီး မျက်နှာငယ်လေးနှင့်ပြောနေပုံကို ဘေးလူမြင်လျှင် အတော်သနားသွားမည့်ရုပ်ပါပေ။ သို့သော် သူကတော့ အောင်သန်းကြီးအကြောင်း ကောင်းကောင်းသိ၍ . . .

"မင်းက သွားပေးတော့ရော . . . ဟိုက ယူမှာလား၊ အောင်သန်းကြီးရာ . . . မင်းပဲစဉ်းစားကြည့်လေ . . . မင်းကိုမတွေ့ချင်လို့တောင် ခါတိုင်းနေ့တွေ ဒီလောက်မင်းနဲ့မတွေ့အောင်ရှောင်နေတာ ဘယ်လိုလုပ်လွယ်မလဲကွာ"

"ဟာ . . . အရင်နေ့တွေ မလွယ်ရင်မလွယ်မယ် . . . ဒီနေ့တော့ လွယ်လွယ်လေးရယ် . . . ၊ မိုးတွေဒီလောက်ရွာနေတာ သူလည်းဘယ်မှ ထွက်ပြေးလို့ရမှာမဟုတ်ဘူးကွ . . ."

အတော်ကလေး ပြန်ချစ်ဖို့ကောင်းသည့်ကောင်ပါပေ၊ သို့သော် တစ်ဖက်သားအားနည်းနေချိန်ကိုအခွင့်ကောင်းယူပြီး သူ့ရည်းစားစာပေးရေးကို အချိန်အခါပေါ်မူတည်အသုံးပြုသွားသော အောင်သန်းကြီး၏ အရည်အချင်းကိုတော့ သူအသိအမှတ်ပြုမိပါသည်။ မိုးရွာလိုက်တာ အောင်သန်းကြီးအတွက် ခွင်တည့်သွားလေပြီ။

သူလည်းရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ စာတစ်စောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အသင့်ပါလာသော ပန်းနုရောင်စာရွက်လေးပေါ်တွင်အခက်အခဲမရှိရေးချလိုက်ပြီး သေချာထုတ်ကာပေးလိုက်၏။

"ဒီတစ်ခါတော့ . . . စာအိတ်ကိုသတိထားဦးနော် . . . နောက်တစ်ခါ ငါလည်းမကူညီတော့ဘူး"

အောင်သန်းကြီး အူမြူးသွားကာ . . .

"ဟာ . . စိတ်ချ . . . ငါ ဒီတစ်ခါ ဘာစာအိတ်မှမထည့်တော့ဘူး . . . ဒီအတိုင်းသွားပေးမှာ"

ပြောပြီး . . . သူ့ရှေ့မှ ခုန်ဆွခုန်ဆွနှင့်ထွက်သွားလေတော့သည်။ သူပြုံးပြီးအောင်သန်းကြီးကျောပြင်ကိုငေးကြည့်နေလိုက်၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



မိုးက အနည်းငယ်တော့ စဲသွားသယောင်ထင်ရသည်။ သူတို့ အဆောင်တစ်ခုလုံးတွင် ကျောင်းသားတွေတောင်သိပ်မရှိတော့ကြောင်း တွေ့ရ၍ ကျောင်းဆင်းသွားပြီဆိုတာ ဝေလင်းသဘောပေါက်လိုက်သည်။ ဘေးတွင်ချထားသောထီးကို ကောက်စွဲ၍ လှေကားအတိုင်းအောက်သို့ ဆင်းလာခဲ့သည်။ ကော်ရေတာမှအပြင်အထွက်တွင် မိုးကပိုမိုသည်းလာ၏။ ညနေ(၃)နာရီခန့်သာရှိသေးသော်လည်း မိုးရိပ်လေရိပ်များကြောင့် ညနေခင်းက အတော်တောင်မှောင်နေလေပြီ၊ ဝေလင်းပုဆိုးကို ဒူးခေါင်း အထက်နားလောက်အထိ တက်စည်းလိုက်ပြီး ထီးဖွင့်ကာ မိုးရေထဲဖြတ်ပြေးလိုက်၏။

လမ်းမပေါ်တွင် လူသွားလူလာများရှင်းနေ၍ တစ်ဆောင်မှ တစ်ဆောင်သို့ လျင်မြန်စွာဖျတ်ခနဲ ဖျတ်ခနဲကူးသွားလို့ရနေ၏။ တစ်နေရာအရောက်တွင် ဝေလင်းမျက်လုံးပြူးသွားသည်။ ကောင်မလေးတစ်ယောက် သူနှင့်ဓာတ်တိုင်နှစ်တိုင်လောက်အကွာတွင် အဆောင်ထဲမှ ရုတ်တရက်ပြေးထွက်လာပြီး လမ်းမကြီးအလယ်တွင် ခွေခနဲလဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းပထမတော့ ကြောင်တောင်တောင်နဲ့ကြည့်နေသေးသည်။ နောက်တော့ ကောင်မလေးက တော်တော်နဲ့ထမလာနိုင်တာတွေ့ရ၍ သူစိတ်ပူသွားပြီး ထိုကျောင်းသူထံ အပြေးတပိုင်းထွက်သွားလိုက်၏။

အရင်ဆုံးထီးကို ကိုယ်ပေါ် မိုးပေးလိုက်ပြီးမှ . . .

"ကျွန်တော် ဘာကူညီရမလဲဗျာ"

ကောင်မလေးက ခြေထောက်ကိုလက်နှင့်ဆုပ်နယ်နေရာမှ အသာအယာမော့ကြည့်၏။ သူ့ကိုတွေ့သွား၍ အားတက်သွားပုံမှာ မျက်နှာမှာ ဖုံးဖိမရအောင်ရှင်လန်းတက်ကြွလာသည်။ ဘာပဲဖြစ်ဖြစ်လေ သူ့ခမျာ ဒီအချိန်မှာ အကူအညီလိုရှာမှာပေါ့ . . . ဝေလင်းတွေးရင်းနှင့် . .

"ညီမလေး . . . ထနိုင်လားဟင် . . . မထနိုင်ရင် အစ်ကိုထူပေးရမလား"

ကောင်မလေးက ခေါင်းခါပြသည်။ မထနိုင်တာလား၊ မထူခိုင်းတာလား ဘာမှန်းတော့မသိပေ . . .

"မထနိုင်တာလား"

ကောင်မလေး ခေါင်းညိတ်ပြ၏။ သူသေချာအောင် ထပ်မေးလိုက်သည်။

"ထူပေးရမလား"

ကောင်မလေး ခေါင်းညိတ်ပြပြန်သည်။ သူတွေဝေမနေတော့ ကောင်မလေး၏ ညာဘက်လက်ကိုဆွဲမကာ ထူပေးလိုက်တော့ ကောင်မလေးထော့နဲ့ထော့နဲ့လေးနှင့် ထလာနိုင်လေသည်။

"ညီမလေး လမ်းလျှောက်လို့ရလား"

ခေါင်းခါပြသည်။ မရဘူးဆိုသည့်သဘော. . .၊ ဒါဆို သမိုင်းပေးတာဝန်အရ သူ့အပေါ် ဒီကောင်မလေးတာဝန်သည် အတိုင်းအတာတစ်ခုအထိ ကျရောက်သွားပြီဆိုတာကိုသိလိုက်ရ၏။ ပတ်ဝန်းကျင်မှာလည်း လူခြေအတော်တိတ်နေလေပြီ။ တစ်ကျောင်းလုံး သူတို့နှစ်ယောက်ပဲရှိတယ်ထင်ရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ မိုးကလည်းရွာကောင်းဆဲ။

"ဒါဆို အစ်ကို ဘယ်လိုက်ပို့ပေးရမလဲဟင်"

"ကျွန်မမှာ ကားပါလာပါတယ်. . . အဲဒီကားဆီရောက်အောင်ပို့ပေးရင် ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပို့ပေးမယ်လေ . . . ကားကဘယ်နားမှာလဲ"

"အင်္ဂလိပ်စာ အဆောင်ရှေ့က ကားပါကင်မှာထိုးထားတယ်"

အင်း ဒါဆို သိပ်မဝေးလှပေ . . . ဖြည်းဖြည်းချင်းလျှောက်သွားလျှင်(၁၀)မိနစ်လောက်ဆိုရောက်နိုင်သည်ဟု ဝေလင်းတွက်လိုက်၏။ ထို့နောက်သူတို့နှစ်ယောက် ထီးတစ်ခုတည်းအောက်တွင် ရင်ခုန်သံများအားချိတ်၍တွဲကာ ဖြည်းဖြည်းချင်းလျှောက်လာမိပါသည်။

မြင်မြင်ချင်းကျောထဲမှာ စိမ့်ခနဲဖြစ်သွားသော်လည်း မဖြစ်လောက်ပါဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဖြေတွေးပစ်လိုက်သည်။ သို့သော်တကြိမ်မှာက သူ့ကိုမျက်နှာသာမပေးပေ၊ ကောင်မလေးက ထိုကားနေရာသို့သာတစိုက်မတ်မတ်လျှောက်သွားနေလေသည်။ ဝေလင်းခေါင်းက ဆံပင်တွေတောင် ထောင်တက်သွားသည်။ ပတ်ဝန်းကျင်မှာလည်း ဤကားတစ်စီးမှလွဲ၍ ကျန်တဲ့ကားလည်းလုံးဝမရှိပေ။

"ဒါ . . . ဒါ . . . ညီမလေးကားလားဟင်"

ကောင်မလေး သူ့ကိုရွှန်းရည်စိုလဲ့သော မျက်ဝန်းလေးတွေနှင့်မော့ကြည့်ကာ . . .

"ဟုတ်တယ် . . . အစ်ကို . . . ဒီကားပဲ . . . အစ်ကို့ကိုအားနာလိုက်တာ"

သူ ကောင်မလေးကို ဘာပြန်ပြောလိုက်ရန်းတောင် သူ့ကိုယ်သူသတိမထားမိလိုက်ပေ၊ အဲ့ဒီလောက်အထိ သူ့စိတ်တွေ ဝေဝါးရှုပ်ထွေးသွားရ၏။ ကောင်မလေးက ကားပေါ်သို့အံကလေးတစ်ချက်ကြိတ်ကာတက်ထိုင်လိုက်ပြီး . . .

"လာလေ အစ်ကို . . . အစ်ကို့ကိုလည်း တစ်ခါတည်းညီမလိုက်ပို့ပေးမယ်လေ . . . အစ်ကိုသွားမယ့်နေရာကိုသာပြော"

သူ မိုးရွာထဲမှာ အသက်မဲ့သလို ငေးကြောင်ကြောင်ကြီးရပ်ကြည့်နေမိ၏။ ကောင်မလေးကတော့ အဲဒီအကြောင်းကိုဘာမှမသိရှာ . . . သူ့ကိုသာ ပြန်ကြည့်ရင်း . . .

"အစ်ကို . . . သွားမယ်လေ တက်လေ"

သူတစ်စုံတစ်ခုပြောမှ သင့်ပေတော့မည်၊ ဒီကိစ္စက မပြောဘဲရေငုံနှုတ်ပိတ်နေလို့ရသည့်ကိစ္စမျိုးမဟုတ်ပေ . . . ကောင်မလေးစကားသံနောက်တစ်ခွန်းထပ်မထွက်လာမီတွင် သူ့စကားသံအရင်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီ . . ညီမ . . . လေး . . ကား . . ကားဘီး . . ."

"ရှင်"

ကောင်မလေး သူ့ကိုနားမလည်နိုင်စွာကြည့်ပြီး ပြတင်းပေါက်မှ ခေါင်းကလေးထွက်ကာ ကားနောက်ဘီးကိုကြည့်ပြီး အံ့သြသွား၏။

"ဟယ် . . . ဘယ်လိုဖြစ်တာလဲ"

ကောင်မလေးအံ့သြသွားပြီးနောက်၊ အလွန်စိတ်ညစ်သွားကာ ကားစတီယာရင်လေးကို သူ့လက်ဖဝါးသေးသေးလေးနှင့်ထုပြီး . . .

"ကျွတ် . . . ဘယ် မိမဆုံးမ၊ ဖမဆုံးမသားသမီးတွေလုပ်သွားလဲမသိဘူး"

အောက်နှုတ်ခမ်းလေးကို ပြတ်လုမတတ်ကိုက်ကာ ပြောလိုက်သောအသံကြောင့် သူနေစရာမရှိအောင်ဖြစ်သွားရတော့၏။ ကားဘီးတစ်ခုလုံးကလည်း သူ၏ဒုပ်တာကိုင်တာသပ်ရပ်မှုကြောင့် လေတစ်စက်မှမရှိအောင် ပြားပြီးကပ်နေလေသည်။ ခဏကြာတော့ ကောင်မလေးက သူ့ကိုအားကိုးတကြီးမော့ကြည့်၍ . . .

"အစ်ကို . . . လုပ်ပါဦး . . . ဘယ်လိုလုပ်မလဲဟင် . . . ညီမ . . . ညီမစိတ်အရမ်းညစ်တာပဲ . . ."

ဟုတ်တော့လည်းဟုတ်သည်။ ကောင်မလေးက တစ်ယောက်တည်း၊ ကားတစ်စီးနှင့်။ ထိုကားကလည်း ဘီးတစ်ခုလုံးသုံးမရတော့၊ ခြေကျိုးနေသည်။ ပြီးတော့ ပတ်ဝန်းကျင်မှာ ခွေးတစ်ကောင်ကြောင်တစ်မြီးတောင်မရှိတော့၊ မိုး အနည်းငယ်တိတ်သွားသော်လည်း မကြာမီ သဲကြီး မဲကြီးပြန်ရွာတော့မည့် ကိန်းပင်၊ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။ ပြီးတော့ သူမခြေထောက်ကလည်း နာနေသေးသည်။ ဝေလင်းတစ်ယောက်ယောကျ်ားတစ်ဦး၏ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင်ယူရမည်ဆိုသော အသိကဦးနှောက်တစ်ခုလုံးကို တဒင်္ဂအတွင်းဖုံးလွှမ်းသွားတော့၏။ ထို့နောက် မျက်နှာငယ်လေးနှင့် သူ့ကိုအားကိုးတကြီးကြည့်နေရှာသော သူမကိုကြည့်ပြီး . . .

"ဟဲ . . . ညီမလေး ဟိုဘက်ခုံပြောင်းထိုင်လိုက် . . . ကိုယ် ဒီကားကိုကိုယ်ကိုယ်တိုင်မောင်းပြီး လမ်းဆုံနားက ကိုယ့်အသိ[illegible] ဆိုင်မှာ အပ်ပေးမယ် . . . ဘာမှစိတ်မပူနဲ့ ကိုယ်ကားကိုတောင်[illegible] ကြီးကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်တယ်သိလား . . . [illegible]





www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှ ညီမလေးကားကို ညီမလေးဆက်မောင်းသွားပေါ့"

ကောင်မလေးက သူ့စကားအဆုံး၌ "ဟုတ်"ဆိုပြီး ဟိုဘက်ခုံသို့ ကားအတွင်းမှာပဲ ကျင်လည်စွာကူးသွားတော့သည်။ ဝေလင်းကားကို ကျင်လည်စွာမောင်းတတ်ပါသည်။ နယ်က သူတို့ခြံတွင် ဂျစ်ကားတစ်စီးနှင့် တိုက်လတ်တစ်စီးရှိနေ၍ ငယ်ငယ်ကတည်းက ဝေလင်းအတွက်ကားမောင်းခြင်းအတတ်သည် ထမင်းစားရေသောက်သလောက်သာ . . .

သူ့အသိဆိုင်ရောက်တော့ တာယာဖြုတ်စစ်သည်။ တာယာတွင် အပ်ပေါက်ရာတောင် မတွေ့ရ၍ သူ့မိတ်ဆွေဆိုင်ပိုင်ရှင်က အံ့ဩသွားကာ . . .

"ဒါ တစ်ယောက်ယောက်လက်ချက်ပဲဖြစ်ရမယ်"

ကောင်မလေးကလည်း . . .

"ဟုတ်တယ်အစ်ကို . . . ကျွန်မလည်း အဲဒီလိုပဲထင်တယ် . . . အဲဒီ့ကောင်ကို သိလို့ကတော့ ကျွန်မပါမောက္ခချုပ်နဲ့ကိုတိုင်မှာတကယ်၊ မိန်းမသားတစ်ယောက်ရဲ့ကားကို သူမို့လုပ်ရက်တယ်အစ်ကိုရယ် . . .

သူ့မိတ်ဆွေဆိုင်ရှင်ကိုပြောရင်း သူ့ဘက်လှည့်ကြည့်ကာ . . .

"အစ်ကို့ သူငယ်ချင်း ဒီအစ်ကိုကြီးဆိုအ ရမ်းသဘောကောင်းတာပဲ၊ ညီမကိုလည်း ညီမလေးတစ်ယောက်လိုဂ ၊ညီရှာတယ် . . . တကယ်ပါအစ်ကို . . . ညီမ အစ်ကို့ကိုအရမ်းကျေးဇူးတင်ပါတယ်"

ဝေလင်း သူမရှေ့မှာ မနေတတ် မထိုင်တတ်ဖြစ်သွားကာ တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်းတွေတောင်ဖြစ်သွားရသည်။ သူ့အကြောင်းသူသာသိ၍ သူမရှေ့မှာကိုယ့်ကိုယ်ကိုယ် တဖြည်းဖြည်းသေးသေးလေးဖြစ်လာသလို ခံစားလိုက်ရ၏။

တာယာဆိုင်ပိုင်ရှင်က ခွေကိုသေချာစစ်၍

"တော်သေးတယ် . . . တာယာကြေမသွားတာ . . . ခဏလေးပြီးသွားမှာပါ . . . ခဏတော့စောင့်ဦး"

ပြောပြီး ကားဘီးခွေများကို ကျင်လည်စွာတပ်ကာ လေပြန်ထိုးပေးလိုက်တော့ အားလုံးကောင်းသွားလေသည်။ ပြီးသွားတော့မှ ကောင်မလေးက . . .

"အစ်ကို . . အစ်ကို့ကို ညီမလိုက်ပို့ပေးပါရစေ . . . ဟိုတက်"

သူ လက်ကိုကမန်းကတန်းခါပြလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ညီမလေး . . . မလိုတော့ဘူး . . . အစ်ကိုက ဒီနားက အပြင်ဆောင်တစ်ခုမှာနေတာ၊ လမ်းလျှောက်သွားရင်နီးနီးလေး . . . ညီမလေးသာသွားတော့၊ အတော်နောက်ကျနေပြီ"

သူပြောသော်လည်း အတင်းလိုက်ပို့မည်လုပ်နေသေးသည်။ နောက်ဆုံး မရတော့မှ ကောင်မလေးလက်လျှော့ပြီး ကားကိုကျင်လည်စွာ မောင်းကာ ထွက်သွားလေတော့သည်။

ကောင်မလေး ကားနောက်မီးကိုငေးကြည့်ရင်း တော်တော်ဝေးဝေးရောက်သွားတော့မှ ဝေလင်းတစ်ယောက် သက်ပြင်းကိုအားရပါးရ ချနိုင်ပါတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . ဝေလီရယ် နင်ကတော့ စံပဲသိလား . . . ကိုယ့်ကို ကူညီလိုက်တဲ့သူကိုတောင် နာမည်လေးဘာလေး မမေးလိုက်ဘူးဆိုတော့ မလွန်ဘူးလား"

ပါးစပ်ထဲသို့ မရမ်းပြားတစ်ချပ်ကို ကျင်လည်စွာထည့်ရင်း ဆွေဆွေဦးဆိုသည့် ကောင်မလေးကစတင်စပ်စုသည်။ ယဉ်ယဉ်သိန်းဆိုသည့် ကလေးမကလည်း သူမပါးစပ်ကိုအလကားမထားပါ . . .

"အေးလေ . . နင်က အဲဒါတော့ အလိုက်တာ . . ကိုယ့်ကျေးဇူးရှင်ကို . . . တကယ်ပဲ"

ရုပ်ရှင်တွေထဲမှာဆိုလျှင် ဇာတ်ပို့ကောင်းတွေဖြစ်လာနိုင်သော်လည်း အပြင်လက်တွေ့တွင် သူမတို့အမူအရာသည် ပြဇာတ်ဆန်နေလေသည်။ သို့သော်အမေးရှိတော့ အဖြေရှိလာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မေးမလို့ပဲ . . . ဒါပေမယ့် နောက်တော့ခေါင်းထွေ ရှုပ်ပြီးမေ့သွားတတ်တယ် . . . ဒါပေမယ့် အဲဒီ့အစ်ကိုကြီးကို ငါသိမိတယ် . . . ဟိုတစ်ခါ ငါ့ဆီ သူ့ထီးကြီးပါလာလို့ လိုက်တောင်းတဲ့အစ်ကိုကြီးဟဲ့"

"တကယ်"

"အို . . . ."

အလွန်ရိုးစင်းလှသော အံ့ဩမှုတစ်ခုကို သူမတို့နှစ်ယောက်လုံး မျက်နှာတွင် တပ်ဆင်ပစ်လိုက်ရင်း မျက်လုံးလေးက ကလယ်ကလယ်နှင့်။

"ဟဲ့ . . . အဲဒါဆို . . . အဲဒီ့ အစ်ကိုကြီးကလည်း နင့်ကိုမှတ်မိနေမှာပေါ့နော်. . ."

ဝေလီတစ်ယောက် စဉ်းစဉ်းစားစားခေါင်းခါလိုက်ပြီး . . .

"ငါတော့ မထင်ဘူးဟ . . . သူ့ကြည့်ရတာ . . . ဘာမှသိပ်အလေးထားပုံမပေါ်ဘူး . . . ဒါပေမယ့်ငါ့ကိုတော့ အဲဒီနေ့က ညီမလေးလိုတော့ တကယ်စောင့်ရှောက်သွားထာဟ . . . အဲဒါကြောင့် ငါသူ့ကို ကျေးဇူးအရမ်းတင်သွားတာ"

"မိန်းမ . . . သိပ်လည်းကျေးဇူးသဒ္ဒါတွေ ရေစီးကမ်းပြိုလိုက်မနေနဲ့ဦး . . . ပါသွားဦးမယ် ဟွန်း . . ."

ဝေလီ . . . ခပ်ပြုံးပြုံးလေး သူမသူငယ်ချင်းတွေကိုကြည့်ရင်း . .

"သူ . . . ကနင်တို့ထင်သလို . . . အဲဒီလို ငါ့အပေါ်စိတ်ဝင်စားတဲ့စိတ်မျိုးတောင် ရှိမယ့်ရုပ်မဟုတ်ပါဘူးဟယ်"

"နင့်ကို စိတ်မဝင်စားတဲ့ယောက်ျား ဒီတက္ကသိုလ်ကြီးမှာ ရှိသေးလို့လာ ဝေလီရယ်"

သူမ . . . ပခုံးလေးကို ဟန်ပါပါတွန့်ပြလိုက်ရင်း . . .

"သိဘူးလေ . . . ရှိချင်ရှိမှာပေါ့"

"အဲဒါဆို . . . အဲဒီလူက အသည်းနှလုံးမရှိလို့ပဲ"

သူမ ဘာမှဆက်ပြောမနေတော့ဘဲ . . . ဆရာမဝင်လာ၍ စားပွဲအောက်မှ စာအုပ်ကိုလှမ်းထုတ်လိုက်တော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



သူမ စားပွဲရှေ့သို့သိန်းကျော်တန် အော်ကလီမျက်မှန်တစ်လက်၊ နိုင်ငံခြားဖြစ် ဇစ်ပိုအကောင်းစားတစ်လုံးနှင့် စီးကရက်ဘူးတို့ကို တွေ့လိုက်ရကတည်း ရောက်လာသူမှာ နန္ဒာထိုက်ဆိုသည့်သူပဲဆိုတာ သူမ မော့မကြည့်ဘဲသိလိုက်သည်။

သူမ အခုအချိန်အထိ တစ်စုံတရာတုန်လှုပ်မှုမျိုးမရှိသေးဘဲ သံပရာရည်ခွက်ကို ပိုက်ကလေးနှင့်အသာမွှေ၍ ဇာတ်လမ်းသိပြီးသား ရုပ်ရှင်တစ်ခုကိုကြည့်နေရသလိုမျိုး အဲဒီလူထံမော့ကြည့်ပစ်လိုက်ရင်း . . .

"ဆို . . . ကိုနန္ဒထိုက်"

အမေးခံရသော ထိုလူ အခုမှသက်ဝင်လှုပ်ရှားလာသည်။

"ကိုယ် . . . ဝေလီကိုလိုက်ရှာနေတာ နှံ့နေတာပဲ . . . ဟို . . .၊ ဝေလီ့သူငယ်ချင်းတွေနဲ့တွေ့မှ 'ဒီဆိုင်ကိုညွှန်လိုက်လို့"

မည်သို့မှ အသုံးဝင်မှုမရှိသော အလွန်တရာညံ့ဖျင်းသည့် အတွေးအခေါ်နှင့် သူ၏အစပိုင်းစကားဦးကိုစတင်သည်။ သို့သော် ဝေလီပြုံးနေသည် . . .၊ ထိုအပြုံးလေးနှင့်ပဲ စကားကိုဆက်ထောက်ပေးလိုက်၏။

ပြေ



www.burmeseclassic.com

www.burmeseclassic.com



"အခု . . ရှင် ကျွန်မကိုတွေ့ပြီလေ . . . ဘာများအရေးတကြီး ကိစ္စရှိလို့လဲ"

အေးစက်စက်နိုင်လှသော သူမစကားကြောင့် နန္ဒထိုက်ဆိုသည့် လူ သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ သူ့ခေါင်းသူစိတ်ပျက်လက်ပျက်ပွတ် ရင်း . . .

"ကိုယ် . . . ကိုယ် . . . ဝေလီ့ကိုချစ်တယ်ပြောထားတာ ခြောက် လတောင်ရှိသွားပြီ ဝေလီ . . . အဲဒါ"

"အဲဒါ . . . ကျွန်မက"

"ဟို . . ကိုယ့်အပေါ် ဝေလီသဘောထားလေးသိချင်လို့ပါ"

ဝေလီ ကိုယ့်ဦးနှောက်မှတ်ဉာဏ်အပိုင်းအစတစ်ခုကို ချက်ချင်း အလုပ်ပေးလိုက်သည်။ ဟုတ်သည်ပဲ၊ လွန်ခဲ့သည့် ခြောက်လလောက်က ဒီလူ သူ့ကိုပရိုပို့(စ်)လုပ်ခဲ့ဖူး၏။ ဝေလီ့အာရုံတွင် ရှေးဟောင်းနှောင်းဖြစ် တစ်ပိုင်းတစ်စ ရေးတေးတေးပေါ်လာသည်။ ယခုထိုလူသည် သူမေ့နေ ပြီဖြစ်သော အရာတစ်ခုကိုအသိပေး အဖြေတောင်းနေပေပြီ . . . ဒါ လည်း သဘာဝကျသည်ဟုဝေလီထင်သည်။ ယောကျ်ားလေးတစ်ယောက် အနေနှင့် ဖွင့်ပြောထားသော မိန်းကလေးအပေါ် အဖြေတောင်းခွင့် ရှိပေသည်။ အဖြေတောင်းရမည့် အလုပ်က သူတို့အလုပ်၊ ပေးရမည့် အလုပ်က သူမတို့အလုပ်ဖြစ်ပေ၏။ ဒါကြောင့် ဝေလီ သူမအလုပ်သူမ စတင်လုပ်တော့သည်။

"ဪ . . . ဟုတ်ကဲ့ . . ကျွန်မသိပါတယ် . . . ကိုနန္ဒထိုက် ရဲ့ . . . . ကျွန်မလည်း စဉ်းစားပြီးသွားပါပြီ . . . ၊ ကျွန်မတောင် ကိုနန္ဒထိုက်ကိုတွေ့ရင် အဲဒီအဖြေပေးမယ်လို့တောင် တွေးနေမိတာ"

သကောင့်သား မျက်နှာနှစ်ဆခန့် ချက်ချင်းထွားတက်လာ သည်။ အားမလို အားမရတောင်ဖြစ်သွားသည်ထင်သည်။ ခန္ဓာကိုယ် တောင် မသိမသာရှေ့ငိုက်လာ၏။

"ပြော . . . ပြောပါဦး ဝေလီရယ် . . . ကိုယ် . . . ကိုယ့်ရင် တွေခုန်လိုက်တာ"

ဣန္ဒြေမရဖြစ်နေသော ထိုငနဲကိုကြည့်ပြီး ဝေလီစိတ်ပျက်လက် ပျက်တစ်ချက်ပြုံးကာ . . .

"ကျွန်မ . . . ကိုနန္ဒထိုက်ကို ဘယ်လိုမှချစ်နိုင်ပါဘူးရှင် . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကျွန်မအခုအချိန်မှာ အချစ်ကိစ္စဘယ်လိုမှစဉ်းစားလို့မရသေးဘူး"

ခုနဖောင်းကားတက်နေသော မျက်နှာသည် ပူဖောင်းလေလျှော့လိုက်သလို ချက်ချင်းပိန်ရှုံ့ကျသွား၏။ ခန္ဓာကိုယ်က ရှေ့သို့ငိုက်ကျနေရာမှ မိုက်ခနဲလဲကျမသွားအောင် ထိန်းလိုက်ရပုံရသည်။ ထိုလူ့ထံတွင် နှလုံးရောဂါမရှိတာတောင် ကျေးဇူးတင်ရမည်ဟု ဝေလီတွေးနေသည်။ နောက်မို့ဆို ဒီအကောင်ကြီးအဖိတ်အစင်ဖြစ်သွားလျှင် သူ့တာဝန်မကင်းပေ။

"ဝေလီ . . . ဒါ . . . ဒါ မင်းရဲ့အဖြေပဲလားဟင်"

ဝေလီခေါင်းညိတ်ပြလိုက်၏။

"စဉ်း . . . စဉ်းစားပါဦးဝေလီရယ် . . . ကိုယ် . . . ကိုယ်"

စကားတောင် ဆက်မပြောနိုင်၊ အသံတစ်ဝက်လောက်မှာတင် တိမ်ဝင်သွားပြီး အကယ်ဒမီရှော့တွေ ထလုပ်တော့၏။ ဝေလီစိတ်ပျက်သွားပြီး ဒီအချိန်မှာ သူပျော်ပျော်ပဲနေချင်သည်။ အနိဋ္ဌာရုံတွေလုံးဝမတွေ့ချင် . . .

"ကဲပါ . . . ကိုနန္ဒထိုက်ရယ် . . . ကျွန်မဆီက ရှင်လိုချင်တဲ့ အဖြေလည်းရပြီပဲ . . . သွားတော့နော် . . . ကျွန်မလည်းသွားတော့မယ်"

ပြောပြီး နှစ်ရာတန်တစ်ရွက်ကို အအေးခွက်လေးအောက်ထိုးထည့်ပြီး လျင်မြန်စွာထထွက်ခဲ့တော့၏။ ဟိုအကောင်ကတော့ သူ့ရှေ့မှ သက်မဲ့နေသည့် အအေးဖန်ခွက်နှင့်နှစ်ရာတန်ကလေးကိုသာ ငူငူကြီးကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။

သူမသည်လည်း . . . .

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

**နုသက်လင်းထက်**

# ဝေလီဝေလင်း ချစ်သူ

**ပတ်**ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ ဒီအချိန် ဝေလင်းကိုတွေ့သွားလျှင် ချက်ချင်းအရေးယူမိမှာသေချာသည်။ အမှုက လေထုညစ်ညမ်းမှု၊ အဘယ့်ကြောင့်ဆိုသော် ဝေလင်းထမင်းချက်ရန် မီးမွှေးနေသောကြောင့်ပင်ဖြစ်ပါသည်။ လက်တစ်ဝိုင်းစာလောက်ရှိသည့် မီးသွေး မီးဖိုလေးသည်ကမ္ဘာ့ရေနံချက်စက်ရုံ၏ခေါင်းတိုင်အလား မီးခိုးတွေအူထွက်နေ၏။ ထင်းကအစို၊ မီးသွေးကအစိုနှင့် ဝေလင်းတစ်ယောက် အတော်ဒုက္ခရောက်နေပေပြီ၊ လွန်ခဲ့သည့်တစ်နာရီလောက်ကတည်းက မွှေးနေသောမီးသည် အခုထိအညွန့်လေးတောင် တက်မလာသေး။ တစ်ဆောင်လုံးလည်း မီးခိုးတွေဖုံးနေပြီး တစ်ယောက်နဲ့တစ်ယောက်သိပ် မသဲကွဲချင်တော့ ...။

www.burmeseclassic.com



"အဟွတ် . . . အဟွတ် . . . ဟာ ဝေလင်းရာ . . မင်း တစ်ဆောင်လုံးကို မှိုင်းတိုက်သတ်နေတာလားကွာ . . . ငါက အဆောင်မီးလောင်နေပြီအောက်မေ့လို့"

ဘေးအခန်းမှ ကိုမျိုးသန်းကနှုတ်ခမ်းကိုပုဆိုးနဲ့အုပ်ရင်းထွက်လာတာပြော၏။ ထိုအချိန်တွင် အဆောင်အောက်ဘက်လှေကားတွင် ဆူညံသံတွေကြားလိုက်ရကာ . . . .

"မီး . . မီး. . . မီး. . . အပေါ်မှာ မီး. . . မီးလောင်နေတယ်"

အဆောင်သား လေးငါးယောက်ရေပုံးကိုယ်စီဆွဲရင်း သူ့အခန်းရှိရာဘက် အူယားဖားယားပြေးတက်လာပြီး လက်ရှိအခြေအနေကိုတွေ့လိုက်ရမှ . . .

"ဟာ ဝေလင်း . . . မင်းကလုပ်လိုက်ရင် အရမ်းချည်းပဲ . . . မီးကို အဲဒီလိုမွှေးရတယ်လို့ ဘယ်သူပြောလဲကွာ . . . သေလိုက်ပါတော့ . . ငါတို့က မင်းအခန်း မီးလောင်တယ်ထင်ပြီးလန့်သွားတာ"

ဝေလင်း ကိုယ့်အပြစ်နဲ့ကိုယ်မို့လို့ အားလုံးကိုသွားလေးလိုက်ဖြဲပြလိုက်ကာ . . .

"ဟီး . . ဟီး . . ကျွန်တော် ထမင်းချက်စားမလို့ဗျ"

"မင်းက ထူးထူးခြားခြား ထမင်းတွေဘာတွေချက်လို့ အရင်က လမ်းထိပ်ကဆိုင်မှာ ဝယ်စားနေကျမဟုတ်လား"

"အရင်က ဟုတ်တယ်ဗျ . . . ဒါပေမယ့် အခုက လကုန်ရက်ဗျ၊ ဘိုင်ပြတ်နေပြီ"

ဝေလင်း . . . တစ်ခါတစ်ခါ အဲဒီလိုကြောင်တတ်မှန်းသိ၍ သူတို့ ဘာမှဆက်မပြောတော့ဘဲ အားလုံးအသီးသီးထွက်သွားကြတော့၏။

သူ့ဘေးအခန်းမှ ကိုမျိုးသန်းတစ်ယောက်သာ အမြင်မတော်၍ ဝင်ရောက်စီစဉ်ပေးလိုက်ရသောကြောင့် ထိုနေ့မနက်စာကိုဝေလင်းစားလိုက်ရခြင်းဖြစ်ပေသည်။ မနက်စာ ကြက်ဥကြော်နှင့်ထမင်းစားပြီးနောက် ကြိုးတန်းမှာတွေ့တဲ့ အင်္ကျီကောက်စွပ်ကာ ပုဆိုးကိုတော့တစ်ချက်နမ်းကြည့်ပြီး မလဲတော့ဘဲ ကျောင်းသို့ထွက်ခဲ့တော့သည်။ အဆောင့်ရှေ့အုတ်ကန်နားအရောက်တွင် လက်ကိုရေအနည်းငယ်စွတ်လိုက်၍ အုတ်ကန်ရေပြင်တွင် ခေါင်းထိုးကြည့်ကာ ဆံပင်ကိုတစ်ချက်နှစ်ချက်သပ်တင်လိုက်ပြီး ကျောင်းသို့သုတ်ခြေတင်ခဲ့လေတော့သည်။ နေ့လယ်စာတော့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ ကြည့်ကျက်ရှင်းရတော့မည်။ ဒဂုံတက္ကသိုလ်ကြီးသည် ဝေလင်း အတွက် ပညာရည်သောက်စို့ရန် အမိကျောင်းတော်ကြီးဖြစ်သလို သူ့ အတွက်စားမကုန်နိုင်သော စားကျက်ကြီးလည်းဖြစ်ပါသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ပိုးလမ်းမကြီးမှ ဝိဇ္ဇာဆောင်တွေရှိသည့် ကားလမ်းမဘက်ကူးလိုက်ပြီး မြေနီလမ်းတစ်ခုပေါ် ခြေတစ်ဖက်စချလိုက်တယ်ဆိုရင်ပဲ သူ့အနောက်မှ နာမည်ခေါ်သံတစ်ခုကို စကြားရတော့သည်။ နာမည်က သူ့နာမည်ခေါ်နေခြင်းပင်၊ ဒါ မင်္ဂလာရှိသောအသံဟု သူ့စိတ်ထဲအလိုလိုသိလိုက်၏။

သူလှည့်ကြည့်လိုက်တော့ ဟိုဘက်ကားလမ်းမှကောင်လေး သုံးယောက် သူ့ဆီအူယားဖားယားပြေးလာတာတွေ့ရသည်။ ထိုသုံးယောက်ထဲမှ နှစ်ယောက်တော့ သူသိထားသည်။ ဟိုတလောက စာနှစ်စောင်လာရေးခိုင်းသွားသည့် သူ့ဖောက်သည်လေးများပင်၊ အခုလည်း ဘာအရေးကိစ္စကြီးလာမှန်းမသိရပေ၊ ပုံစံအရကတော့ တော်တော်လေးအရေးကြီးနေပုံ၊

"အစ်ကိုရယ် . . . အခုလေးတင် ကျွန်တော်တို့အစ်ကို့ဆီသွားတော့မလို့ . . . လုပ်နေတာ . . . အဲဒါအစ်ကို့ကိုလှမ်းတွေ့လို့တော့ အတော်ဖြစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ထဲမှ ခပ်သွက်သွက်ရှိသည့် တစ်ကောင်က သူတို့စကားဦးဆောင်ပြောပြီး သူ့ဘေးနားက အခုမှသူမြင်ဖူးသည့် အသစ်ပါလာသောကောင်လေးကိုမေးငေါ့ပြကာ . . .

"ကိစ္စကတော့ . . . ဒီကောင့်ကိစ္စပဲအစ်ကို"

သူ ထိုကောင်လေးကိုအကဲခတ်လိုက်သည်။ အတွေ့အကြုံအရ အချစ်အဖျားဒီဂရီ အတော်တက်နေပြီဖြစ်ကြောင်း သူနားလည်လိုက်၏။ ဒီလိုရောဂါသည်မျိုးကို သူဘယ်လိုကိုင်ရမည်ဆိုတာကိုလည်း ကျွမ်းကျင်ပါသည်။

"ကဲ . . . ဆို . . . ညီလေးကိစ္စ"

ကောင်လေးက ရုတ်တရက်ဆိုတော့ ရှက်နေသည်။ စကားကိုပြောမထွက်သေးဘဲ တောင်ကြည့်မြောက်ကြည့်လုပ်နေ၏။ သူသဘောပေါက်လိုက်ပါသည် . . .

"ကဲ . . . ကဲ . . . ဒီမှာပြောလို့မကောင်းပါဘူး . . . လာ ကန်တင်းသွားရအောင်"

သူခေါ်ရာနောက်သို့ သုံးကောင်လုံးစွေ့ခနဲပါလာသည်။ ကန်တင်းကိုရောက်တော့ သူလက်ဖက်ရည်တစ်ခွက်၊ ထမင်းပေါင်းတစ်ပွဲကို အရင်မှာလိုက်၏။ မနက်ကစားထားသော ကြက်ဥကြော်နှင့်ထမင်းသည် အဆောင်နှင့်ကျောင်းအကြားဘယ်ရောက်သွားမှန်းတောင်မသိတော့ပေ၊ သူအခုလောလောဆယ်ဆာနေလေပြီ။

ထမင်းပေါင်းပွဲရောက်လာသည့်တိုင်အောင် သူ့ကိုအလုပ်အပ်မည့်ကာယကံရှင်ကောင်လေးက ဘာတစ်ခွန်းမှမပြောသေးဘဲ ဟိုနှစ်ယောက်ကသာ သူနှင့်စကားတွေရေပက်မဝင်အောင် ပြောနေတော့သည်။ သူရေးပေးလိုက်သည့်စာက ဘယ်လိုကောင်းကြောင်း၊ ကောင်မလေးဘယ်လိုထိသွားကြောင်း စသည့်သူကြားဖူးနေကျ သူ့အကြောင်းချီးမွမ်းခန်းများသာဖြစ်တော့သည်။ သူထမင်းပေါင်းကို လေးငါးလုတ်လောက် ဆက်တိုက်ထည့်လိုက်ပြီးနောက် အစာအိမ်လည်းအတော်ငြိမ်သွား၍ သူ့လုပ်ငန်းကို အစပျိုးလိုက်တော့သည်။

"ကဲ . . . ညီလေး . . . ပြောပါဦး မင်းကိစ္စလေးကို . . . [illegible] ကဘယ်လိုကူညီပေးရမလဲ"

အပြောခံ[illegible]ိုက်ရသည့်ကောင်လေးက သူ့ သူငယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲအားတိုးကြည့်လှည့်ကြည့်သည်။ ဟိုကောင်တွေက ဒါကိုသိ၍ . . .

"ပြောလိုက်လေကွာ . . . မင်းအကြောင်းမင်းအသိဆုံးပဲဟာ. . ငါတို့ကို ဘာလာကြည့်နေတာလဲ၊ မင်းလိုက်ပို့ဆိုလို့ ပို့ပြီးပြီ . . . ကျန်တာ မင်းဟာမင်းပြော . . . ဒီမှာ . . . ဒီအစ်ကို့အစွမ်းအစလည်း မင်းကြားဖူးထားတာပဲ . . . မင်းအတွက်အဆင်ပြေမှာပါ"

ကောင်လေးက သူ့ဘက်ပြန်လှည့်ပြီး မရဲတရဲလေးကြည့်ကာ

"ဒီလိုပါ . . . အစ်ကိုရယ်၊ ကျွန်တော်အခုကောင်မလေးတစ်ယောက်ကိုအရမ်းချစ်နေတယ်ဗျာ . . . သူ့ကို ကျွန်တော်ဘယ်လောက်ချစ်သလဲဆိုတာ နှိုင်းယှဉ်ပြဖို့ အရာဝတ္ထု ဒီစကြဝဠာကြီးမှာဘယ်တော့မှပေါ်ပေါက်လာမယ်မထင်ပါဘူး အစ်ကိုရယ်. . သူ့မျက်လုံးလေးတွေ. . သူ့အပြုံးလေးတွေ . . ပြီးတော့ သူ့အရိပ်လေးတွေ ကျွန်တော်အရမ်းမြတ်နိုးတာ. . .၊ သူ့ဆံပင်လေးတွေဆိုလည်း တစ်ချက်ဝဲခနဲဖြစ်သွားတာနဲ့ ကျွန်တော်တစ်သက်စွဲသွားရလောက်အောင်ပါပဲအစ်ကိုရယ်. . . ကျွန်တော့်ဘဝ. . . ကျွန်တော့်အသက်တစ်ခုလုံး . . . ဒီကမ္ဘာမြေတည်. . "

"နေဦး ညီလေ . . . မင်းကောင်မလေးကိုချစ်တဲ့ကိစ္စ ကိုယ်နားလည်ပေးလို့ရပါတယ်. . . ကိုယ်တို့ဒါတွေနောက်မှပြောကြတာပေါ့ကွာ. . ကဲ အခု လာရင်းကိစ္စလေးပြောလိုက်ကြရအောင်"

အဲဒီလိုထမတားလို့ မဖြစ်တော့သည့်အခြေအနေရောက်သွားသည်။ ဟိမဝန္တာချီးမွမ်းခန်းထက်ပင်ဆိုးသွားနိုင်၏။ တော်ကြာမိုးစုပ်စုပ်ချုပ်သွားတောင် လိုရင်းကိစ္စမရောက်လိုက်မှာစိုးရသည်။ ဒါတောင် ဒီကောင်အရှိန်က သိပ်မသေချင်သေး၊ ဘဝဆုံးတိုင်ရိုးမြေကျပေါင်းပါ့မယ်တွေ ဘာတွေအထိဆက်လုပ်နေသေး၏။ နောက်ဆုံး သူအတင်းချော့မော့မေးလိုက်တော့မှ . . . .

"ကျွန်တော့်ကို ရည်းစားစာလေးတစ်စောင်လောက်ရေးပေးပါအစ်ကိုရယ်"

သူ့အခုမှ သက်ပြင်းကိုစိတ်ချလက်ချ ချနိုင်တော့သည်။ စောစောကတည်းက ဒါလေးပြောလိုက်လည်းပြီးတာပါပဲ. . .၊ အခုတော့သူ့စကားလိုက်နားထောင်ရတာနှင့် လူကိုတော်တော်အူလည်လည်တောင်ဖြစ်သွားရသည်။ သူ့အလုပ်ကလည်း တစ်ခါတစ်လေ ဒီလိုပြုရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူအမျိုးမျိုးစိတ်အထွေထွေဆက်ဆံနေရတော့ ဒီလောက်တော့ရှိမပေါ့ . .

"ကဲ ဟုတ်ပါပြီကွာ . . ညီလေးက ဘယ်တော့လောက်လိုချင်တာလဲ"

"လိုချင်တာကတော့ . . . မြန်မြန်လိုချင်တာပေါ့အစ်ကိုရယ် . . ကျွန်တော့်ဘဝမှာ သူလေးသာမရှိရင် . . ."

"ဟုတ် ဟုတ်ပါပြီညီလေးရယ်၊ အစ်ကို ဒီတစ်ရက်နှစ်ရက်အတွင်းရအောင်လုပ်ပေးမယ် . . . ဒါနဲ့ကိုယ်သိသင့် သိထိုက်တာလေးတွေ ညီလေးကိုမေးရဦးမယ်"

"ဟုတ်ကဲ့ . . . မေးပါအစ်ကို"

တော်သေးသည် ဒီတစ်ခါတော့ စကားတိုတိုနှင့်ရပ်သွား၏။ သူ့နည်းနည်းမှစကားစအပြတ်မခံတော့ပေ။

"အထွေအထူးဒတော့မဟုတ်ပါဘူး . . . ကိုယ့်ဟာကိုယ်သတ်မှတ်ထားတဲ့စည်းကမ်းလေးတွေပါ . . . (တစ်)အချက် ညီလေးအခုလိုက်မယ့် ကောင်မလေးမှာရည်းစားရှိလား"

ကောင်လေး ပျာပျာသလဲဖြစ်သွားပြီး . . .

"ဟာ . . . ကြီးကြီးစည်ရာအစ်ကိုရယ် . . . ဘယ်ကလာရှိရမှာ . . . သူကနှလုံးသားမဲ့နေတဲ့ တော်ဝင်အလှပန်းကလေးတစ်ပွင့်ပါအစ်ကို၊ သူ့ဘဝ . . . သူ့အလှတရားမှာ . . ."

"ရပြီ ညီလေး . . ."

သူအချိန်မီတားလိုက်နိုင်ပါသည်။

"ကဲ . . . ဒါဆိုဒုတိယအချက်အတွက် မင်းကောင်မလေးနာမည် ကိုယ့်ကိုပြောပါဦး"

"ဝေလီပါ အစ်ကို"

"ဟေ"

သောက်မလို့ ကောက်မလိုက်သော လက်ဖက်ရည်ခွက်သည် လမ်းတစ်ဝက်တွင် ကြောက်လန့်တကြားရပ်သွား၏။ သူ့နားသင် သူမယုံနိုင်ဖြစ်သွားကာ နားကြားလွဲသည်ထင်၍ . . .

"ဘယ် . . ဘယ်သူ . . ဘယ်သူ . . ညီလေး"

"ဝေ . . ဝေလီလေအစ်ကို . . . ဟို ဦးခေါင်း . . ."

သူ၊ ကောင်လေးပြောသည့်နောက်ဆက်တွဲစကားများကို ဆက်

www.burmeseclassic.com



နားထောင်နေစရာမလိုလောက်အောင် သေချာသွားလေပြီ၊ ဟန်မဆောင်နိုင်လောက်အောင် ဖျက်ယွင်းသွားသော သူ့အမူအရာကိုကြည့်ပြီး ကောင်လေးသုံးယောက်လုံး နားမလည်နိုင်စွာကြည့်ကာ . . .

"ဘာ . . . ဘာဖြစ်လို့လဲအစ်ကို . . . ဘာ . . ဘာများဖြစ်သွားလို့လဲဟင်"

သူခေါင်းကို ဖြည်းညင်းစွာခါပြလိုက်ရင်း . . .

"ကိုယ် . . . အဲဒီကောင်မလေးအတွက်ဆို . . . လုပ်မပေးနိုင်တာ ခွင့်လွှတ်ပါကွာ"

"ဗျာ"

"ဟင်"

"ဟာ"

မျှော်လင့်ထားသော အာမေဋိတ်အသံများပြိုင်တူထွက်လာကြပါသည်။ သူကောင်လေးတွေကို လှည့်ကြည့်လိုက်ပြီး . . .

"ဟုတ်တယ် ညီလေး . . . ကိုယ်လုပ်မပေးနိုင်ဘူး"

"ဘာ . . . ဘာဖြစ်လို့လဲ အစ်ကိုရယ် . . . အစ်ကိုခါတိုင်းဆို ဒီလိုမဟုတ်ပါဘူး"

သူခေါင်းခါပြလိုက်ကာ . . .

"ဒါ . . . ကိုယ့်ရဲ့ဒုတိယစည်းကမ်းပါ . . . အဲဒါကြောင့် ကိုယ်ရေးမပေးနိုင်ဘူး . . . ဒါပါပဲ . . . ကျန်တဲ့ပုဂ္ဂိုလ်ရေးကိစ္စကိုယ့်မှာ ဘာမှမရှိပါဘူး . . . ကဲ ကိုယ်သွားတော့မယ်"

သူကောင်လေးတွေကိုပြောပြီး ထိုဆိုင်မှ ထထွက်ခဲ့တော့သည်။ ထိုကောင်လေးသုံးယောက်ကတော့ သူ့ကိုအံ့သြစွာကြည့်နေရင်းကျန်ရစ်ခဲ့မှာ သူမြင်ယောင်နေမိပါသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းတစ်ယောက် အခုရက်ပိုင်းအတွင်းအလွန်စိတ်ရှုပ်ထွေးစရာတွေနှင့်ကြုံတွေ့နေရသည်။ ဇာတာခွင်က အညံ့ပိုင်းသို့ရောက်နေ၍ ကံကြမ္မာက ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းသော ကာလဟုလည်းဆိုနိုင်ပါသည်။ မနေ့ကလည်း အဆောင်ကိုသူခိုးကပ်၍ တစ်ဆောင်လုံးမည်သည့်ပစ္စည်းမှ ပါမသွားသော်လည်း အပြင်မှာလှမ်းထားသည့် သူ့ပုဆိုးတစ်ပတ်နွမ်းတစ်ထည်ပါသွားသည်။ တန်ဖိုးမရှိလှသော်လည်း အနည်းလေးနှစ်လလောက်တော့ ရိုရိုသေသေဝတ်လျှင် ရနိုင်သေးသည့်အနေအထားဖြစ်သည်။ မီးပေါက်ရာ ငါးခုလောက်နှင့်အလယ်တွင် တစ်ထွာခန့်ချုပ်ရိုးရှိသော ထိုပုဆိုးကိုဝေလင်းနှမြောနေမိ၏။ အခုလည်း လမ်းထိပ်က ဝယ်လာသော လက်ဖက်ရည်ပါဆယ်ထုပ်သည် သူခွက်သွားယူချိန် ကြွက်ဖောက်၍တစ်စက်မှမရှိတော့ပေ၊ ဝေလင်းစိတ်ပျက်လက်ပျက် ခုတင်ပေါ်ထိုင်ရင်း အရည်တစ်စက်စက်ကျနေသော လက်ဖက်ရည်ထည့်ထားသည့် ကျွတ်ကျွတ်အိတ်ကလေးကိုသာ ငေးကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လေနေသော သူတို့၏ထုံးစံအတိုင်း တောင်တောင်အီအီ တွေလိုက်တွေးနေရင်း ဒီတစ်ပတ်အတွင်း သူဘဝတစ်သက်တာတွင် မကြုံစဖူးထူးခြားချက်တစ်ခုကိုသွားတွေးမိ၏။ ဝေလင်းပထမတော့ ဘာရယ်မဟုတ် ထိုအကြောင်းအရာများကို စဉ်းစားနေရင်းမှ နောက်တော့ မသက်သာသလိုဖြစ်လာသည်။ တိုက်ဆိုင်မှုတစ်ခုထက်ကျော်လွန်နေသော သဘာဝလွန်ဖြစ်ရပ်တစ်ခုဟု ဝေလင်းယူဆမိလိုက်ပြီး ဂုန်းခနဲခုတင်ပေါ်မှတုန်းရုန်းထလိုက်ကာ . . . တက္ကသိုလ်တွင်ရှိသမျှ ကောင်မလေးတွေအကြောင်း ပြုစုထားသော ဖိုင်တွဲရှည်ကြီးကို စားပွဲအံဆွဲအတွင်းမှဆွဲထုတ်လိုက်တော့၏။

ဖိုင်တွဲတစ်နေရာအရောက်တွင် (VIP)စာရင်းတစ်ခုကို အနီလိုင်းတားထားတာတွေလိုက်ရသည်နှင့် ရှာဖွေမှုကိုရပ်ပစ်လိုက်သည်။

| | | |
|---|---|---|
| အမည် | --- | အေမီ |
| အသက် | --- | (၁၈)နှစ် |
| မွေးသက္ကရာဇ် | --- | ၂၄. ၂. ၈၅ |
| နေရပ်လိပ်စာ | --- | အမှတ်(     )အေး၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အသားအရောင် | --- | အဝါဝင်းဝင်း |
| အရပ် | --- | ၅ ပေ ၃လက်မ (ခန့်မှန်းခြေ) |
| မေဂျာ | --- | ပထမနှစ်(ရူပဗေဒ) |
| ဖုန်းနံပါတ် | --- | ၀၉-၅၀ . . . . . . |
| ထင်ရှားသည့်အမှတ်သား | --- | အထက်နှုတ်ခမ်း ညာဘက်အစွန်လေးတွင် စပယ်တင်မှဲ့ရဲရဲလေးရှိသည်။ |
| ချစ်စရာအကောင်းဆုံး အမှတ်အသား | --- | ပြုံးလိုက်တိုင်းပေါ်ပေါက်လာသော ပါးချိုင့်လေးများသည် တစ်ဖက်သားရှူသွပ်သွားစေ၏။ |
| မှတ်ချက် | --- | လုံးဝ(လုံးဝ)ရှောင်ရန်အန္တရာယ် |

သူနောက်တစ်ရွက်ဆက်လှန်လိုက်သည်။

| | | |
|---|---|---|
| အမည် | --- | ယုဝတီ |
| အသက် | --- | (၁၈)နှစ် |
| မွေးသက္ကရာဇ် | --- | ၄. ၄. ၈၅ |



www.burmeseclassic.com

www.burmeseclassic.com



## ဝေလီဝေလင်း
## ချစ်သူ

| | | |
|---|---|---|
| နေရပ်လိပ်စာ | --- | အမှတ်(     )၊ ငွေကြာရံရိပ်သာ၊ရန်ကုန်။ |
| အသားအရောင် | --- | ညိုညက်ညက် |
| အရပ် | --- | ၅ ပေ ၂ လက်မ (ခန့်မှန်းခြေ) |
| မေဂျာ | --- | ပထမနှစ် (*Zoo*) |
| ဖုန်းနံပါတ် | --- | ၀၉-၉၉ • • • • • • |
| ထင်ရှားသည့်အမှတ်အသား | --- | အောက်နှုတ်ခမ်းလေး၊ အနည်းငယ်ထူသည်။ |
| ချစ်စရာအကောင်းဆုံးအမှတ်အသား | --- | စကားပြောသော အသံဝဲဝဲလေးသည် တစ်ဖက်သားလူဘဝမေ့သွားစေလောက်၏။ |
| မှတ်ချက် | --- | လုံး၀(လုံး၀)ရှောင်ရန် |

သူနောက်ဆုံးတစ်ရွက်ကို ဆက်ကြည့်လိုက်၏။

| | | |
|---|---|---|
| အမည် | --- | ဝေလီ |
| အသက် | --- | (၁၈)နှစ် |
| မွေးသက္ကရာဇ် | --- | ၂၅. ၁၂. ၈၅ (ခရစ်စမတ်နေ့) |
| နေရပ်လိပ်စာ | --- | အမှတ် (     )ဘီ၊ အင်းယားမြိုင်ရိပ်သာ၊ ကမာရွတ်။ |
| အသားအရောင် | --- | ရွှေဝါရောင် |
| အရပ် | --- | ၅ ပေ ၄ လက်မ(ခန့်မှန်းခြေ) |
| မေဂျာ | --- | ပထမနှစ်(ဥပဒေ) |
| ဖုန်းနံပါတ် | --- | ၀၉-၅၀၀ • • • • • |
| ထင်ရှားသည့်အမှတ်အသား | --- | နှုတ်ခမ်းမွှေးရေးရေးလေးရှိသည်။ |
| ချစ်စရာအကောင်းဆုံးအမှတ်အသား | --- | ခန္ဓာကိုယ်ပေါ်ရှိ ရွှေအိုရောင်မွေးညှင်းနုနုလေးများသည် ဆန့်ကျင်ဘက်လိင်ကို အသည်းပြုတ်မတတ်ယားသွားစေ၏။ |
| မှတ်ချက် | --- | လုံး၀(လုံး၀)ရှောင်ရန် |

ဝေလင်း သက်ပြင်းချပြီး ဖိုင်တွဲကိုပိတ်ပစ်လိုက်တော့သည်။ တခြားအချိန်ဆိုသူ ဒီကောင်မလေးတွေအကြောင်း [illegible] နေစရာအကြောင်းမရှိပေ။ သို့သော် အခုတော့ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လေ့လာရတော့မည့်အနေအထားဖြစ်နေပြီ၊ အဘွားယ့်ကြောင့်ဆိုသော် ဒီတစ်ပတ်အတွင်းမှာပင် ဒီကောင်မလေးတွေနှင့်ပတ်သက်သည့်သူ(၆)ယောက်လောက်သူ့ဆီလာရောက်အကူအညီတောင်းကြ၏။ ပထမတော့ အမှုမဲ့ အမှတ်မဲ့နေခဲ့သော်လည်း အခုတော့တစ်ခုခုထူးခြားနေပြီဖြစ်ကြောင်းသူတွေးမိလာသည်။ ခါတိုင်းဆိုလျှင်လည်း ထိုကောင်မလေးတွေနှင့်ပတ်သက်သည့်အကူအညီတောင်းမှုများ သူ့ထံမကြာခဏရှိတတ်ပါသည်။ သို့သော် အခုလောက်တစ်ပတ်အတွင်း သုံးယောက်စလုံးအတွက်ပြိုင်တူခပ်စိပ်စိပ် အကူအညီတောင်းခံရတာမျိုး(သို့)အလုပ်အပ်ခြင်းခံရတာမျိုးမကြုံဖူးပေ၊ တစ်ခုခုတော့ သူ့စိတ်ထဲထူးခြားနေသောကြောင့် ယခုလိုဖိုင်တွဲကိုထကြည့်မိခြင်းဖြစ်၏။ ဝေလင်းအလေးအနက်တစ်စုံတစ်ရာကိုစဉ်းစားရင်း နောက်ဆုံးခေါင်းတစ်ခုလုံးနောက်ကျိလာကာ အဖြေတစ်စုံတစ်ရာထွက်မလာဘဲ ခုတင်ပေါ်တွင်ခြေပစ်လက်ပစ်အိပ်ပျော်သွားပါတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

"ငါ နင့်လုပ်ရပ်တွေကို ဘယ်လိုမှနားမလည်နိုင်တော့ဘူးဝေလီ . . . နင်ရူးများသွားပြီလား ကောင်မရယ် . . နင် အခုနင့်ကိုယ်နင်ဘာတွေလုပ်နေသလဲဆိုတာနင်သိရဲ့လား"

ဝေလီသည် ယဉ်ယဉ်သိန်းအား ဘာတစ်ခွန်းမှပြန်မပြောဘဲ မုန့်ဟင်းခါး ပန်းကန်ထဲမှ ကြက်သွန်ဥကိုသာ အာရုံစိုက်နေမိသည်။ ယဉ်ယဉ်သိန်းစကားသံရပ်သွားတော့ ဆွေဆွေဦးက သူမတာဝန်ကိုလွှဲပြောင်းရယူကာ . . .

"ဟုတ်တယ် . . . ဝေလီ . . . ယဉ်ယဉ်သိန်းပြောသလို နင်ရူးနေပြီသိလား . . . အခုဆို နင်လုပ်လို့ ငါ့မောင်လေးတင်မကဘူး . . . ငါ့မောင်လေးသူငယ်ချင်းတွေပါ အူကြောင်ကြောင်ဖြစ်ကုန်ကြပြီ . . နင် ဘယ်လိုစိတ်ကူးနဲ့ဒါမျိုးလုပ်နေတာလဲ"

ဝေလီ ဟင်းရည်တစ်ဇွန်းကို ရှူးခနဲမှုတ်သောက်လိုက်ပြီး လက်ကိုင်ပဝါလေးနှင့်နှုတ်ခမ်းဖျားလေးများကိုတို့ကာ . . .

"နင့်မောင်လေးတွေမှာ ဘာများနစ်နာသွားလို့လဲဟယ် . . . နစ်နာခြင်းနစ်နာ ငါတို့ဘက်ကသာ နစ်နာတာပါ . . . "

"နစ်နာတာ . . . မနစ်နာတာကိုငါပြောတာမဟုတ်ဘူး . . . ငါတို့ပြောတာက နင့်လုပ်ရပ် . . . "

ဝေလီလက် ပြလိုက်၍ ဆွေဆွေဦးပြော . . . သွားတော့သည်။

www.burmeseclassic.com



"ငါ ရှင်းပြမယ် သေချာနားထောင် . . . ငါ အခုနင်တို့ကို ဒီအကြောင်းတွေ ရှင်းပြပြီးရင် ဘာလို့ဒီလိုလုပ်ရတာလဲဆိုတာ ထပ်မမေးရဘူးနော်"

နှစ်ယောက်စလုံး ခေါင်းပြိုင်တူညိတ်လိုက်ကြ၏။ ဝေလီဆီက ထွက်လာမည့်စကားသံကို အလွန်အမင်းသိချင်နေကြသည်။

"ပြောမှာသာပြောစမ်းပါဟာ"

ဝေလီ အအေးကိုအနည်းငယ်ယူသောက်လိုက်ရင်း လည်ချောင်းတစ်ချက်ရှင်းလိုက်ကာ . . .

"ငါ နင့်မောင်လေးကို ကိုဝေလင်းဆီလွှတ်ပြီး ငါ့အတွက်ရည်းစားစာရေးခိုင်းတဲ့အကြောင်းက ငါ သူ့အကြောင်းစိတ်ဝင်စားလို့ ပြီးတော့ သူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာငါသိချင်တယ် . . . အဓိကကတော့ သူ့လက်ရေးပဲ . . . ငါ သူ့လက်ရေးကိုအရမ်းသိချင်တယ်"

နှစ်ယောက်လုံး ပါးစပ်အဟောင်းသားဖြစ်သွားကာ . . .

"လက်ရေး . . . ဟုတ်လား"

"ဟုတ်တယ်"

"လက်ရေး . . . နင်ဘာလုပ်ဖို့လဲ"

"ငါလုပ်စရာရှိလို့"

နှစ်ယောက်လုံး ဝေလီ့စကားကြောင့် ခေါင်းရှုပ်သွားကြသည်။

"ကဲ . . . ထားပါတော့ဟာ နင်က လက်ရေးသိချင်လို့ ငါ့ မောင်လေးကိုသူ့ဆီလွှတ်တယ်ပဲထား . . . ငါ့မောင်လေး သူငယ်ချင်းတွေကျဘာဖြစ်လို့ ဟိုအေမီနဲ့ယုဝတီတို့ရဲ့လူတွေဆိုပြီး ထပ်လွှတ်ရတာလဲ"

"အဲဒါလည်း အဲဒီကိစ္စကြောင့်ပဲ ငါထပ်လွှတ်တာ"

"ဟင် . . . ဘာဆိုင်လို့လဲ"

အူလည်လည်ဖြစ်နေသော သူ့သူငယ်ချင်းတွေကိုဝေလီကပြုံးပြုံးလေးစိုက်ကြည့်ကာ . . .

"ဟုတ်တယ် . . ငါရှင်းပြမယ်နားထောင် . . . ပထမနင့်မောင်လေး သူ့ဆီရောက်သွားတော့ ငါ့နာမည်လည်းကြားရော သူ့ရည်းစားစာရေးပေးဖို့ငြင်းလိုက်တယ်၊ အဲဒီမှာ ငါတော်တော်အံ့ဩသွားတယ် . . . သိရသလောက်၊ သူ အဲဒီလိုမျိုးစာတွေရေးခိုင်းတဲ့သူတွေဆို သူကကောက်ချင်ကောင်မလေးဘက်က ရည်းစား(ဒါမှမဟုတ်)ပိုင်ဆိုင်သူရှိရင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရေးပေးလိုက်တာပဲ . . . ဒါကြောင့် ငါ့ကျရေးမပေးလို့ ငါအံ့ဩသွားတာ၊ အဲဒါနဲ့ ငါလည်းနင့်မောင်လေးသူငယ်ချင်းတွေကိုပါ အကူအညီတောင်းပြီး ဟိုနှစ်ယောက်နာမည်သုံးပြီး လွှတ်လိုက်ရတာဟ"

"အဲဒီတော့"

"ဟိုနေ့က ငါ နင့်မောင်လေးသူငယ်ချင်းတွေနဲ့တွေ့ပြီးပြီ . . . သူတို့လည်း မအောင်မြင်ခဲ့ပါဘူးဟာ့"

"ဟင်"

နှစ်ယောက်စလုံး အံ့ဩသံလွှတ်ခနဲထွက်လာကြသည်။

"ဟုတ်တယ် . . . နင်တို့အံ့ဩသလို ငါလည်းအရမ်းအံ့ဩတာပဲ . . . သူ့ကို ငါနားမလည်နိုင်တော့ဘူး . . . သူ ဘာလို့ရေးမပေးတာလဲ ဆိုတာ ငါစဉ်းစားလို့မရဘူးဖြစ်နေတယ်"

ဆွေဆွေဦးက ရုပ်တည်လေးနှင့်တစ်ချက်စဉ်းစားကာ . . .

"နင်နဲ့သူနဲ့သိတယ်ဆို"

"အေးလေ သိတယ်လေ . . . သူနဲ့ငါ နှစ်ခါဆုံဖူးတာ နင်တို့လည်းအသိပဲဟာ . . သူကခင်ဖို့ကောင်းပါတယ် . . . ဒါပေမယ့်အခုလော လောဆယ်တော့ ငါ့အတွက်သူဟာ ပဟေဠိတွေနဲ့ပြည့်နေတဲ့လူပဲ"

"ဒါဆို နင်နဲ့သိနေရင်လည်း . . . ပေါ်တင်သွားမေးလိုက်ပေါ့ ဟာ . . . ဘာခက်တာလိုက်လို့"

ဝေလီ ပေါ့ပေါ့ပါးပါး တစ်ချက်ပြုံးကာ . . .

"အဲဒါတော့ နင်ပြောမှလား ကောင်မရဲ့၊ ငါအစောကြီးကတည်း ကသိတာပေါ့၊ ဒါပေမယ့် ငါ့ကိစ္စက အဲဒီလိုလုပ်လို့မဖြစ်လို့ပေါ့ဟ"

"ဒါနဲ့နေပါဦး၊ နင်က သူ့လက်ရေးကိုသိတော့ ဘာလုပ်မလို့လဲ"

ဝေလီ မျက်နှာတစ်ချက်တည်သွားကာ အဝေးကိုမျှော်ငေးကြည့်နေရင်းမှ . . .

"ငါ့အတွက် သူ့လက်ရေးက အရေးကြီးလို့ဟ"

"ငါတို့ကို ပြောပြနိုင်ရင်ပြောပြပါလား ဝေလီရယ်နော် . . . ငါတို့လည်း ကူညီနိုင်တာဆိုကူညီနိုင်တာပေါ့"

ဝေလီ . . . သူမခေါင်းကို အသာခါလိုက်ရင်း . . .

"ငါပြောပြလို့ မရလို့ပါဟာ . . . ဒါ ငါ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးငြိမ်သွားကြသည်။ ယဉ်ယဉ်သိန်းနှင့်ဆွေဆွေဦးလည်း အသံတိတ်သွားကြ၏။ သူတို့အတွက် ဆက်မေးလည်း ဘာမှထပ်သိရတော့မှာမဟုတ်မှန်းသိလိုက်ကြသည်။ ထိုအချိန်မှာဝေလီစကားသံပြန်ပေါ်လာပြန်သည်။

"ငါ့ ဘဝအတွက် သူ့ဆီကရည်းစားစာနှစ်စောင်လောက်က အတော်အရေးကြီးနေတယ် သူငယ်ချင်းတို့ရယ် . . . နောက် အဲဒီစာထဲမှာပါတဲ့ သူ့လက်ရေးကအဓိကပေါ့ဟာ၊ ဒါ့ကြောင့် ငါ့ကိုနောက်ဆုံးကူညီနိုင်တာဆိုလို့ ဒီလောကကြီးမှာနှစ်ယောက်ပဲရှိတော့တယ်"

သူမတို့ ဝေလီ့ကိုပြိုင်တူကြည့်လိုက်ကြသည်။

"ဘယ်သူတွေလဲ"

"နင်တို့ပဲ"

"ဟင်"

"ဟာ . . . မဖြစ်နိုင်တာ"

နှစ်ယောက်စလုံးကြောက်လန့်တကြား ထငြင်းသည်။ သို့သော် ဝေလီက အေးအေးဆေးဆေးပင်ဆက်ပြော၏။

"ဟုတ်တယ် . . . နင်တို့ပဲကူညီနိုင်တော့တယ် . . . ဒီအတွက် ငါအားလုံးစီစဉ်ပြီးပြီ . . . နင်တို့သာ ငါ့ကိုကူညီရင်အားလုံးအဆင်ပြေသွားမှာပါ"

သူမတို့ငြိမ်နေမိသည်။ ဝေလီ့ကိုလည်း နားမလည်နိုင်တော့ပေ။

"ငါ အားလုံးစုံစမ်းပြီးပြီ၊ ကိုဝေလင်းမှာ သူငယ်ချင်းအပေါင်းအသင်းများပေမယ့် တကယ်အတွဲဆုံးက နှစ်ယောက်ပဲရှိတယ်၊ အဲဒီနှစ်ယောက်ကိုသာ အပိုင်ကိုင်နိုင်ရင် ငါလိုချင်တဲ့သူ့ဆီကစာနှစ်စောင် ငါ့ဆီအလွယ်တကူ ရောက်မလာစရာအကြောင်းဘယ်ရှိတော့မလဲဟ . . . နင်တို့ ငါ့ကိုကူညီနော်"

ယဉ်ယဉ်သိန်းနဲ့ဆွေဆွေဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ . . .

"ငါတို့က ဘယ်လိုကူညီရမှာလဲ"

"အဲ့ဒီ နှစ်ယောက်ထဲက တစ်ယောက်စီကို နင်တို့မာယာတွေနဲ့ဖြားယောင်းဖို့ပဲ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟောနဲ့ . . . ငါတကယ်ပြောတာ . . တကယ်လို့သာ နင်တို့နှစ်ယောက်က ကိုဝေလင်း သူငယ်ချင်းနှစ်ယောက်ကိုသာ ချုပ်နိုင်ရင်သူ့ဆီက စာကိုအဲဒီနှစ်ယောက်ဆီကနေတစ်ဆင့် ငါ့လက်ထဲ အလွယ်တကူရောက်လာမှာပေါ့ဟာ"

"နင်တခြားနည်းလမ်းရှာပါဟယ် . . . အခုနည်းလမ်းကြီးက အန္တရာယ်များလိုက်တာဝေလီရယ် . . . နော် . . နော်၊ ဟို . . ဟို . . . နင်ဒီလိုလုပ်လေ . . . ၊ ငါ့မောင်လေးသူငယ်ချင်းထဲက တစ်ယောက်ယောက်ကိုထပ်ပြီးလွှတ်ပေါ့ဟဲ့ . . . ကောင်မလေးအသစ်တစ်ယောက်နာမည်သုံးပြီးထပ်လုပ်ရင်ရော . . ."

ဝေလီခေါင်းကို တွင်တွင်ခါရင်း နဖူးရှေ့သို့ကျလာသည့်ဆံနွယ်စလေးများကို သပ်တင်ကာ . . .

"မရတော့ဘူး . . . နင်ပြောတာနောက်ကျသွားပြီ . . . သူတစ်စုံတစ်ခုကိုရိပ်မိသွားသလိုပဲဟာ . . . အခုဘယ်သူ့ကိုမှ ရည်းစားစာမရေးပေးတော့ဘူးတဲ့"

"ဟေ"

နှစ်ကောင်စလုံး လင်းတမှိုင်မှိုင်ကုန်ကြလေပြီ၊ သူတို့ဘာမှန်းမသိသည့်ဝေလီ့အရှုပ်တော်ပုံထဲ အလိုလိုရောက်မိသွားပြီဆိုတာ သိလိုက်ရသည်။ ဆွေဆွေဦးက အကြံတစ်ခုရသွားကာ . . .

"သူက ရည်းစားစာမရေးပေးတော့ဘူးဆို . . . ငါတို့ နင့်ကိုကူညီလည်း ဘာထူးလဲဟာ"

ဝေလီ အပိုင်အနိုင်တစ်ချက်ပြုံးကာ . . .

"ဟိုက သူ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်လေ . . . သူ့သူငယ်ချင်းတွေထိရင် သူဘယ်နေပါ့မလဲဟယ်"

ဘယ်လိုမှ ရှောင်လွှဲမရသည့်နောက်ဆုံး နှစ်ကောင်သားသက်မှိုင်ချလိုက်ရပါတော့သည်။ သူတို့အတွက် ရွေးစရာလမ်းသည် အခြားမရှိတော့ပေ . . .၊ အဘယ့်ကြောင့်ဆိုသော် ဝေလီသည် သူတို့အချစ်ဆုံးသူငယ်ချင်းဖြစ်နေသောကြောင့်ပင်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းအလုပ်ရပ်နားလိုက်ပြီဆိုသော သတင်းကြောင့် တက္ကသိုလ်လူငယ်ထု တော်တော်များများ တုန်လှုပ်ချောက်ချားသွားစေသည်။ အများစုမှာ ချစ်သာချစ်တတ်ပြီး ကိုယ်စွမ်းကိုယ်စမရှိသောသူများသာဖြစ်ကြသည်။ ထိုကဲ့သို့ လူမျိုးတွေရှိနေလို့လည်း ဝေလင်းလိုလူငယ်များတက္ကသိုလ်တိုင်းတွင် အနည်းနဲ့အများပေါ်ပေါက်လာကြတာဖြစ်ပေမည်။ အခုလည်း ဝေလင်းအလုပ်ရပ်နားလိုက်ကြောင်းကြားရ၍ နီးစပ်ရာများက အမျိုးမျိုးအဖုံဖုံဝေဖန်ပြောဆိုကြ၏။ တချို့က ကိုဝေလင်းကြီး ချစ်သူရသွား၍ ဖြစ်မည်ဟုပြောကြသည်။ တချို့က ကိုဝေလင်းကောင်မလေးတစ်ေ ကျ်နဲ့ပတ်သက်၍ပြဿနာတက်သွားသည်ဟု ဆိုကြပြန်သည်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြောဝေလင်းကတော့ သူ့အလုပ်ကို တကယ်ပင် ရှုတ်တရက်ကောက်ခါငင်ကာ ရပ်နားလိုက်ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာကဲန်တင်းအတွင်း ဝေလင်းထိုင်နေသောခုံတွင် သတင်းလာမေးသူ လူငယ်လေးငါးယောက်လောက်ဝိုင်းထိုင်နေကြသည်။ ဝေလင်း၏သူငယ်ချင်းနှစ်ယောက်ဖြစ်သော အောင်သန်းကြီးနှင့် စိန်ကုလားတို့က လာရောက်သတင်းမေးမြန်းသူများကို ဒိုင်ခံဖြေရှင်းလွှတ်နေရ၏။ သူတို့ပြန်လည်ဖြေရှင်းသော စကားမှာလည်းတစ်ခွန်းတည်းသာဖြစ်သည်။ နှလုံးသားအကျိုးဆောင်ဆရာကိုဝေလင်း တစ်ယောက်ရုတ်တရက်ကျန်းမာရေးအခြေအနေချို့ယွင်းသွားပါ၍ သူ၏ကိုယ်စားလှယ်လုပ်ငန်းများကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းပင် . . .

ဝေလင်းကလည်း လတ်တလော ပြဿနာအေးသွားလျှင်ပြီးရောဆိုပြီး ထိုနှစ်ယောက်ကို လွှတ်ထားပေးလိုက်သည်။ ဝေလင်းရှေ့မှ သတင်းလာမေးသောကောင်လေးငါးယောက်ထပြန်သွားတော့မှ . . .

"ကဲ . . . ဟော့ကောင်တွေ ဆာပြီကွာ . . တစ်ခုခုစားရအောင်"

"ကောင်းသားပဲ"

ဝေလင်းစားပွဲထိုးလေးကိုခေါ် လိုက်ကာ လိုအပ်သည်များကို မှာလိုက်၍ . . .

"ဒါပြီး ဘာအချိန်လဲ"

"*Minor* (မိုင်နာ)အချိန်ပါ၊ လွှတ်ထယ်"

"ဒါဆိုအေးဆေးပေါ့"

ဝေလင်းအပျင်းကြောတစ်ချက်ဆန့်လိုက်ပြီး လန်ဒန်တစ်လိပ်ကောက်ယူလိုက်သည်။ အောင်သန်းကြီးက ဝေလင်းကိုတစ်ချက်ကြည့်၍

"ဝေလင်း . . . မင်းဒီအလုပ်ကို တကယ်ရပ်လိုက်ပြီလား"

ဝေလင်းတစ်ချက်စဉ်းစားသလိုလုပ်လိုက်ကာ . . .

"အေး"

"ဘာဖြစ်လို့လဲ"

"ငါ ပျင်းလာလို့"

စိန်ကုလား ခေါင်းကိုတွင်တွင်ခါကာ . . .

"မဖြစ်နိုင်ဘူး . . . မင်းလိုကောင်လား၊ ဒါမျိုးပျင်းသွားမှာ"

ဝေလင်း မခို့တရို့ပြုံးပြီး စိန်ကုလားကိုကြည့်ကာ . . .

"ဝေလင်းလည်းလူပဲကွာ . . . စက်ရုပ်မှမဟုတ်တာ . . . တခါတလေတော့လည်း ဒီကိစ္စတွေလုပ်နေရတာ ပျင်းလာပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို မင်းဘာလုပ်မလဲ"

"ငါ ကဗျာလိုင်းဘက်ပြောင်းမလို့"

"ဟေ . . ."

အောင်သန်းကြီးရော . . . စိန်ကုလားပါ မျက်လုံးပြူးသွားသည်။

"ဟုတ်တယ် . . . ငါကဗျာရေးတော့မယ် . . . ငါ့အတွေးအခေါ်တွေနဲ့ . . ငါ့ရင်ထဲကစကားလုံးလေးတွေကို သူများတွေအတွက်အသုံးမပြုတော့ဘဲ ငါ့ဘဝအတွက်ကဗျာတွေအဖြစ်ဖန်တီးတော့မယ်"

ဝေလင်းရုပ်သည် နောက်ပြောင်ပြောနေခြင်းမဟုတ်မှန်းသိသာသည်။ သူ့ရုပ်အလွန်တည်နေ၏။ စားစရာများရောက်လာ၍ သူတို့စားလိုက်ကြသည်။ ထို့နောက်ဝေလင်းအကြောင်း စိန်ကုလားထက်စာလျှင် အများကြီးပိုသိသော အောင်သန်းကြီးက . . . .

"မင်း ဒီလိုစိတ်ကူးမျိုးဝင်လာတာ . . . သိပ်မကြာသေးဘူးဖြစ်ရမယ် . . . ပြီးတော့ ဒါမျိုးပြောင်းလဲသွားတာကလည်း ရုတ်ခြည်းဖြစ်ပေါ်သွားတာမျိုးဖြစ်ရမယ် . . . ငါပြောတာဟုတ်တယ်မဟုတ်လား"

ဗေဒင်ဆရာတစ်ယောက် အိုက်တင်နှင့်အတတ်ဟောကိန်းထုတ်ပြီး အပိုင်မေးနေသော အောင်သန်းကြီးကိုဝေလင်းပြုံးပြုံးလေးကြည့်ကာ၊

"အေး . . မင်းပြောတာမှန်တယ်"

"ဘာအကြောင်းကြောင့်လဲ"

ဝေလင်းမျက်နှာ တစ်ခုခုကိုလေးနက်တည်ကြည်သွားသလိုဖြစ်သွားပြီး . . . .

"ငါ့ စိတ်ထဲ ထောင်ချောက်တစ်ခုခုကိုမြင်နေမိလို့"

"ဘယ်လို"

နှစ်ယောက်လုံး ထမင်းလုံးတွေတောင်ထွက်ကြကုန်သည်။ ဝေလင်းက သူ့စကား သူ့အာရုံထားပြီးဆက်ပြောသည်။

"ဟုတ်တယ် . . . ငါ့ကိုယ်ငါ ထောင်ချောက်တစ်ခုထဲရောက်နေသလိုမျိုး အခုတစ်လောခံစားနေရတယ် . . . ပြီးတော့အဲဒီထောင်ချောက်ဆိုတာ ဘာလဲဆိုတာ ငါ့ကိုယ်တိုင်လည်းမသိဘူး . . . ပြောရရင် မမြင်ရတဲ့ထောင်ချောက်တစ်ခုပဲ . . . ငါ အဲဒါကိုရှောင်လိုက်တာ"

"မင်းက ဘာဖြစ်လို့ ရှောင်လိုက်တာလဲ . . . မမြင်ရဘူးလည်းဆိုသေးတယ် . . . မြင်ရအောင်ဝင်တိုးကြည့်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . မမြင်ချင်ပါဘူးကွာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ဝေလင်း ခပ်လှမ်းလှမ်းမှ ကုက္ကိုပင်ကြီးကို လှမ်းကြည့်ကာ . .

"ငါ . . . အဲဒီထောင်ချောက်ကို ကြောက်နေမိတယ်"

ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွား၏။ ကောင်းကင်တွင် မိုးသားတို့မည်းတက်လာသည်။ မကြာမီ မိုးရွာပေတော့မည်။ ညတ မိုးလေဝသကြေညာချက်မကြည့်မိ၍ ဝေလင်းတွင်ထီးပါမလာခဲ့ပေ. . .၊ စိုသော်လည်း ပြန်ရပေဦးမည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

မင်မှတ်(၁)

(အိုမဟာတ်)

# ဒေါင်းသဝန်းကြီး

၇၆

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းကြီးတစ်ယောက် ညကစိန်ကုလားနှင့်ယစ်ရွှေရီလေးသောက်လိုက်တာ နည်းနည်းများသွား၍ မနက်နိုးနိုးချင်း ခေါင်းနည်းနည်းလေးခဲနေပေသည်။ ပထမတော့ လမ်းထိပ်ဆိုင်မှာထပ်ဖြေပြီး အိမ်ပြန်ကွေးဖို့စဉ်းစားလိုက်ပြီးမှ (၁၈)နာရီတွင် ကျူတိုရီရယ်တစ်ချိန်ရှိနေ၍ ထိုကျူတိုရီရယ်အချိန်တွင် သူ့မိမိခိုင်ကိုအလစ်ချောင်းကြိုးစား၍ရနိုင်ကြောင်းအကြံပေါ်လာ၍ ပထမအစီအစဉ်ကိုဖျက်ပစ်လိုက်ကာ အိပ်ရာမှကုန်းရုန်းထလိုက်သည်။

မိမိခိုင်အကြောင်းတွေးလျှင် သူ၏ဘယ်ဘက်ရင်အုံသည် ဆစ်ခနဲတောင်အောင့်အောင့်သွားသည်။ သူ၊ မိမိခိုင်ကိုကြိုးစားလာသည်မှာ ဒီတက္ကသိုလ်ရောက်ကတည်းကဆို(၄)နှစ်လောက်ရှိပေပြီ။ သူ၏တက္ကသိုလ်ကျောင်းတက်သက်တမ်းသည် ဝေလင်းထက်စာလျှင်တစ်နှစ်လောက်လျော့နည်းသည်။ အဘယ့်ကြောင့်ဆိုသော် သူကပထမနှစ်ကိုနှစ်ချင်းပေါက်အောင်ခဲ့၍ ကျန်တဲ့နှစ်များမှာသာ ဖြစ်သွားခြင်းဖြစ်၏။ သူဒုတိယနှစ်ကို (ပထမ)အကြိမ်စတင်ဖြေချိန်တွင် မိမိခိုင်နှင့်စတင်ဆုံခြင်းဖြစ်သည်။ ထိုအချိန်က မိမိခိုင်က ပထမနှစ်၊ သူက ဒုတိယနှစ်၊ နောက်တော့ မိမိခိုင်က ပထမနှစ်အောင်ကာ သူကဒုတိယနှစ်ကို (ပထမ) အကြိမ်ကျပြီးအတန်းတူသွားရသည်။ ဤကဲ့သို့ အခက်အခဲများကြားမှာ ချစ်လာရသော မိမိခိုင်သည်သူ့ကိုယခုအချိန်ထိ မျက်နှာသာလုံးဝမပေးသေးပေ၊ သူကြာတော့ ဘာကိုစိတ်တိုမှန်းမသိ တိုလာသည်။ သူ၏ ရုပ်ရည်ကလည်း ထင်သလောက်မဆိုးဟု သူဘာသာသူထင်သည်။ အမေတာတော့ နင့်အဖေငယ်ငယ်တုန်းကနှင့်တူသည်ဟုပြောဖူးသည်။ သူ့အဖေငယ်ငယ်တုန်းကဘယ်လိုပုံရှိလဲတော့မသိပေ။ အခုတော့ သူ့အဖေပုံသည် အကြီးဆုံးရာဝင်အိုးတစ်ခုစာလောက်ဝနေပေပြီ၊ ငယ်ငယ်ကတော့ ခန့်ချောကြီးဟု အမေကတော့ပြောဖူး၏။ အဖေချောတော့ အဖေတူသားသူသည်လည်းမဆိုးဘူးအဆင့်တွင် ရှိမည်ဟုကိုယ့်ကိုယ်ကိုယ်ဖြည့်တွေးထားလိုက်သည်။

ထို့နောက် အောင်သန်းကြီးတစ်ယောက်မျက်နှာသစ်ပြီး အမေကျော်ပေးထားသော ပဲပြုတ်ထမင်းကြော်ကိုစားကာ သူ့အခန်းထဲဝင်သွား၍ ကျောင်းသွားရန်လွယ်အိတ်ပြင်လိုက်သည်၊ ထို့နောက်အမြဲမြဲဆောင်ထားနေကျ စောလင်းရေးပေးထားသည့် မိမိခိုင်အတွက် ညီးစား

www.burmeseclassic.com

www.burmeseclassic.com



စာကိုအိပ်ရာအောက်မှ ဆွဲထုတ်၍လွယ်အိတ်ထဲပစ်ထည့်လိုက်သည်။ ဒီစာကို သူအခုထိမိမိခိုင်ကိုမပေးရသေးပေ။ အဲဒီနေ့က မိုးသည်းထန်စွာရွာ၍ အပိုင်တွက်ပြီးပေးရန် လုပ်သော်လည်း ဘယ်လိုအကြောင်းကြောင့်မှန်းမသိပေ၊ ထိုနေ့က မိမိခိုင်အမေကြီးကိုယ်တိုင် ကျောင်းသို့လာကြို သွားသောကြောင့် သူ့အချစ်သဝဏ်လွှာလေးသည် ဒီအတိုင်းပဲရှိနေသေး၏၊ သို့သော် အောင်သန်းကြီးလုံးဝအားမလျှော့ပါ။ မိမိခိုင်ကို ယနေ့အထိ လစ်ရင်လစ်သလို ပေးရန်ချောင်းနေပါသည်။ သို့သော် ယနေ့အထိကံတရားသည် သူ့အတွက်လွတ်ကွက်ဟာကွက်မပေါ်သေးဘဲ လုပ်ခွင့်မသာဖြစ်နေရပေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

**အောင်**သန်းကြီး လိုင်းကားပေါ်မှဆင်းလိုက်သည်နှင့် ပုံစံပျက်နေသောဆံပင်ကိုလက်နှင့်တစ်ချက်သပ်တင်လိုက်ကာ ဒီအချိန်ဟိုကောင်တွေသမိုင်းဘက်တွင်ရှိနေမည်ဟု တွေးလိုက်ပြီး ဝိဇ္ဇာဆောင်များရှိသည့်ဘက်သို့ကူးလာလိုက်သည်။ သမိုင်း၌ာန ရှိသည့်ဘက်ကိုအနီးဆုံးလမ်းတစ်ခုမှရွေး၍ သူထွက်လာခဲ့လိုက်၏။

အဆောင်ကွေ့ချိုးလေးတစ်ခုအရောက်တွင် အောင်သန်းကြီးထင်မထားသောအကြောင်းတစ်ခုနှင့် သွားဆုံတော့သည်။ အောင်သန်းကြီး၏ပခုံးနှစ်ဖက်ကြား ရင်ခွင်သည်အိစက်ညက်ညောသော အရာဝတ္ထုတစ်ခုကိုရုတ်တရက်တိုက်လိုက်မိပြီး နွေးခနဲအိဆင်းသွားတော့၏။ ပထမတော့အောင်သန်းကြီး ကြက်သေသေပြီး ရပ်သွားသည်။ နောက်မှ သင်းရှုရှုသနပ်ခါးရနံ့လေးနှင့် အမျိုးအမည်မဖော်ပြနိုင်သော ကိုယ်သင်းရနံ့လေးတစ်ခုက အောင်သန်းကြီးကိုသတိပြန်လည်သွားစေသည်။

"အို . . . လူတစ်ယောက်လုံးမမြင်ဘူးလားရှင်"

ချွန်မြသော နှုတ်ခမ်းလေးမှထွက်ပေါ်လာသော အသံသာသာလေးတစ်ခု၊ ကျစ်ဆံမြီးလေးတစ်ချောင်းကို ရင်ဘတ်ရှေ့ချထားသောမြန်မာဆန်ဆန်အမူအရာလေးနှင့် သနပ်ခါးပါးကွက်ကြားလေး တစ်ယောက်သည် ပြုတ်ကျသွားသော သူမ၏ရင်ဝယ်ပိုက်စာအုပ်လေးများကိုဆစ်တုပ်လေးထိုင်၍ ကောက်လံကောက်နေပေပြီ။ အောင်သန်းကြီး ထို



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေးကိုကြည့်ကာမြောသွားသည်။ နောက်မှ အသိတရား၏နှိုးဆော်မှုကြောင့် သူ့ခန္ဓာကိုယ်သည်စည်းချက်ညီညီရွေ့လျားသွား၏။

"ကျေးဇူးတင်ပါတယ်ရှင်"

မပွင့်တပွင့် အသံနုနုလေးက အောင်သန်းကြီးကိုရုတ်တရက်တုပ်ကာဆွဲပြီး နတ်ပြည်တင်ပေးလိုက်သလိုဖြစ်သွားကာ အတိုတ်ရော ဝစ္စပွန်ပါ မေ့သွားတော့၏။

"ရ . . . ရ . . . ပါ . . . တယ် . . . ဗျာ"

"ခစ် . . ခစ် . . . ခစ် . . . ခစ်"

ကောင်မလေး၏ ရယ်သံချိုချိုလေးထွက်လာ၍ အောင်သန်းကြီးမျက်နှာပန်းနုရောင်လေးသမ်းသွားသည်။ သို့သော် တတ်သည့်ပညာမနေသာဆိုသလို သူ့လက်ထဲတွင် နောက်ဆုံးကောက်ထားသည့်စာအုပ်အဖုံးလေးထံ မျက်လုံးကအလိုလိုရောက်သွား၏။

ဆွေဆွေဦး (ဥပဒေ) (ပ-နှစ်)

အောင်သန်းကြီးတွင် မျက်လုံးမှတစ်ဆင့် ဓာတ်ပုံဖလက်ရှ်ဂန်းများတဖျပ်ဖျပ်လက်ကာ အသည်းစွဲအောင်ရိုက်ယူထားလိုက်၏။

"ဟို . . . ဟို . . . ဆွေ . . စာအုပ်လေး"

"ဩော် . . ဟုတ်ကဲ့ . . ဆောတီးနော်"

ဘာကိုမှန်းမသိအောင် အောင်သန်းကြီးတောင်းပန်ပစ်လိုက်ပြီး စာအုပ်လေးကိုထိုးပေးလိုက်၏။ သူမကို သူမ ဆွေဟုသုံးနှုန်းသောအသုံးအနှုန်းကြောင့် သေချာသွားပေပြီ၊ သူပေးလိုက်သော စာအုပ်မှနာမည်သည် ဒီကောင်မလေးနာမည်ဖြစ်ရမည်ဟု အောင်သန်းကြီးတစ်ထစ်ချတွက်လိုက်တော့၏။

"ဆွေ . . ဆွေ . . သွားမယ်နော် . . . "

ကောင်မလေးက ချိုသာသော မျက်နှာပေးနှင့် အညင်သာဆုံးလှည့်ထွက်ဖို့ပြင်သည်။ ရုတ်ခြည်းမသိစိတ်က ခိုင်းစေမှုသည်အောင်သန်းကြီးကိုခွစီးသွားတော့၏။

"ဟို . . ဟို . . တိုက်မိတာ . . အရမ်းအားနာတာပဲဗျာ"

"ရပါတယ်ရှင် . . . တမင်လုပ်တာမှမဟုတ်တာ . . ဆွေလည်းကွေ့ဆိုတော့ ရုတ်တရက်မမြင်လိုက်ဘူးဖြစ်သွားတာ . . . "

"ဟဲ ဟဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ယောကျ်ားလေးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပဲ တောင်းပန်ပါတယ်. . . ဒါနဲ့(ဥပဒေ)ကထင်တယ်နော်"

"ရှင်"

ကောင်မလေးနှုတ်ခမ်းသည် အိုပုံသဏ္ဍာန်လေးဝိုင်းကာသွား၏။ အောင်သန်းကြီး သူ့စကား၏ထိရောက်မှုကိုကျေနပ်သွားကာ ဒုတိယခြေလှမ်းစပြင်သည်။

"အံ့ဩသွားလို့လား . . . ဟို. . . ခုနစာအုပ်လေးမှာတွေ့လိုက်လို့ပါ. . . ဒါတင်ဘယ်ဟုတ်ပါ့မလဲ. . . နာမည်လေးတောင် ကျွန်တော်မှတ်လိုက်သေးတယ်"

အောင်သန်းကြီးအရှိန်ရပြီး လွှတ်တွယ်တော့သည်။ သို့သော်သူ့စကားသည် ဒီတစ်ခါကံအားလျော်စွာ ထိရောက်မှုအတော်ရှိသွားပေသည်။

"အို . . . "

ကောင်မလေး မျက်နှာရဲခနဲတက်လာကာ သူ့ရှေ့မှရှက်ပြုံးလေးပြုံးပြီး ခေါင်းကလေးငုံ့ကာ လှုပ်လီလှုပ်လဲ့လေးထွက်သွားပေတော့သည်။ အောင်သန်းကြီးကတော့ ကိုယ့်ကိုယ်ကိုယ်မယုံနိုင်လောက်အောင် ဖြစ်သွားကာ ပါးစပ်ကြီးအဟောင်းသားနှင့်ကျန်ခဲ့ပါတော့သည်။

× × ×

အရှုံးကိုအမဲသားကျွေးမိသည်ဆိုသော စကားသည်အောင်သန်းကြီးနဲ့ကျမှ အံဝင်ခွင်ကျဖြစ်သွားတော့၏။ အခုတလော အောင်သန်းကြီးတစ်ယောက်သွက်သွက်ခါအောင် ဥပဒေရူး၊ ရူးနေပါတော့သည်။ အခုတလောသင်သည် အောင်သန်းကြီးရှာဖွေချင်လျှင် တခြားဘယ်မှ သွားရှာပါနှင့် ဥပဒေအဆောင်နှင့် ဥပဒေကဲန်တင်းမှာသာ သွားရှာပါ။ မျက်စိကြီးလက်နဲ့ပုတ်လျှင် လွဲရင်လွဲနိုင်သေးသည်။ အောင်သန်းကြီးကိုတွေ့မှာ မပူပါနှင့် ထိုကဲ့သို့အောင်သန်းကြီးတစ်ယောက်(ဥပဒေ)ရူး ရူးနေသည်မှာလည်း(ဥပဒေ)မှဆွေဆွေဦးဆိုသည့်ကောင်မလေးတစ်ယောက်ကြောင့်ဆိုလျှင် များအံ့မထင်ပေ . . . ၊

အခုလည်း အောင်သန်းကြီးတစ်ယောက် ဥပဒေအဆောင်ရှေ့ ... နေ့တ်(၈)နာရီကတည်းက ရောက်နေပေပြီ၊ ယခင်တတောင်း... ...တောင် အနိုင်...ရောက်ရောက်လာတတ်သော သူတစ်... ... ယခုတော့ ကျောင်းစချိန်ထက်တစ်နာရီစောပြီးရောက်သည်မှာ

www.burmeseclassic.com



အထူးအဆန်းသဖွယ်ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။ သို့သော်အောင်သန်းကြီးတစ်ယောက် ဥပဒေအဆောင်ရှေ့သို့အမှန်တကယ်ရောက်နေပါ၏။ ထို့အပြင် သူ့အတွက်ဒီနေ့သည် ဆွေဆွေဦးနှင့်ရုပ်ရှင်သွားကြည့်ရန်ချိန်းထားသောနေ့လည်းဖြစ်ပါတော့သည်။ သူ ဆွေဆွေဦးကိုချဉ်းကပ်နေသည်မှာ ကြာလေပြီ၊ စတွေ့သည့်နေ့ကတည်းကဆို ဒီနေ့အထိ တစ်လနီးပါးခန့်ရှိသွားပြီ၊ ထိုတစ်လတာကာလအတွင်း သူနှင့်ဆွေဆွေဦးအခြေအနေသည် ဒီရေအလားတိုးတက်လာခဲ့၏။ ဆွေဆွေဦးဘက်က တစ်ခါတစ်ခါ ရေလာမြောင်းပေးစကားမျိုး ကြားကြားနေရသည်။ ဟိုတစ်နေ့ကဆိုရည်းစားစာပေးခြင်းသည် ဟောင်းနွမ်းနေသောနည်းစနစ်ဖြစ်သော်လည်း သူမသာယောကျ်ားလေးတစ်ယောက်ဖြစ်ခဲ့ရင် သူမချစ်သူကို ထိုကဲ့သို့ ရိုးရိုးလေးနည်းနဲ့ပဲ ချစ်ရေးဆိုမည်ဟု သူနှင့်လူငယ်ရေးရာလေးများ ဆွေးနွေးစဉ် သူမပြောတာကြားခဲ့ရ၏။ သူကလည်း သူမကိုချစ်နေမိပြီဆိုတာ ပတ်ဝန်းကျင်အမြင်တွင် လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေပေပြီ၊ သို့သော် သူဖွင့်ပြောဖို့နှုတ်မရဲဖြစ်နေသေး၏။ ဆွေဆွေဦးဘက်ကလည်း သူ့အပေါ် ယိမ်းညွှတ်နိုင်သည်ဆိုတာ ခန့်မှန်းမိသော်လည်း သူ့အချိန်စောသေး၍ အောင့်အီးသည်းခံနေရပါသည်။ သို့သော် ရှေ့အပတ်ထဲတွင်တော့ သူဖြစ်ချင်ရာဖြစ် ဆွေဆွေဦးကိုသူမနှစ်သက်သော နည်းလမ်းအတိုင်း ရည်းစားစာပေး၍ချစ်ရေးဆိုရန် စိတ်ထဲဆုံးဖြတ်ချက် ချထားလိုက်တော့၏။ ဤကိစ္စအတွက် အခုကတည်းက ဝေလင်းထဲတွင် ကြိုတင်မျက်နှာချိုသွေးထားရန် အောင်သန်းကြီးတစ်ယောက်ခေါင်းထဲတွင် အစီအစဉ်များချမှတ်ထားလိုက်သည်။ ထို့ကြောင့် ညနေအပြန်လမ်းဆုံက ဝက်ခေါက်ဆွဲလေးဝယ်၍ ဝေလင်းအတွက်သွားပို့လိုက်ဦးမည်ဟု စိတ်မှာတေးထားလိုက်၏။ အဘယ်ကြောင့်ဆိုသော် ဝေလင်းသည်ဟိုတစ်နေ့က ဝက်ခေါက်ဆွဲလေးစားရရင် ဘယ်လောက်ကောင်းမလဲဟု သူ့ရှေ့တွင် ညည်းညူဖူးသောကြောင့်ဖြစ်ပေသည်။ အခုချိန်တွင် အောင်သန်းကြီးစိတ်ထဲတွင် မိမိခိုင်သည်ရေးရေးမျှတောင်မရှိတော့ပေ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

ပစ်မှတ်(၂)

(သို့မဟုတ်)

# စိန်ကုလား

၈၃

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဒေဝူးကက်ဆက်လေးကို လှည့်ပတ်ကြည့်ရင်း စိန်ကုလားတစ်ယောက် သူ့ဦးနှောက်ကိုတစ်ချက်ချက်မြည်အောင်အလုပ်ပေးလိုက်သည်။ ကက်ဆက်က အလတ်ကြီးတော့ရှိသေး၏။ သို့သော် မော်ဒယ်(လ်)ကတော့ အတော်အောက်နေပြီ၊ ဒါမျိုးရောင်းတန်းမဝင်တော့မှန်း စိန်ကုလား နားလည်ထားသည်။ သို့သော် သူ့တွင် ကက်ဆက်ကောင်းကောင်းတစ်လုံးလောက်တော့ လိုနေ၏။ အခုလက်ရှိကက်ဆက်ကလည်း အိုင်စီကြောင်သလိုလိုဖြစ်နေ၍ သိပ်မကောင်းတော့၊ ထို့ကြောင့် စိန်ကုလားသည် သူ့ရှေ့ကလူကို တစ်ချက်မျက်လုံးလှန်ကြည့်ကာ . . .

"အစ်ကို တောင်းတဲ့ဈေးတော့ မရနိုင်ဘူးအစ်ကို . . . အစ်ကို့ကက်ဆက်ကလည်း မြင်တဲ့အတိုင်းပဲ မော်ဒယ်(လ်)လည်းတော်တော်အောက်နေပြီ၊ ပြီးတော့ ဒါမျိုးကစပယ်ယာပတ်(စ်)လည်း ထပ်မဝင်တော့ဘူး . . . အင်း . . . ကျွန်တော် သုံးဖို့ယူမယ်ဆိုရင်တောင် အနစ်နာခံယူရမှာအစ်ကိုရဲ့ . . . ဒီမှာလေ မော်တာကြီးလည်း လဲရဦးမှာမဟုတ်လား"

ပြောပြီး သူ့ရှေ့က လူရဲ့အခြေအနေကို အကဲခတ်လိုက်၏။ ထိုလူ မတင်မကျအမူအရာဖြစ်သွားကာမြင်လိုက်ရ၍ စိန်ကုလားအားတက်သွားသည်။ သူ့လုပ်ငန်းအတွေ့အကြုံအရ ဒါလောက်ဆို ဒီကောင်အတော်လေးဗိုက်နာနေပြီဆိုတာ ခန့်မှန်းမိလိုက်သည်။ သို့သော်မျက်နှာကို သိပ်စိတ်မဝင်စားသည့်အမူအရာဖမ်းထား၍ . . .

"အင်းလေ . . . အစ်ကိုထားချင်လည်းထားသွားပေါ့ . . ကျွန်တော်ကတော့ ဒီကောင်ကြီးကို တစ်ထောင်လောက်ပဲပေးနိုင်မယ်"

သူ့ဘက်က ဈေးစကားစဆိုလိုက်ရင်ပဲ သူ့ရှေ့ကလူနည်းနည်းလှုပ်လှုပ်ရှားရှားဖြစ်လာပြီး . . .

"ဟာ . . . တစ်ထောင်တော့မလုပ်ပါနဲ့ဗျာ . . . ထောင့်ငါးရာလောက်တော့လုပ်ပါ. . . ကက်ဆက်ကဖွင့်လို့ရပါသေးတယ်ဗျာ"

"သူ့ခေါင်းကို လေးတွဲ့စွာခါပြလိုက်ပြီး . . ."

"အဲဒီလောက် မကျွာဘူးအစ်ကိုရဲ့ . . အင်း . ."

သူ သံရှည်ဆွဲတစ်ချက်စဉ်းစားပြီး

"နောက်ဆုံးဈေး ထောင့်နှစ်ရာယူဗျာ . . . ကဲ . . . ကြိုက်ရင်ပစ္စည်းထားခဲ့တော့"

ဟိုလူ နည်းနည်းတွေဝေသွားပြီ။ နောက်ဆုံးတော့ သဘောတူ

www.burmeseclassic.com



လိုက်ကာ အရောင်းအဝယ်တည့်သွားတော့သည်။ ထိုလူထွက်သွားပြီးနောက် စိန်ကုလားသည်ကက်ဆက်ကလေးကို မကာလေကလေးချွန်ပြီး အိမ်အနောက်ဘက်သို့လှည့်ဝင်သွားတော့၏။ သူကျောင်းသွားဖို့ပြင်ရဆင်ရဦးမည်။ တိုင်ကပ်နာရီကိုကြည့်လိုက်တော့ (၉)နာရီထိုးဖို့(၁၀)မိနစ်။

သူ၊ ကားပေါ်မှဆင်းဆင်းချင်း လျှော့တိလျှော့ရဲဖြစ်နေသောဗုဆိုးကို တစ်ချက်ပြင်စည်းကာ လွယ်အိတ်ထဲတွင်သေချာထိုးထည့်လာသော နှင်းဆီပွင့်ကလေးကိုဆွဲထုတ်လိုက်သည်။ ကားက လူနည်းနည်းကြပ်၍ နှင်းဆီပွင့်ကပုံအနည်းငယ်ပျက်နေသော်လည်း ဒါလောက်ဆိုအသုံးပြုလို့ရသေးကြောင်း သူသိသည်။ ပထမဦးစွာ ဓာတုဗေဒအဆောင်များရှိသည့် သိပ္ပံဘက်သို့သူ့ခြေဦးကိုစတင်လှမ်းလိုက်တော့၏။ သူ့ဦးတည်ရာက အေးအေးသန်း(ခေါ်)ဆူစီလားဆီသို့. . .၊ သူ့ဘဝတစ်လျှောက်လုံးတွင်အေးဆေးတည်ငြိမ်စွာ အိပ်မောကျနေခဲ့သော သူ့နှလုံးသားလေးသည် ဆူစီလား၏အကြည့်တစ်ချက်အောက်တွင်အလန့်တကြားနိုးထလာခဲ့ရသည်။ ဆူစီလားနှင့်သူဓာတုဗေဒ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို သူသွားလည်ရင်းက တွေ့လာခဲ့ခြင်းဖြစ်သည်။ သူက ထိုအချိန်တွင် ပထမနှစ်(ဒုတိယ)အကြိမ်ပြန်ဖြေနေသည့် ကာလပင်၊ တွေတွေချင်းစူးရှတောက်ပသော ဆူစီလားအကြည့်တွင် သူ့နှလုံးသားသည် ကုန်းပေါ်ရောက်သောငါးတစ်ကောင်ပမာ ဖျပ်ဖျပ်လူးသွားခဲ့၏။ သို့သော် ပထမနှစ်ကတည်းကချစ်လာရသူကလေးကို ယခုဖိုင်နယ်ရီးယားသို့ရောက်ခဲ့သည့်တိုင် အဆင်မပြေနိုင်သေးပေ၊ ဒါပေမယ့် သူကတော့လက်မလျှော့ ကြံရင်ကြံသလိုသွားသည်။ လစ်ရင်လစ်သလို စကားလိုက်ပြော၏။ ရလဒ်ကတော့အားရစရာမကောင်းပါ၊ ဟိုတစ်နေ့ကဆို ပါးရိုက်ခံရဖို့တောင် အတော်လေးနီးသွား၍ သူမနည်းထွက်ပြေးခဲ့ရသည်။ အဲဒီ့လောက် သူ့ဘဝကအဆင်ပြေချောမွေ့၏။ အခုလည်း မနက်ဈေးထဲမှာ ဝယ်လာသောနှင်းဆီပွင့်ကလေးကို ဆူစီလားလွယ်အိတ်ထဲ သူမ၊ မသိအောင်သွားထည့်ပြီးပြန်လာမည်ဟု ရည်ရွယ်၍ထွက်လာခဲ့ခြင်းဖြစ်၏။ ဒီနှင်းဆီပန်းလေးကိုမြင်တာနှင့် သူပေးတာမှန်းဆူစီလားသိနိုင်မှာပါ။ "မောင့်ဓာတုဗေဒလေးအတွက် ဒီကောင်ဟာပန်းဆက်သမား ဇျတ္တာပါကွယ်"

စိန်ကုလား တွေးချင်ရာတွေးလာ၍ မြေလမ်းကလေးအတိုင်းလျှောက်လာခဲ့ရာ မယ်ဒလီအရိပ်ကလေး တစ်ခုအောက်အရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများ တုံ့ခနဲရပ်သွားရသည်။ စိန်ကုလား မြွေတွေ့၍ရပ်လိုက်ရခြင်းမဟုတ်ပါ။ သူ့ပတ်ဝန်းကျင်တွင် ဘယ်မြွေသတ္တဝါတစ်ကောင်မှ လည်းရှိမနေပါ။ သို့သော်သူသွားမည့် လမ်းတည့်တည့်တွင် သတ္တဝါတစ်ကောင်ငုတ်တုတ်ထိုင်နေသောကြောင့်ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ရှည်လျားနက်မှောင်သော ဆံကေသာများပိုင်ဆိုင်ထားသော ကျောင်းသူလေးတစ်ယောက်သူသွားရာလမ်းကိုပိတ်၍ ငုတ်တုတ်ကလေး ထိုင်နေခြင်း ဖြစ်ပါသည်။ ထိုကျောင်းသူကောင်မလေးလက်ထဲတွင် အနီရောင်ကတ္တီပါ ဖိနပ်ထူထူလေးတစ်ဖက်ကို ကိုင်ထားခြင်းအားဖြင့် တစ်စုံတစ်ခုဖြစ်နေပြီဆိုတာ စိန်ကုလားသဘောပေါက်လိုက်၏။ သဘောပေါက်ခြင်းနှင့်အတူ သူ့ခန္ဓာကိုယ်ကလည်း ထိုကျောင်းသူကောင်မလေးအနားသို့ ဖွေ့ခနဲ ရောက်သွားကာ . . .

"ညီမ . . . အစ်ကို . . . ဘာကူညီရမလဲဟင်"

နက်မှောင်သောဆံကေသာများကြားမှ စိန်ပွင့်တစ်ပွင့်လက်ခနဲ တောက်သွားတာ စိန်ကုလားမြင်လိုက်ရသည်။ သို့သော်ကောင်မလေး စိန်နားကပ်ဝတ်ထားခြင်းမရှိပါ။ ကောင်မလေး မျက်ဝန်းများမှအရောင် တောက်သွားခြင်းဖြစ်ပါသည်။ စိန်ကုလား ထိုတဒင်္ဂအတွင်း တံတွေးကို သုံးခါလောက်မျိုချလိုက်ရ၏။

"ဟို . . . ညီမ ဖိနပ်ပြတ်သွားလို့ပါ အစ်ကို"

အားကိုးသံ အပြည့်ပါသော ကောင်မလေး၏ခပ်ချွဲချွဲအသံလေးကြောင့် စိန်ကုလားခွေကျမသွားရန် ကိုယ့်ကိုယ်ကိုယ်မနည်းထိန်းလိုက်ကာ . . .

"ဟုတ်လား . . . ဟာ . . . ဟုတ်ပါရဲ့ . . . ဪ . . ဒါလွယ်လွယ်လေးပါ အစ်ကိုကူညီပေးပါ့မယ် . . . ပေး . . ညီမလေး ဖိနပ်"

စိန်ကုလား ကောင်မလေးဘေးတွင် ဖွေ့ခနဲထိုင်ချလိုက်ပြီး ဖိနပ်ကိုဆွဲယူသည်။ လေအသင့်တွင် ကောင်မလေးထံမှကိုယ်သင်းရနံ့လေးသည် စိန်ကုလား နှာခေါင်းကိုပွေ့ဖက်ကျီစယ်သွား၏။ စိန်ကုလား တံတွေးကိုသာ ဘယ်နှခါမှန်းမသိမျိုချနေမိကာ သူ့လက်ထဲရောက်လာသော ဖိနပ်ကိုကြည့်၍ ဘယ်လိုလုပ်လိုက်ရင် အဆင်ပြေမယ်ဆိုတာ တွက်ပြီးသားဖြစ်၏။ ထို့ကြောင့် လွယ်အိတ်ထဲမှ ကွန်ပါဘူးကိုထုတ်၍ သူ့လုပ်ငန်းကိုစတင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . အားနာစရာ အစ်ကိုရယ် . . . အစ်ကို ဘုန်းတွေနိမ့်ကုန်ပါဦးမယ်"

"ဟီး . . . ဟီး . . . ရပါတယ်ညီမရယ် . . အချင်းချင်းတွေပဲ . . . နိမ့်ပါဘူး . . . ဟဲ . . . ဟဲ"

စိန်ကုလား၏ဖြူဖွေးသောသွားများသည် နေရောင်ခြည်အောက်တွင်ဝင်းဝင်းတောက်နေပေပြီ၊ ပါးစပ်နှစ်ဖက်ကလည်း နားရွက်တက်ချိတ်ရန် လက်မအနည်းငယ်သာလိုပါတော့သည်။ စိန်ကုလားတစ်ယောက် ဖိနပ်ချုပ်နေရသည်ကို မိုးမမြင်လေမမြင်ဖြစ်နေရာမှ ကောင်မလေးကို တစ်ချက် တစ်ချက်ခိုးခိုးကြည့်ရသေး၏။ သူကြည့်လိုက်တိုင်း ကောင်မလေး၏မျက်ဝန်းနက်နက်ကလေးများနှင့် သွားသွားဆုံသည်။ ဆုံလိုက်တိုင်း ကောင်မလေးက အလှဆုံးပြုံးပြုံးပြ၏။ စိန်ကုလားရင်ခုန်ရလွန်း၍ လက်တွေ ခြေတွေတောင်တုန်လာတော့သည်။ ခဏကြာတော့ လုပ်ငန်းအားလုံးပြီးဆုံးသွားလေပြီ . . . စိန်ကုလားဖိနပ်ကို ကောင်မလေးထံ ပြန်ပေးရင်း . . . ၊

"ဖြည်းဖြည်းစီးသွားနော် . . . တော်ကြာလမ်းမှာထပ်ပြတ်နေဦးမယ် . . . အစ်ကိုကစိတ်ပူလို့ပါ"

စိန်ကုလား စကားကိုစတင်တောက်ကြည့်လိုက်သည်၊ အရာတော်တော်ရောက်သွားပါသည်။ ကောင်မလေးက ပြုံးပြုံးလေးကြည့်ရင်း သူ့ကိုပြန်ပြော၏။

"ခစ် ခစ် . . . စိတ်ပူရင်အစ်ကိုလိုက်ပို့ပေးပေါ့"

စိန်ကုလား သူ့ကိုယ်သူမြေကြီးနှင့်ပေ (၂၀)လောက်လွတ်သွားသည်ထင်လိုက်ရ၏။ ရင်ထဲမှာ အေးခနဲမြောက်တက်သွားပြီး မျောက်အုန်းဆီးရသလို ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်သွား၍ ကောင်မလေးက . . .

"အစ်ကို . . . ဘာလဲ . . လိုက်မပို့ချင်ဘူးပေါ့ ဟုတ်လား"

သူ့ခန္ဓာကိုယ်သည် တီကောင်ဆားထိသလို တွန့်ခနဲတစ်ချက်လိမ်သွားပြီး

"ဂျာ . . . ဟုတ်ပါဘူး . . အစ်ကိုက ပို့ချင်တာပေါ့ . . ဝလ"

"ခစ် . . ခစ် . . ခစ် . . . ခစ် ဒါဆိုလိုက်ပို့လေ"

ပြောပြီး ကောင်မလေးက ရှေ့မှဦးဆောင်ထွက်သွား၏ သူက



www.burmeseclassic.com

www.burmeseclassic.com


တော့ ကောက်ကောက်ပါအောင်ပါသွားတော့သည်။

စိန်ကုလားတစ်သက်နှင့်တစ်ကိုယ် ဒီတစ်ခါပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဖူးသေး၏။ စန်းထလာသော သူ့ကံဇာတာကိုလည်းမယုံကြည်နိုင်တော့ပေ၊ သို့သော် ကံထတုန်းအပိုင်အသုံးချရမည်ဟု တွက်ကာ . . .

"ဒါ . . ဒါနဲ့ ဒီကညီမနာမည် ဘယ်လိုခေါ်လဲဟင် . . ."

စိန်ကုလား ပထမတိုက်စစ်ကို မဝံ့မရဲစတင်လိုက်သည်။

"ယဥ်ယဥ်သိန်းပါ"

"နာမည်လေးကလှတယ်နော်"

"ခစ် . . ခစ် . . အစ်ကိုက နောက်တော့မယ်"

"အဟီး . . . မနောက်ပါဘူးတကယ်ပါ . . . နာမည်လေးလည်း ယဥ်သလို လူကလည်းအရမ်းယဥ်တာပဲ . . . ဒါနဲ့ဘယ်မေဂျာကလဲဟင်"

စိန်ကုလား ဒုတိယတိုက်ကွက်ကို ဆက်ဖော်သည်။

"ဥပဒေကပါ"

"ဩော် . . . ပထမနှစ်ကလား"

"ဟုတ်"

စိန်ကုလားရင်ထဲတွင် ကျိတ်ပျော်သွား၏။ ဒါလောက်ဆို သူ့အတွက်ဖူလုံသွားပေပြီ၊ ဒီလောက်သတင်းအချက်အလက်စုံလျှင် မနက်ဖြန်များစွာသည် စိန်ကုလားအတွက် ပူစရာမလိုတော့ပေ၊ ထိုအချိန်တွင် စိန်ကုလားစိတ်ထဲ၌ ဆူစီလားသည်စကြဝဠာအတွင်းမှ မြူမှုန်တစ်ခုလို ပျောက်ချင်းမလှ ပျောက်သွားပေပြီ၊ မနက်ကနှင်းဆီပန်းသည်လည်း ဘယ်နားထားလို့ ထားခဲ့မိမှန်းမသိတော့ပေ။

♠ ♠ ♠


www.burmeseclassic.com

www.burmeseclassic.com

မင်မှတ်များစိန်ခုံချက်

(သို့မဟုတ်)

# ဝေလင်း

ဂျ

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာရာဇဝင်တွင် နရသီဟပတေ့မင်းသည်ဟင်းပွဲတစ်ရာပြည့်မှပွဲတော်တည်သည်ဟုကြားဖူးသည်။ အခုတလော ဝေလင်းတစ်ယောက်ဟင်းပွဲတစ်ရာမပြည့်သော်လည်း နှစ်မျိုးသုံးမျိုးလောက်တော့ အနည်းလေးစား စားနေရသည်။ ယခင်က လကုန်ရက်များတွင် ဘဲဥကြော်တောင်အနိုင်နိုင်စားနေရသော သူ့ဘဝသည်အခုတော့ အခေါက်ကင်လောက်ကိုအနိမ့်ဆုံးထား စားနေလေသည်။ ဤအခြင်းအရာများကိုကြည့်ခြင်းအားဖြင့် ဝေလင်းတစ်ယောက် သိန်းထီပေါက်ပြီး ချမ်းသာသွားပြီမထင်လိုက်ကြပါနှင့်၊ ဝေလင်းကတော့ ယခင်ဝေလင်းအတိုင်းပဲဖြစ်ပါသည်။ ဘာမှမပြောင်းလဲပါ၊ သို့သော် သူကမပြောင်းလဲသော်လည်း သူ၏ချစ်သူငယ်ချင်းများဖြစ်ကြသော အောင်သန်းကြီးနှင့်စိန်ကုလားတို့မှာ နေ့ချင်းညချင်းပြောင်းလဲသွားသောကြောင့်ပင်ဖြစ်ပေသည်။

ယခင်က လက်ဖက်ရည်တစ်ခွက်လောက် ထွက်ကျလာရန်အာပေါက်မတတ် ချူဆီထည့်ရတတ်သော အောင်သန်းကြီးသည် ယခုသူ့အပေါ် ခေါက်ဆွဲကြော်တစ်ထုပ်လောက်ကို ညည်းပြုံနှင့်ရှေ့တော်မှောက်အရောက်လာပေးတတ်၏။ ကိုယ့်အတွက် အကျိုးမရှိလျှင်ရေတောင် ဗိုက်အလေးခံပြီး မသောက်တတ်သောစိန်ကုလားမှာလည်း သူ့ကိုအရိပ်တကြည့်ကြည့်ဖြစ်လာသည်။ ဟိုနေ့ကဆို သူသိပ်နေမကောင်းချင်ဘူး . . . ညည်းမိရုံနှင့် ညနေကျကော်ဖီမစ်ပေါင်ထုပ်ကြီး တစ်ထုပ်သူ့စားပွဲပေါ်ရောက်လာလေသည်။ အခုလည်း ဝေလင်းတစ်ယောက် သူ့ခုတင်ဘေးကစားပွဲပေါ်တွင်တင်ထားသော စားသောက်ဖွယ်ရာများကိုကြည့်ရင်း စဉ်းစားခန်းဝင်နေမိသည်။ ယခင်က ရေနွေးကြမ်းတောင် နပ်မှန်အောင်မရှိရှာသော သူ့စားပွဲလေးသည်အခုတော့မိုင်လို၊ ကော်ဖီမစ်၊ ကိတ်ခြောက်၊ ယမ်ယမ်ခေါက်ဆွဲ၊ မာမီးခေါက်ဆွဲတို့နှင့် ပြည့်ကျပ်နေပေသည်။ ဝေလင်းထိုပစ္စည်းများကို ကြည့်ရင်းမေးစေ့ကိုပွတ်ကာ အလေးအနက်တစ်စုံတစ်ရာကိုစဉ်းစားနေတော့၏။

သူ့ဘဝသည် သူတောင်းစားဖုတ်သွင်းရထားဆိုက်ကိန်းဖြစ်နေလေပြီ၊ နေ့ချင်းညချင်း ပြောင်းလဲသွားသော သူ့ကံကြမ္မာကို သူပြန်သုံးသပ်ကြည့်၏။ သူ ဒီလောက်ကံတက်လာစရာအကြောင်းမရှိ၊ ဒါသွေးရိုးသားရိုးမဟုတ်နိုင်၊ ပြီးတော့ သူ့ကိုပူဇော်ပသသူများမှာ အခြားသူများမဟုတ်၊ အောင်သန်းကြီးနှင့်စိန်ကုလား၊ ဒါကြောင့် ပိုဆိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ သူ့ကိုဒီလောက်အရိပ်တကြည့်ကြည့် ဂရုစိုက်နေစရာ အကြောင်းမရှိ၊ ထို့ကြောင့် ယခုလိုပုံမှန်မဟုတ်သော ရာသီဥတုနောက်ကွယ်တွင် အင်မတန်လျှို့ဝှက်ဆန်းကြယ်သော ရာသီတစ်ခုရှိရမည်ဟု ဝေလင်းဆင်ခြင်သုံးသပ်မိ၏။ သို့သော် ဘယ်လိုရာသီလည်း ဒါမှမဟုတ် ဘယ်လိုဥတုမျိုးလဲ ဆိုတာတော့ ဝေလင်းမခန့်မှန်းနိုင်ပေ . . . .

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု သာယာလှပသောနေ့တစ်နေ့ဖြစ်ပါသည်။ ဒဂုံတက္ကသိုလ်ကြီးတွင် ထုံးစံအတိုင်းကျောင်းသား၊ ကျောင်းသူများ လှုပ်ရှားသွားလာနေကြသည်။ ကဲန်တင်းများတွင် ထုံးစံအတိုင်းလူများပြည့်ကျပ်ဆူညံနေကြ၏။ စာသင်ခန်းလွတ်များတွင် ထုံးစံအတိုင်းအတွဲလေးများရှိနေကြသည်။ ဆရာမများကလည်း ထုံးစံအတိုင်းစာသင်ပြရန်တက္ကသိုလ်သို့လာတက်ကြ၏။ ထို့တစ်နေ့တွင် ဝေလင်းတစ်ယောက်လည်းထုံးစံအတိုင်းမြန်မာစာကဲန်တင်းတွင် ထိုင်လျက်ရှိပါသည်။

ဘေးဝိုင်းမှကျောင်းသားတစ်စုထံမှ သီချင်းတစ်ပုဒ်ပြီးဆုံး၍ နောက်တစ်ပုဒ်ဆက်သွားချိန်တွင် အောင်သန်းကြီးနှင့်စိန်ကုလားတို့နှစ်ယောက်ကဲန်တင်းအတွင်း ဝင်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟီး . . . ဟီး . . . ဟီး . . ."

"အဟဲ . . . ဟဲ . . ဟဲ . . ."

ဝေလင်းရှေ့ရောက်သည်နှင့် ရှေးဦးစွာမျက်နှာချိုသွေးလိုက်သည်။ ပြီးမှ အသီးသီးဝင်ထိုင်ကြ၏။ စိန်ကုလားကရုပ်နှင့်မလိုက်အောင် အပြုံးနွဲ့နွဲ့တစ်ခုကို တပ်ဆင်ကာ . . .

"အဟီး . . ဟီး . . . နေကောင်းတယ်နော်သူငယ်ချင်း"

အလွန်တရာ ယဉ်ကျေးသောနှုတ်ဆက်ခြင်းဖြစ်သည်ဟု ဝေလင်းထင်မိသည်။ သူနှင့်ဒီကောင်တွေကြားတွင် ဒီလိုအရေးတယူဆက်ဆံရေးမျိုး ဘယ်တုန်းကမှမရှိခဲ့ပေ။ သို့သော်အခြေအနေကိုသိချင်၍ . . . .

"အေး . . ."

ဝေလင်း အသံပြတ်နှင့်ပြောပြီး ခပ်တည်တည်ဆက်နေလိုက်သည်။ ထင်မှတ်မထားသော ဝေလင်းအမူအရာကြောင့် စိန်ကုလားအူတူတူဖြစ်သွား၏။ သူ့ဇာတ်လမ်း သူဘာဆက်လုပ်ရမှန်းမသိဖြစ်သွားတော့သည်။ ထိုအချိန်တွင် အောင်သန်းကြီးကဝင်လာတော့သည်။

"မင်း . . . . နေမကောင်းဘူးထင်တယ်နော်"

ဝေလင်း အောင်သန်းကြီးကို တစ်ချက်စိုက်ကြည့်ပစ်လိုက်သည်။ အောင်သန်းကြီးနေစရာမရှိဖြစ်သွား၏။

"ကောင်းပါတယ် . . ."

အသံပြတ်နှင့်ပြောပြီး ခုနအတိုင်း ခပ်တည်တည်ပြန်နေလိုက်ပြန်သည်။ အောင်သန်းကြီးနှင့်စိန်ကုလားတစ်ယောက်မျက်နှာတစ်ယောက်ဝေလင်းမသိအောင်ခိုးကြည့်၍ . . . "ဘာဆက်လုပ်ကြမလဲ" ဆိုသည့်အမူအရာနှင့်တစ်ယောက်အကြံတစ်ယောက်တောင်းကြသည်။ ဝေလင်း မသိချင်ယောင်ဆောင်နေလိုက်၏။ ခဏနေတော့ အောင်သန်းကြီးက မအောင့်အီးနိုင်တော့ဘဲ . . . .

"ဝေလင်း . . . ဟို . . . ဟို . . . ငါတို့ကို တစ်ခုလောက်ကူညီပေး . . . ပေးပါလားသူငယ်ချင်းရာ"

ဝေလင်းရေနွေးကြမ်းကို စိမ်ပြေနပြေမှုတ်သောက်နေလိုက်သည်။ အောင်သန်းကြီး လျှာဖြင့်နှုတ်ခမ်းကို တစ်ချက်သပ်လိုက်ပြီး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . ငါ . . . တို့ ဒီတစ်ခါ နောက် . . . နောက်ဆုံးပါ သူငယ်ချင်းရာ . . . တို . . . ဟိုလေ . . ငါ . . ငါတို့နှလုံးသားလေးဟာ . . . မင်းကယ်မှ . . ."

ဝေလင်း ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ အောင်သန်းကြီးက စကားပြောရင်း တန်းလန်းရပ်သွား၏။ သူ့ခမြာဘာကြောင့်မှန်းမသိ ဆရာကြီးရှေ့ရောက်သော တပည့်လေးတစ်ယောက်လို ဝေလင်းကိုလန့်နေမိသည်။ ဝေလင်းကခပ်တည်တည်နှင့်

"လိုရင်းပြောကွာ . . . ."

ဘာပဲဖြစ်ဖြစ် အောင်သန်းကြီးနည်းနည်းတော့ သွေးရဲသွားပြီး . .

"ဟို . . ဟို . . ငါတို့နှစ်ယောက်ကို မင်းရည်းစားစာတစ်စောင်စီ လောက် . . . အဲဒါ . . ."

ဝေလင်းသက်ပြင်းကိုလေးတွဲ့စွာချ၍ . . .

"ငါမှ အဲဒါတွေမလုပ်တော့တာ မင်းလည်းသိတာပဲ"

ဝေလင်းစကားကြောင့် အောင်သန်းကြီးတင်မက စိန်ကုလားပါ တုန်လှုပ်ချောက်ချားသွား၏။ သူတို့ကိစ္စကို ဝေလင်းငြင်းပစ်လိုက်မှာကို အနုမြူပုံးကွဲမှာထက်ဆိုးနေသေးသည်။

"အဲ . . . အဲဒီလိုတော့ ထစ်ထစ်ချမလုပ်လိုက်ပါနဲ့ကွာ . . . ငါတို့က မင်းရဲ့အခင်ဆုံးသူငယ်ချင်းတွေပဲဝေလင်းရာ . . . ဒီတစ်ခါပဲ ငါတို့အတွက် မင်းနောက်ဆုံးကူညီပေးပါကွာ"

ဝေလင်း နှစ်ကောင်စလုံးကို ခပ်တည်တည်ကြီးစိုက်ကြည့်နေရာမှ တဖြည်းဖြည်းပြုံးစစဖြစ်လာပြီး . . .

"အေးလေ ငါကလည်း မလုပ်ပေးဘူးလို့ ဘယ်မှာပြောရသေးလို့လဲ . . ."

နှစ်ကောင်လုံးပထမတော့ ကြက်သေသေသွားသည်။ နောက်တော့မှ . . . .

"ဟာ . . . မင်းကွာ"

ဝေလင်းကိုပြိုင်တူထုရိုက်လိုက်ကြတော့၏။

ဝေလင်းလည်း တဟီးဟီးရယ်ရင်း ပျော်နေပါတော့သည်။ ဘာပဲဖြစ်ဖြစ် ဒီသူငယ်ချင်းတွေအတွက်တော့ သူ့လက်စွမ်းလက်စကို အစွမ်းကုန်ပြရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေကို သူစွဲစေချင်ပါသည်။ ကောင်းကင်ကိုမော့ကြည့်လိုက်တော့ တိမ်ဆိုင်ဖြူတို့အလိပ်လိုက်တက်နေကြ၏။ တော်တော်လှသည့်ကောင်းကင်ပန်းချီကားတစ်ချပ်ဟုဝေလင်းထင်မိတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလင်း
ချစ်သူ

လူသုံးယောက်ရှိသည့် စကားဝိုင်းသည်လိုအပ်တာထက်ပိုမို တိတ်ဆိတ်ငြိမ်သက်နေသည်။ အထူးသဖြင့် သူမတို့သုံးယောက်ရှိသည့် စကားဝိုင်းလေးသည် ထိုသို့ငြိမ်သက်နေသည်မှာ သဘာဝကိုလွန်စွာဆန့်ကျင်ရာရောက်ပါသည်။ သို့သော် မည်သို့ပင်ဆိုစေ သူမတို့ကြည့်နေသောအရာမှာ အသက်မဲ့နေနေသာပန်းရောင်စက္ကူကလေးနှစ်ရွက်ပင်ဖြစ်ပါတော့သည်။

သူမတို့ သုံးယောက်အလယ်တွင် ပက်လက်ကလေးလဲနေသော စက္ကူကလေးကို တစ်ဦးစီစိတ်ဝင်စားစွာ ကြည့်နေရာမှ သူမတို့သုံးဦးထဲမှ တစ်ယောက်က ထပြောသည်။

"ငါဖြင့် ယုံတောင်မယုံဘူးဟယ် . . . မျက်စိနဲ့မြင်ရလို့သာယုံရတာ . . . လူတစ်ယောက်ဟာ အဲဒီလောက်ထိ လုပ်ဆောင်နိုင်မယ်လို့ ငါမထင်မိဘူး"

နောက်တစ်ယောက်က ဝင်ပြောသည်။

"အခု . . နင်မြင်တဲ့အတိုင်းပဲလေ . . . မယုံလို့မှမရတာ. . ကဲ ဒီစာရွက်ကို တခြားလူတစ်ယောက်သာပြကြည့်ပါလား . . . လူတစ်ယောက်တည်းဆီက ထွက်လာတဲ့စာရွက်နှစ်ရွက်လို့ ဘယ်သူထင်မလဲ"

ပထမပြောသောကောင်မလေးက ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်၍ . . .

"အင်း . . . ဒါကြောင့်လည်း သူဟာသူ့ပတ်ဝန်းကျင်မှာ နာမည်တစ်လုံးနဲ့နေနေတာဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com


စကားဝိုင်းလေး ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ အတော်လေးကြာသည်အထိ ငြိမ်သက်သွားပြီးမှ တစ်ချိန်လုံးငြိမ်နေသည့် ကောင်မလေးက ထပြော၏။

"ငါ . . . အဲဒီ လျှို့ဝှက်ချက်ကိုသိချင်လို့ သူ့ဆီကစာနှစ်စောင်ကိုဒီလိုမရမက ကြိုးပမ်းလိုက်ရတာပဲ"

ကျန်တဲ့ ကောင်မလေးနှစ်ယောက် ဘာမှပြန်မပြောဘဲ သူမကိုသာငေးကြည့်နေသည် . . . သူမက စကားဆက်၏။

"အခု . . . ငါလိုချင်တဲ့ အဖြေတစ်ခုကိုရပြီ . . . အဲဒီအတွက်နင်တို့ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်"

ကောင်မလေးနှစ်ယောက် သက်ပြင်းပြိုင်တူချ၍ . . .

"ဒါနဲ့ နင် အခုဒီအဖြေကိုသိတော့ ဘာဆက်လုပ်မလို့လဲ"

ကောင်မလေးရုပ်သည် အလေးအနက်ဖြစ်သွားပြီး . . .

"နင်တို့စောင့်ကြည့်နေပါ . . . ဇာတ်လမ်းက အခုမှစတာ"

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင် ပြန်လည်တိတ်ဆိတ်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၂)

# ဝေလီဝေလင်း



တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

ဘွဲ့နှင်းသဘင်ရှေ့မှ ကွန်ကရစ်ပတ်လမ်းကလေးသည် လူရှင်း၍တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ချက် တစ်ချက်တောတန်းလေးဘက်မှကျေးငှက်သံများကို လေအသင့်တွင်တိုးတိုးလေးကြားနေရ၏။ အလယ်ခေါင်မြက်ခင်းပြင်တွင် အလှဓာတ်ပုံရိုက်နေကြသော ကျောင်းသူတစ်အုပ်နှင့် ဘွဲ့နှင်းသဘင်တိုင်ကြီးများကိုမှီ၍ ငိုက်မျဉ်းနေကြသောကျောင်းသားတစ်စုမှလွဲ၍ အရာရာအေးဆေးငြိမ်သက်နေသည်ဟုဆိုရပေမည်။

ဝေလင်းသည် ဘွဲ့နှင်းသဘင်ရှေ့သို့(၁၀)နာရီမထိုးခင်ကတည်းကရောက်နေသည်။ ရောက်နေသည်ဆိုကတည်းက ဝေလင်းတွင် အကြောင်းကိစ္စတစ်စုံတစ်ရာရှိရလိမ့်မည်ဆိုတာ သေချာလှပါသည်။ သူ ဝေလင်းတွင် အကြောင်းကိစ္စတစ်ခုနှင့်လာတိုးနေသည်။ ထိုအကြောင်းကိစ္စကို သူကိုယ်တိုင်လည်း ဘာမှန်းမသိသေးပေ၊ သို့သော် ကာယကံရှင်ကိုယ်တိုင်က ဤနေရာတွင်ဆက်ဆက်စောင့်နေပါဟု မှာသွားခဲ့သည် သူလည်း ဆက်ဆက်လာခဲ့ပါမည်ဟု မနေ့ညက အဆောင်သို့ [illegible] တာ သူ့ကိုခေါ်ပြီးအ[illegible]ပ်ထပ်အခါခါပြောသွားခဲ့၏။ အဆောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုသိသူမှာ အောင်သန်းကြီး၊ စိန်ကုလားနှင့် သူ့အိမ်မိသားစုလောက်သာ ရှိ၍ ဤအသံရှင်မိန်းကလေးသည် သူ့ဒီအဆောင်မှာနေခြင်းနှင့်အဆောင် ဖုန်းနံပါတ်ကို မည်သို့ရသွားသနည်း၊ ထို့အပြင် ထိုမိန်းကလေးသည် ဘယ်သူနည်း။ ဝေလင်းမေးခွန်းပေါင်းများစွာနှင့် ညကတစ်ညလုံး လူးလိမ့်နေခဲ့ရ၏။ သို့သော် သူလိုချင်သည့်အဖြေမှာတစ်စုံတစ်ရာထွက်မလာခဲ့ပေ။

ဝေလင်းကုန်ခါနီး ဆေးပေါလိပ်ကို နောက်ဆုံးတစ်ချက်ဖွာရှိုက်လိုက်ပြီး လက်နဲ့တောက်ထုတ်လိုက်သည်။ စိတ်စော၍ နာရီဝက်လောက်ကြိုရောက်နေသောကြောင့် အတော်လည်းညောင်းလိုက်လာပြီ၊ ဒါကြောင့် ထိုင်စရာနေရာရှိသော လှေကားထစ်များထံခြေဦးအလှမ်း၊ ဟွန်းသံတစ်ခုနားထဲတိုးဝင်လာ၏။

ဝေလင်း ကိုယ့်မျက်လုံးကိုယ်မယုံနိုင်အောင်ဖြစ်သွားတော့သည်။ သူ့ဒီကားကြီးကို ကောင်းကောင်းမှတ်မိသည်။ မမှတ်မိဘဲ နေနိုင်ပါမလား၊ သူကိုယ်တိုင် တက်မောင်းဖူးခဲ့သည့် ကားပေပဲ၊ ဝေလင်းအံ့သြငေးမောနေချိန်မှာပင် ကားထဲမှနတ်သမီးရှုံးလောက်သည့် ကောင်မလေးတစ်ယောက်ဆင်းလာကာ သူ့ကိုအလှပဆုံးပြုံးပြလိုက်သည်။ မိုနာလီဇာအပြုံးသည် ဒုတိယချိတ်သွားရပြီ၊ ကလီယိုပါထရာ၏အလှသည် သူမရှေ့တွင် လက်မှိုင်ချသွားရလောက်အောင် လှသောသူမကိုဝေလင်းအတန်ကြာငေးကြည့်နေမိ၏။

"ကိုဝေလင်း . . . နေကောင်းတယ်နော်"

"ဗျာ . . အဲ. . ကောင်း . . . ကောင်းပါတယ်"

ဝေလင်းအခုထိ ပယောဂဝင်သလို ကြောင်တောင်တောင်ကြီးဖြစ်နေသေး၏။

"ခစ် . . . ခစ်. . . . ခစ် ကိုဝေလင်းကလည်း ညီမကိုမမှတ်မိတော့ဘူးလားဟင်"

"ဟို . . မှတ်. . . မှတ်မိပါတယ်. . ဒါပေမယ့် အခု . . ဒီကို ဘာ . . . ဘာကိစ္စ"

"ကိုဝေလင်းကလည်း မေ့တတ်လိုက်တာ . . . ညကပဲ ကိုဝေလင်းဆီ ညီမဖုန်းဆက်ချိန်းထားတာလေ . . . မေ့နေပြီလား"

ဝေလင်းတစ်ကိုယ်လုံးတောင့်ခနဲဖြစ်သွားရ၏။ ညကဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းတာ သူမတဲ့ . . . ဒါဆို သူမနဲ့သူ ဘာကိစ္စပတ်သက်နေသနည်း၊ ဝေလင်း ဦးခေါင်းတစ်ခုလုံး အခွံကြီးပဲကျန်တော့သလို ဟာလာဟင်းလင်းကြီးဖြစ်သွားတော့၏။

"အဟင်း . . . ကိုဝေလင်း အံ့ဩသွားလို့လား . . ခစ် . . ခစ် . . မအံ့ဩပါနဲ့ဦး . . . နောက်ဆို ဒီထက်ပိုအံ့ဩရမှာသိလား"

ဝေလင်း ဘာမှပြန်မပြောဘဲ သူမကိုသာစိုက်ကြည့်နေမိသည်။ သူမကလည်း ဝေလင်းကို ပြန်လည်ကြည့်ကာပြုံးပြလိုက်ပြီး လက်ကိုင်အိတ်ကလေးထဲမှ တစ်စုံတစ်ရာကိုနှိုက်ထုတ်ကာ ဝေလင်းရှေ့တွင်ထုတ်ပြလိုက်တော့သည်။

"ဟင် . . ."

ဝေလင်းဦးနှောက်တစ်ခုလုံး ပွင့်ထွက်သွားမတတ် ဟာခနဲဖြစ်သွားကာ လဲကျမသွားရန် ကိုယ့်ကိုယ်ကိုယ်ထိန်းရင်း သူမလက်ကအရာကို ထိတ်လန့်တကြားကြည့်နေမိတော့၏။

"ဒါ . . ဒါ . . . မင်း . . . မင်း"

"ဒါ . . . ကိုဝေလင်းဟာ ဟုတ်ပါတယ်နော်"

ကောင်မလေး၏အမေးစကားအဆုံးတွင် ဝေလင်းကိုယ့်စိတ်ကိုယ်အတတ်နိုင်ဆုံးထိန်းလိုက်ကာ အရာရာကိုအသိစိတ်ပြန်သွင်းလိုက်၏။ ဒါသွေးရိုးသားရိုးကိစ္စတစ်ခု မဟုတ်တော့မှန်း ဝေလင်းနားလည်လိုက်ပြီ၊ သူ ဒီအချိန်မှာပျာနေ၍မဖြစ်တော့မှန်း သူသဘောပေါက်လိုက်၏။ သူကြောက်မက်ဖွယ်အကောင်းဆုံးထောင်ချောက်တစ်ခုထဲသို့ ဝင်မှန်းမသိဝင်မိနေမှန်း သူရိပ်မိလိုက်ပေပြီ . . ."

"ဒါနဲ့ နေပါဦး . . . ဒီစာနှစ်စောင်က ခင်ဗျားဆီ ဘယ်လိုရောက်နေတာလဲ"

ချက်ချင်းပြောင်းလဲသွားသော ဝေလင်းအသံကြောင့် ကောင်မလေးပြုံးသွားပြီး . . .

"ကိုဝေလင်းက ညီမကိုစိတ်ဆိုးသွားပြီထင်တယ် . . . ကိုဝေလင်း ညီမကိုနောက်တော့နားလည်လာမှာပါ"

ကောင်မလေးက ပြောပြီး စာနှစ်စောင်ကို သူ့ကိုတ်ဆံအိတ်ထဲ ပြန်ထည့်လိုက်၏။ ပြီးနောက် . . .

"ဒီစာနှစ်စောင်ဟာ . . . ကိုဝေလင်းရေးလိုက်တာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မဟုတ် ညီမအရင်ဆုံးသိချင်ပါတယ်"

ဝေလင်းသက်ပြင်းတစ်ချက်ချကာ . . .

"ဟုတ်တယ် . . . ဒါပေမယ့် ခင်ဗျားဆီဘယ်လိုရောက်နေတာလဲ . . . ဒါ ကိုယ့်သူငယ်ချင်းတွေအတွက် ကိုယ်ရေးပေးလိုက်တဲ့စာပဲ၊ ခင်ဗျားဆီရောက်စရာအကြောင်း တစ်စက်မှမရှိဘူး . . ."

ဝေလင်း၏ ပြတ်သားသောစကားကြောင့် ကောင်မလေးမျက်နှာ တစ်ချက်ညှိုးသွားကာ . . .

"ဆွေဆွေဦးနဲ့ယဉ်ယဉ်သိန်းဟာ . . . ညီမရဲ့ သူငယ်ချင်းတွေပါ"

"ဘာ . . ."

မိုးခြိမ်းသံကဲ့သို့ အာမေဍိတ်အသံနှင့်အတူ ဝေလင်းဒေါသထွက်စွာ ဝေလီ့ကိုချာခနဲလှည့်ကြည့်၏။

"မင်း . . . မင်း . . အတော်အကြံပက်စက်တဲ့မိန်းမပါလား . . ဘာမှအပြစ်မရှိတဲ့ ငါ့သူငယ်ချင်းနှစ်ယောက်ကို မင်းဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရတာလဲ . . . မင်းအရှုံးပဲ . . . မင်းရှုံးနေပြီ"

ဝေလင်း ဒေါသတွေ အစွမ်းကုန်ပေါက်ကွဲထွက်ကုန်တော့သည်။ အရှက်၊ သိက္ခာ၊ ပြီးတော့ မာနအားလုံးတစ်ပြိုင်နက်စုတက်လာပြီး မျက်စိထဲဘာမှမမြင်တော့ပေ၊ သူ့ရှေ့က ဝေလီသည် ယောကျ်ားလေးတစ်ယောက်သာဖြစ်ပါက အခုအချိန်မှာ စုတ်ပြတ်သပ်သွားပေတော့မည်။ ဝေလင်း ကိုယ့်စိတ်ကိုအထင်းထိန်းချုပ်လိုက်ပြီး စိတ်ကိုတစ်ချက်လျှော့ချလိုက်၏။ သူ့ဒေါသကြောင့် ကောင်မလေးတရှုံ့ရှုံ့ထငိုတော့သည်။

"ဟင် . . ."

ဝေလင်းကြောင်သွားသည်။ သူ့ရှေ့တွင် ရှိုက်ကြီးတငင်ငိုကြွေးနေသော ကောင်မလေးကိုကြည့်ပြီး ဝေလင်းခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့၏။ သူတစ်ခါမှ ဒါမျိုးမကြုံဖူး၍ ဘယ်ကဘယ်လိုစလုပ်ရမှန်းမသိအောင် ဖြစ်သွားရတော့၏။ နောက်ဆုံးကောင်မလေး၏ အငိုကပိုမိုသည်းထန်လာပြီး၊ ကြာလျှင် လမ်းလယ်ခေါင်ကြီး ဒီအတိုင်းမဖြစ်တော့မှန်း ဝေလင်းသဘောပေါက်လိုက်ကာ . . .

"ဟို . . ဟို . . တိတ် . . . တိတ် . . ဟို . . . ဆော်တီးနော် . . အဲ ဘာမှမဟုတ်ဘူး . . . မ . . မငိုနဲ့နော် . . . တိတ် . . တိတ်"



www.burmeseclassic.com

www.burmeseclassic.com



တတ်သလောက် မှတ်သလောက်လေး ချော့ကြည့်လိုက်၏။ မထူးပေ။

"အဟင့် . . ဟင့် . . ဟင့် . . . ကိုဝေလင်းကိုမုန်းတယ်"

မြတ်စွာဘုရား၊ ကိုဝေလင်းကိုတောင်မုန်းတယ်ဆိုပဲ . . ၊ သူ့ကိုလည်း ဘာမှမလုပ်ရဘဲ ဘယ်လိုဖြစ်သွားပါလိမ့်၊ ဒီကောင်မလေးစိတ်မှ နှလုံးရဲ့လားမသိပေ . . .

"ဟို . . ဟိုလေ. . . ကိုယ်က ရုတ်တရက်ဆိုတော့ . . . ဟို. . ဒေါသထွက်သွားလို့ပါ. . . အဲ. . . အဲဒါ . . . တောင်းပန်ပါတယ်. . . တိတ်တော့နော်"

ကောင်မလေးမတိတ်ပေ . . . ၊ ပိုတောင်ကဲလာသည်ထင်ရ၏။

"အဟီး . . ဟီး. . ဟင့် . . မတိတ်ဘူးသွား . . . သမီးကိုအော်ခံရတာ . . . အဟီး. . . ဟီး. . . ပါချုပ်နဲ့တိုင်မယ်"

ပါချုပ်အသံကြား၍ ဝေလင်းတစ်ကိုယ်လုံး အမွေးတွေထောင်တက်ကုန်၏။ ဘုရား . . . ဘုရား. . . ပါချုပ်နဲ့တိုင်မယ်ဆိုပဲ . . . ၊ ဝေလင်း နေရင်းထိုင်ရင်းကျောင်းထွက်ကိန်းတောင်ဆိုက်နေပေပြီ. . . ၊ဒီအဆင့်အထိတော့ ဘယ်လိုမှအရောက်မခံနိုင်၊ ကောင်မလေးကြည့်ရတာ တကယ်လုပ်မယ့်ပုံလေးဖြစ်သည်။ အန္တရာယ်ကို မဖြစ်မီ မဖြစ်ဖြစ်တဲ့နည်းနဲ့အမြန်တားရမည်ဟု ဝေလင်းဆုံးဖြတ်ချက်ချလိုက်ပြီး . . .

"ဟို . . ဟို ညီမလေးရယ် အချင်းချင်းတွေပဲဟာ . . . ပါ. . ပါချုပ်နဲ့တော့မတိုင်နဲ့နော် . . . ဟိုလေ. . . ညီမလေးခိုင်းချင်တာခိုင်း . . ကိုယ်. . . ကိုယ်လုပ်ပေးမယ်နော် . . . နော်လို့"

ဝေလင်းအပြုတ်နွဲ့ပစ်လိုက်၏။ မနွဲ့လို့လည်းမရတော့ပေ၊ ပြဿနာက ပါချုပ်အဆင့်ထိပါရောက်လာလေပြီ၊ အခုမှတော့ပေါက်တဲ့နဖူးမထူးတော့ပြီမို့ ပြဿနာမဖြစ်ရေးတွေးတောကြံဆနေရ၏။

မရွှေချောက အခုမှအငိုနည်းနည်းရပ်သွားကာ . . .

"တကယ်လား"

"ဂယ် . . . ဂယ်ပေါ့"

ဝေလင်းပျော့လွန်းလို့ အသံတောင်မပီတော့ . . ၊ ကောင်မလေးက သူ့အမူအရာကိုကြည့်ပြီး မျက်ရည်များကြားမှ တခစ်ခစ်ရယ်လေသည်။ တတ်လည်း တခဲနိုင်သည့်ကောင်မလေးပါပေ၊



www.burmeseclassic.com

www.burmeseclassic.com



"တဲ . . . ဒါဆိုလာ . . ကားပေါ်တက် . . . သမီးနဲ့လိုက်ခဲ့"

သူ့ကိုယ်သူ "သမီး"လို့ပြောင်းသုံးလိုက်တာ ဝေလင်းကြားလိုက်ရ၏၊ ထိုအသုံးအနှုန်းသည် ခုခေတ်ကောင်မလေးများကြားတွင် အတော်ခေတ်စားနေတာ သူသတိထားမိ၏။ ဘာခံစားချက်နဲ့သုံးသလဲတော့ ဝေလင်းမသိသော်လည်း ကြားရတာ နားဝမှာအတော်လေးကသိကအောက်နိုင်လှ၏။ သို့သော် ဝေလင်း ဘာစောဒကမှမတက်ရဲပေ၊ သူမခေါ်ရာ သုတ်ခနဲလိုက်သွားရပါတော့သည်။ ဩော် . . . မိန်းမတို့မာယာများ သဲကိုးဖျာတောင်နည်းနေပါသေး၏။ ဝေလင်းတစ်ယောက်တော့ နတ်သမီးထောင်ချောက်တွင် မိမှန်းမသိမိသွားရလေတော့သည်။

× × ×

ဆိုင်နံ့ရံက နာရီလက်တံ တစ်ချက်ချက်သည်ဝေလင်းစိတ်ကို ချောက်ချောက်ချားချားဖြစ်နေစေသည်။ သူ့ရှေ့တွင် အခုထိတစ်ငုံမှ မသောက်ရသေးသော အအေးပုလင်းကလည်းငြိမ်သက်စွာ . . .

"သမီး အခုယူလာတဲ့စာနှစ်စောင်လုံး ကိုဝေလင်းရေးထားတဲ့စာတွေ ဟုတ်ပါတယ်နော်"၊

"ဟုတ် . . . ဟုတ်ပါတယ် . . . ဒါ . . ဒါပေမယ့် . . . အဲဒါ ဝေလီ သူ. . . သူငယ်ချင်းတွေကို . . . ကိုယ့်သူငယ်ချင်းနှစ်ယောက်က"

"သမီးသိပါတယ် . . . ကိုဝေလင်းသူငယ်ချင်းတွေအတွက်ရေးပေးတယ်ဆိုတာ သမီးသိပါတယ် . . . ဒါပေမယ့် သမီးသိချင်တာက ဒီလိုစာမျိုးတွေ ကိုဝေလင်းဘယ်နှယောက်လောက်ရေးပေးဖူးလဲဆိုတာ သမီးကိုပြောပြပါလားဟင်"

ဝေလင်း ဦးနှောက်ခြောက်သွားသည်။ သူဒီအလုပ်လုပ်စားလာတာ တက္ကသိုလ်စရောက်ကတည်းက စတွက်လျှင်နှစ်တွေတော်တော်ကြာပြီး သူ့ဆီဒီလိုစာမျိုးတွေ လာရေးခိုင်းတဲ့လူတွေအများကြီး၊ သူဘယ်လိုလုပ်မှတ်မိတော့မည်နည်း။

"ဘယ်လိုလုပ်မှတ်မိတော့မှာလဲဗျာ . . . လူတွေဒီလောက်များတာ . . . ဒါနဲ့ ဝေလီဘာဖြစ်လို့သိချင်ရတာလဲဟင် . . . ကျွန်တော့်စာတွေက ဝေလီအတွက် ဘာပြဿနာဖြစ်နေလို့လဲ"

ဝေလီ ဟက်ခနဲတစ်ချက် ရယ်လိုက်ပြီးသူမရှေ့ကအအေးဖန်



www.burmeseclassic.com

www.burmeseclassic.com



ခွက်ထဲမှ ပိုက်ကလေးကိုပါးစပ်မှာတပ်လိုက်ကာ တစ်ချက်စုပ်လိုက်သည်နေပြီး . . ဆံပင်ကို ဝဲခနဲတစ်ချက်ခါ၍ ဝေလင်းကိုညို့အားပြင်းသော မျက်ဝန်းများဖြင့် တစ်ချက်စိုက်ကြည့်လိုက်ကာ . . .

"သမီး အလောင်းအစားတစ်ခုလုပ်ထားလို့ပါ"

"အလောင်းအစား"

"ဟုတ်တယ် . . . အလောင်းအစားလုပ်ထားလို့"

ဝေလင်း အူတိအူကြောင်ဖြစ်သွားသည်။ ဘာမှနားမလည်တော့၍ သေချာမေးရတော့၏။

"ဘယ်လိုအလောင်းအစားလဲဟင် . . . ကျွန် . . . ကျွန်တော်နဲ့ ဘယ်လိုပတ်သက်နေလို့လဲဗျာ. . . ရှင်းရှင်းပြောပြပါလား"

ဝေလီ ခေါင်းတညိတ်ညိတ်လုပ်နေရင်းမှ . . . .

"ကိုဝေလင်းကို သမီးသေချာရှင်းပြမယ် နားထောင်နော် . . . နောက်ပြီး အဲဒီအလောင်းအစားကလည်း ကိုဝေလင်းနဲ့အဓိကပတ်သက်နေလို့ပါ"

ဝေလင်းသိချင်လွန်းအားကြီး၍ ဘာမှစကားဖြတ်မပြောတော့ဘဲ ငြိမ်သက်စွာနားထောင်နေလိုက်၏။ သူမကဆက်ပြီး . . .

"သမီးမှာ အစ်မဝမ်းကွဲတစ်ယောက်ရှိတယ် . . . သူလည်းသမီးတို့ကျောင်းမှာပဲတက်နေတယ်၊ ဒုတိယနှစ်သမိုင်းကပါ . . ၊ သူ့ဆီကို အခုကိုဝေလင်းရေးပေးလိုက်တဲ့စာမျိုးတွေရောက်ရောက်နေတာ တော်တော်ကြာပြီ၊ ရှင်းရှင်းပြောရရင်သုံးလလောက်ရှိပြီဆိုပါတော့ ကိုဝေလင်းရယ်၊ ဘယ်သူရေးပြီး ပို့မှန်းလည်းသူမသိဘူး၊ ပြီးတော့ စာတွေကသူမသိတဲ့အချိန်တွေမှာ ရောက်ရောက်နေတာ. . .၊ ဥပမာ. . . သူ့လွယ်အိတ်ထဲတို့၊ ပြီးတော့ သူ့ခြင်းတောင်းထဲကို . . နောက်ဆုံး သူ့လွယ်အိတ်ထဲက စာအုပ်ကြားထဲတွေအထိပါစာတွေပါလာတယ်. . .၊ ပထမတော့သူသိပ်စိတ်မဝင်စားသေးပေမယ့် နောက်တော့စိတ်ဝင်စားလာတယ်၊ အဲဒီသူတို့ စာပို့ပို့နေတဲ့သူကို သူသိချင်လာတယ်ဆိုပါတော့ . . .၊ သူကြုံတွေ့နေရတဲ့ပုံစံကလည်း ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲမှာသာတွေ့ဖူးတဲ့ပုံစံမျိုး စိတ်ကူးယဉ်ဆန်နေတာကိုး၊ အဲဒါကြောင့် သူအရမ်းစိတ်ဝင်စားလာတာ. . .၊ ပထမ သူ့နည်းသူ့ဟန်နဲ့သူစုံစမ်းသေးတယ်၊ ဘယ်လိုမှစုံစမ်းလို့မရဘူး၊ အဲဒါ အတော်တော်လည်း ထင်တယ် . . . သူမသိအောင်နည်းမျိုးစုံသုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . ၊ နောက်ဆုံးတော့ သူ သမီးကိုအဲဒီကိစ္စလာတိုင်ပင်တာပါပဲ၊ အဲဒီမှာ သူနဲ့သမီးအလောင်းအစားတစ်ခုလုပ်ဖြစ်သွားတယ် . . ၊ သူ့ဆီစာပို့နေတဲ့လူကို ရအောင်ရှာပေးမယ်လို့ သမီးကတိပေးလိုက်တယ်ဆိုပါတော့ ကိုဝေလင်းရယ် . . . ၊ နောက်တော့သမီးစုံစမ်းရင်း ကိုဝေလင်းက ဒါမျိုးတွေ ကူညီပေးနေတယ်ဆိုတာ သိလိုက်ရတော့ သမီး ကိုဝေလင်းဆီက ဒီစာတွေရအောင်ဖန်တီးလိုက်ရတာပါပဲ၊ သမီး ကိုဝေလင်းရဲ့စာကို တခြားသူတွေဆီက သွားတောင်းကြည့်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလေ၊ အဲဒါကြောင့် ဒီလိုနည်းလမ်းသုံးလိုက်ရတာပါ၊ အဲဒီအတွက် သမီးကိုစိတ်မဆိုးပါနဲ့၊ ခွင့်လွှတ်ပါနော် . . .

ဝေလင်းစိတ်ဝင်စားစွာနားထောင်နေရင်းမှ ခေါင်းကိုယောင်ပြီး ညိတ်ပြမိလိုက်၏။ သူမက အာခြောက်သွား၍ အအေးလက်ကျန်လေးကို တစ်ချက်တည်းစုပ်လိုက်ကာ စကားဆက်ပြောသည်။

"သမီး ကိုဝေလင်းလက်ရေးနဲ့ သမီးအစ်မဆီလာတဲ့စာတွေနဲ့ လက်ရေးကိုတိုက်ကြည့်တယ်၊ ကိုဝေလင်းဆီကရတဲ့ စာနှစ်စောင်ထဲက လက်ရေးတစ်ခုနဲ့သွားတူနေတယ် . . . အဲဒါကြောင့် ဒီစာတွေကို ကိုဝေလင်းရေးပေးနေတာပဲလို့ သမီးထင်နေတယ် . . ."

"ဟာ . . . မ . . . မဟုတ်ပါဘူး . . မဟုတ်ရပါဘူးဗျာ . . ၊ ဘုရားပေးပေး ကျမ်းပေးပေးပါ . . . ကျွန်တော်ဒါမျိုးတစ်ခါမှမလုပ်ဖူးပါဘူးဗျာ . . ."

အကြောက်အကန်ကြီး ထငြင်းသောဝေလင်းအမူအရာကြောင့် သူမတစ်ချက်ပြုံးလိုက်ကာ . . .

"သမီးလည်း ပထမတော့ အဲဒီလိုထင်မိတာပါ . . . နောက်တော့မဖြစ်နိုင်ဘူးလို့တွေးမိပါတယ် . . . ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အဲဒီစာထဲက လက်ရေးကတော့ ကိုဝေလင်းရဲ့လက်ရေးပဲ"

"အဲ . . အဲဒါကတော့ . . ဟို . . ဟိုဟာ . . ."

ဝေလင်းက ဘာဆက်ပြောရမှန်းမသိဘဲ ခေါင်းကုတ်လိုက်၊ နှာခေါင်းပွတ်လိုက်ဖြစ်သွား၏။

"အဲ . . . အဲဒီ စာရော . . . ပါ . . . ပါလားဟင်"

"အင်း . . . ပါတယ် . . ."

ပြောပြောဆိုဆိုနှင့် သူမအိတ်လေးထဲမှ စာရွက်လေးတစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးလိုက်၏။ ကြည့်လိုက်တော့ သူ့လက်ရေးမှသူ့လက်ရေးဖြစ်နေသည်။ ရေတောင်မရော . / .

ဝေလင်းခေါင်းရှုပ်သွားတော့၏။ ကိုယ့်ရှူးကိုယ်ပတ်ပြီ၊ ဝေလင်းစာကိုသေချာဖတ်ကြည့်လိုက်သည်။ ရည်းစားစာတစ်စောင်ဖင်၊ ဘယ်လောက်ချစ်ကြောင်း၊ ဘယ်လိုလွမ်းကြောင်း၊ မရရင်သေမည်ဖြစ်ကြောင်း စိတ်ပတ်ကုံးရေးထားသော လှလှပပရည်းစားစာတစ်စောင်၊ သူဒီလိုစာမျိုးရေးခဲ့ဖူးလား၊ မရေးခဲ့ဖူးလားတောင်မမှတ်မိတော့ပေ။ လုပ်စားလာတာကြာပြီဆိုတော့ ဘယ်လိုမှတွေးမရတော့၊ သူ့ဘာသာသူ အူလည်ချာလည်ဖြစ်နေချိန်တွင် သူမအသံထွက်လာသည်။

သူမစိတ်ပျက်စွာ သက်ပြင်းချကာ . . .

"ကိုဝေလင်း အဲဒီစာရေးပေးလိုက်တဲ့ လူကိုမှတ်မိလားဟင်"

သူ ခေါင်းခါပြလိုက်၏။ သူမစိတ်ပျက်စွာသက်ပြင်းချကာ . . .

"ကိုဝေလင်း နည်းနည်းလေးစဉ်းစားကြည့်ပါဦးလားဟင်"

စဉ်းစားရလွန်းလို့ ခေါင်းမွှေးတွေတောင် ညှော်နံ့ထွက်နေလေပြီ၊ အဖြေထွက်မလာ . . .၊ ဒါကြောင့် နောက်ဆုံး. . .

"ကျွန်တော် ဘယ်လိုမှစဉ်းစားလို့မရတော့ဘူးဗျာ . .၊ လက်ရေးကတော့ ကျွန်တော့်လက်ရေးတုတွေထဲက တစ်ခုဆိုတာမှန်ပါတယ်. . .၊ ဒါပေမယ့် ဒီလိုစာမျိုး ဘယ်သူ့ကိုရေးပေးဖူးလည်း ကျွန်တော်မသိတော့ဘူး"

သူလည်း စိတ်မောသွား၍ ချထားသောအအေးပုလင်းကိုအခုမှယူသောက်လိုက်ကာ . . .

"ဩော် . . . ဒါနဲ့စာက ဒီတစ်စောင်တည်းလား"

"ဘယ်ကမလဲ အများကြီး . . . အဲဒီအထဲက တစ်စောင်ယူလာတာ"

"ဟင် . . "

ဝေလင်းတော်တော်အံ့ဩသွား၏။ သူလူတစ်ယောက်တည်းကို ဒါမျိုးစာတွေအများကြီးရေးမပေးဘူးတာ သူသိသည်။ ဒါဆို . . .

"အဲ . . . အဲဒီစာတွေဘယ်မှာလဲဟင်"

"သမီး အစ်မဆီမှာ"

"ဝေလီ့အစ်မကရော အခုဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီနေ့ကျောင်းမတက်ဘူး၊ အိမ်မှာ"

"အဲဒါဆို ကိုယ်တွေ့ချင်တယ် . . . ပြီးတော့စာတွေကြည့်ချင်တယ်"

သူမတစ်ချက်စဉ်းစားကာ . . .

"ရပါတယ် . . အဲဒါဆို မနက်ဖြန်ကိုဝေလင်းကျောင်းမှာစောင့်နေလေ သမီးလာခေါ်မယ်"

"အင်း . . . စောင့်နေမယ်"

ပြောပြီး စကားခဏပြတ်သွား၏။ နာရီကြည့်လိုက်တော့အချိန်တော်တော်နှောင်းနေ၍ ပြန်ရန်ပြင်ဆင်ကြပြီး အအေးဖိုးပိုက်ဆံကိုသူမကအတင်းထုတ်ရှင်းပြီးနောက် . . .

"ကိုဝေလင်း အခုလိုကူညီပေးတဲ့အတွက် သမီးကျေးဇူးအရမ်းတင်ပါတယ် . . . ဟို . . . ဟို ဒီကိစ္စလေးပြီးသွားသည်အထိ သမီးကိုကူညီပေးပါနော် . . . ပြီးတော့ ဒီအကြောင်းကို သမီးတော်တော်စိတ်ဝင်စားနေလို့ပါ"

ဝေလင်းသက်ပြင်းချပြီး ခေါင်းညိတ်ပြလိုက်မိလေသည်။ သူမကတော့တော်တော်လေးပျော်သွားပုံရ၏။ သူ့မှာသာ . . .

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဆောင်းချသည့်

နောက် တစ်နေ့သူ ဝေလီနှင့်အတူ ဝေလီ့အစ်မအိမ်ရောက်သွားသည်။ ကြိုတင်အချိန်းအချက်လုပ်ထားပုံရသည်။ ကောင်မလေးကသူတို့ကိုအဆင်သင့်စောင့်နေလေ၏။ ဝေလီက သူနှင့်ထိုကောင်မလေးကိုမိတ်ဆက်ပေးပြီးနောက် အကျိုးအကြောင်းပြောပြလိုက်တော့ ကောင်မလေးအိမ်နောက်ဖေးဝင်သွားပြီး ခဏနေတော့ စာအိတ်တွေတစ်ထပ်ကြီးကိုင်ပြီး ပြန်ထွက်လာ၏။

"ဟာ . . . အများကြီးပဲ"

ဝေလင်းပင် စာအိတ်ထပ်ကြီးကိုကြည့်ပြီးလန့်သွား၏။ ပိဿာချိန်နဲ့ရောင်းစားရင်တောင် စီးပွားတက်သွားနိုင်သည့်အခြေအနေ . . .

"ဒါ . . . ဒါတွေအကုန်လုံးလားဟင်"

"ဟုတ်ပါတယ်"

"ဟာ . . . ဒီလောက်အများကြီး ကျွန်တော်ဘယ်သူ့ကိုမှအရေးမပေးဖူးဘူးဗျာ . . . ကျိန်းသေတယ်"

ပြောလည်းပြော စာအိတ်တွေကို တစ်ခုပြီးတစ်ခုဖွင့်ကြည့်သည်။ ဒါပေမယ့် သေချာတာကတော့ အားလုံးသူ့လက်ရေးတွေချည်းဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ရေးကတော့ ကျွန်တော့်လက်ရေးပဲ . . . ဒါပေမယ့် ဒါ ကျွန်တော်ရေးတာမဟုတ်ဘူး . . . အင်း. . . ဒါပေမယ့် တစ်ခုတော့ရှိတယ် . . . ဒီစာတွေထဲက တချို့ဟာတွေ ကျွန်တော်ကိုယ်တိုင်ရေးပေးတာတော့ ဖြစ်နိုင်တယ်. . . အကုန်လုံးတော့လုံးဝမဟုတ်ဘူး"

ကောင်မလေးနှစ်ယောက်လုံး တွေဝေသွားပြီး ခဏစဉ်းစားသွားကာ . . .

"ဒါဆို ကိုဝေလင်းပြောတဲ့သဘောက . . ."

"ဟုတ်တယ် . . . ဒါ တို့လက်ရေးကိုတစ်ယောက်ယောက်က တုပြီးရေးလိုက်တာပဲ"

"ဟင် . . အဲဒီလူက ဘာဖြစ်လို့ သူ့လက်ရေးနဲ့သူရေးပြီး မပို့ရတာလဲ"

ဝေလင်းတစ်ချက်ပြုံးလိုက်ရင်းမှ အိမ်ဖော်မလေး လာချပေးသောကော်ဖီကိုတစ်ငုံငုံလိုက်ပြီး . .

"သူက ဒီကညီမရဲ့အနီးဆုံးမှာရှိနေလို့ပေါ့ . . ၊ ဒါမှမဟုတ် ညီမနဲ့ရင်းနှီးတဲ့လူတွေထဲကတစ်ယောက်ဖြစ်ရမယ်. . . အဲဒါကြောင့် ဒီကောင် ကိုယ့်လက်ရေးနဲ့စာတစ်စောင်ရအောင်လုပ်ပြီး တုရေးလိုက်တာ၊ အဲဒါမှ လက်ရေးနဲ့ပတ်သက်ပြီး သူ့ကိုမရိပ်မိအောင်၊ ပြီးတော့ ကိုယ့်ဆီကစာဆိုတာ လူတော်တော်များများကို ရေးပေးဖူးတော့ အခုလိုညီမတို့ စုံစမ်းလည်း လမ်းစပျောက်နေအောင် . . .၊ ဒါကို ဒီကောင်အသုံးချသွားတာပါ"

"ဟင်း . . . တော်တော်လည်တဲ့ကောင်ပဲနော် . . . ဒါမေမယ့် သူက လူစိတ်ဝင်စားအောင်တော့လုပ်တတ်တယ်နော် . . ၊ အခုဆို သူ့အတွက်ကြောင့် ညီတို့အလုပ်ရှုပ်နေရပြီ"

နေညိဦးလို့သိရတဲ့ ဝေ့လီ့အစ်မက ရှက်ကိုးရှက်ကန်းအမူအရာလေးနဲ့ပြောတော့ ဝေလင်းတစ်ချက်ရယ်လိုက်ပါသည်။ ဒီလောက်ဆို ဒီကောင်မလေးအမူအရာကိုကြည့်ပြီး ဝေလင်းသဘောပေါက်လိုက်ပြီ . .၊ ဟိုကောင်ရဲ့လုပ်ပုံကိုင်ပုံလှပမှုကြောင့် ဒီကောင်မလေး ဟိုလူ့ရုပ် မတွေ့ရခင်ကတည်းက တစ်ဝက်လောက်ပါနေပြီဆိုတာသေချာသွားပြီ၊ တကယ်တမ်းသိရတော့မှ ဘီလူးကိုသံပရာသီးကျွေးထားတဲ့ရုပ်ပေါက်နေမှ ခက်ချေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီကိစ္စကိုတော့ သူလုံးဝမကျေနပ်နိုင် . . .၊ သူ့ကိုခုတုံးလုပ်ပြီး ဒါမျိုးလုပ်သွားတာတော့ လက်မခံနိုင်၊ အကယ်၍ သူ့လက်ရေးနှင့် သူ့ရည်းစားစာများကို မူပိုင်ခွင့်တင်ထားတာများရှိလျှင် ချက်ချင်းတရားစွဲပစ်ရမည်ဟု တွေးလိုက်မိ၏။

"ကိုဝေလင်း ဘာတွေစဉ်းစားနေတာလဲဟင် . . . သမီးပြောတာကြားရောကြားရဲ့လား"

"ဟင် . . အဲ . . ဘာ. . ဘာလဲဟင်"

"ဟို . . သမီးတို့ ဘာဆက်လုပ်ကြမလဲလို့မေးနေတာ . . . ဒီကိစ္စ ကိုဝေလင်းစိတ်ဝင်စားတယ်မဟုတ်လား"

ဝေလီ၏ ချစ်စဖွယ်အမေးလေးကြောင့် ဝေလင်းခေါင်းရှုပ်နေသည့်ကြားထဲက ရင်ထဲမှာကတုန်ကရင်ကြီးဖြစ်သွားသေး၏။ ဒါ သူ့အတွက် "မ"ကိစ္စနဲ့ပတ်သက်ရင် ပထမဆုံးရင်ခုန်သံမှန်း သူဟာသူသတိပြုမိလိုက်ချိန်မှာ ဣန္ဒြေကိုမနည်းထိန်းလိုက်၍ . . .

"ဝင် . . . ဝင်စားပါတယ် . . . ဒါပေမယ့် အခုလောလောဆယ်တော့ခေါင်းရှုပ်နေသေးတယ် . . . နောက်တော့ ဒါ တဖြည်းဖြည်းပေါ်လာမှာပါ . . ကိုယ်လည်းကြိုးစားပြီး စုံစမ်းပေးပါ့မယ်"

သူ့စကားဆုံးတော့ ဝေလီကသူ့အစ်မဘက်လှည့်ပြီး "တွေ့တယ်မဟုတ်လား . . . ပိုင်ပါတယ်" ဆိုတဲ့အမူအရာလုပ်ပြကာ သူ့ဘက်ပြန်လှည့်ပြီး . . .

"ကိုဝေလင်း သမီးကိုကူညီမယ်ဆိုတာ တကယ်နော်"

သူ ခေါင်းညိတ်ပြလိုက်မိ၏။

"ဟေး . . . ဒါမှ ကိုဝေလင်းကွ"

ဝေလီ၏ လွတ်လပ်ပေါ့ပါးသော အသံလေးသည် ခန်းထဲမှ လွင့်ခနဲပျံ့လွင့်ထွက်သွား၏။ ဝေလီ့ကို ဒီလိုကလေးဆန်ဆန်လေးတွေ့လိုက်ရတော့ ဝေလင်းတော်တော်အံ့သြသွားရ၏။ သူမကတော့ ဘာတစ်ခုမှ အမှုထားမယ့်ပုံမရတော့ . . . ပေါ့ပါးလွတ်လပ်စွာ ပြုံးပျော်နေသေးတော့သည်။ သူ့မှာသာ ရင်ခုန်သံအထုပ်ရှုပ်ကြီးကိုပိုက်လို့ မပေါ့ခေါင်းကြီးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



၅

တကယ်တော့ငါဟာ...

ကိုယ့်သေတွင်းကိုယ်တူးခဲ့တဲ့

သုဘရာဇာတစ်ယောက်ပါ။

သေဆုံးခဲ့သည့်တိုင်

ငါ့ရှာပနမှာ...

လာချစရာမလိုဘူး...

ဝေလင်းမှန်ရှေ့မှာ သူ့ကိုယ်သူ အညက်ဆုံးခြယ်သနေသည်။ ကိုယ့်ရုပ်ကိုယ်တမြတ်တနိုးကြည့်၍ပြင်နေခြင်းဖြစ်သည်။ တစ်ထွာလောက်ရှိသည့် မှန်ကလေးကိုသူ့ရှေ့တွင်ထောင်၍ သူ့မျက်နှာသူ ဘယ်ပြန်ညာပြန်ကြည့်လိုက်၏။ တစ်နေ့ကမှ ထွက်လာသည့်ဝက်ခြံဖုလေးသုံးလေးခုမှလွဲ၍ ဘာအပြစ်မှပြောစရာမရှိကြောင့် တွေ့ရ၏။

ထို့နောက် မှန်ကိုတစ်ချက်ဆွဲယူလိုက်၍ မျက်နှာနားကပ်ကာ သွားကိုဖြဲကြည့်လိုက်သည်။ တစ်မနက်လုံး လေးခါပြန်တိုက်ထားသောသွားက ကြည်သင့်သလောက်ကြည်နေသော်လည်း သွားဖုံးကတော့ ဒဏ်ဖြစ်ပြီး ရဲတွတ်နေတာ အတော်ကလေးရောင်နေပေပြီ၊ သို့သော်ကိစ္စမရှိ၊ ဝေလင်း သူ့သွားသူကြည့်ကာ ကျေနပ်သွား၏။ မှန်ကိုစားပွဲပေါ်ပြန်တင်၍ သူ၏တစ်ခုတည်းသော ပုဆိုးအသစ်ကလေးကိုထုတ်ကာ ဝတ်လိုက်တော့သည်။ ထိုပုဆိုးလေးမှာ စိန်ကုလားဆီက ကြေးမီးပူကိုရောင်း၍ဝယ်ထားသော ပုဆိုးလေးပင်ဖြစ်၏။ ထိုပုဆိုးစဝတ်သည့်နေ့က သူ့ဝေလီကားကို လေလျှော့မိလိုက်တာ သွားသတိရပြီးပြုံးလိုက်မိသေးသည်။

ထို့နောက် ကိုမျိုးသန်းဆီက ငှားထားသောရှပ်အင်္ကျီအပြာနုလေးကိုဝတ်လိုက်ပြီး မှန်ကိုတစ်ခေါက်ပြန်ကြည့်လိုက်ကာ . . တော်တော်သားနားကြောင်းတွေ့ရ၏။ ဒီလိုပုံစံ ဒီလိုစတိုင်သည် ပုဆိုးကြော်ငြာတစ်ခုထဲမှ မင်းသားလွင်မိုးနှင့်ခပ်ဆင်ဆင်တူသည်ဟု သူ့ကိုယ်သူမညာမတာတွေးပစ်လိုက်သည်။ မှန်ကိုအနီးကပ်ကြည့်သည်။ အဝေးကကြည့်သည်။ ဘယ်လိုကြည့်ကြည့်ချောသည်။ ထို့နောက် ပါးကိုလက်နဲ့အသာဖွေးပွတ်ကြည့်ပြီး တစ်ခုခုလိုနေကြောင်းသတိရသွားကာ ကိုမျိုးသန်းအခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့အမြန်ကူးသွားလိုက်တော့သည်။

"ကို . . . ကိုမျိုးသန်း . . . ခင်ဗျားဆီမှာ မျက်နှာလိမ်းတဲ့ဟာ ဘာရှိလဲ . . ခဏငှားစမ်းပါဗျာ"

ကိုမျိုးသန်း မျက်နှာသုတ်နေရင်းမှ သူ့ဘက်လှည့်ကြည့်၍ . . .

"ဟ . . . ဝေလင်း မင်းဒီနေ့ ဘယ်လိုဖြစ်နေတာလဲ စိတ်မှန့်သေးရဲ့လား . . မနက်အစောကြီးလည်း အကျီလာတောင်းလိုတောင်းနဲ့"

"လုပ် . . လုပ်ပါ ကိုမျိုးသန်းရယ် . . . ရှိရင် . . . ပေးစမ်းပါဗျာ"

"ဟ . . . ငါ့မှာဘယ်လိုလုပ်ရှိမှာလဲ ဝေလင်းရာ . . . ငါက အဲဒါမျိုးတွေ ဝါသနာမှမပါတာ . . . ဒါပေမယ့်"

စကားကိုပြောနေရင်းမှ တွန်းလန်းရပ်လိုက်ပြီး တစ်ချက်စဉ်းစားတာ . . ."

"ဒါပေမယ့် မင်း ကိုတင်မောင်မောင်ဆွေဆီမှာ သွားမေးကြည့်ပါလား . . . ဒီကောင်ကြီးက အဲဒါမျိုးတွေလိမ်းတယ်လေ . . . မင်းလည်း အသိပဲဟာ"

သူတို့အဆောင်မှ ခပ်နွဲ့နွဲ့ပုံပေါက်နေသည့် လူပျိုကြီးတင်မောင်မောင်ဆွေကိုပြောခြင်းဖြစ်သည်။ ဝေလင်းအဲဒီလူကြီးဆီတော့သွားမတောင်းချင်ပေ၊ သူနှင့်စကားပြောရတာ အပေါက်အလမ်းသိပ်မတည့်၊ တစ်ခါက ထိုလူကြီးလိမ်းသည့် မိတ်ကပ်ဘူးထဲ သွားတိုက်ဆေးနှင့်ထုံးကို ရောချ၍သွားထည့်ထားဖူးသောကြောင့် ပြဿနာအကြီးအကျယ်တက်ဖူး၏၊ ထိုအချိန်မှစ၍ သူနှင့်ခပ်တန်းတန်းဆက်ဆံဖြစ်တာ အခုအထိပင်၊ အရင်ကတော့ ရည်းစားတစ်ယောက်ရှိခဲ့ဖူး၏။ နောက်တော့ သူ့ရည်းစားက သူ့ကိုသနပ်ခါးပါးကွက်ကျားလေးလိမ်းတာတွေ့သွား၍ ပစ်သွားလေသည်။ ထိုအချိန်မှစ၍ မိန်းမတွေရှောင်၊ သနပ်ခါးကိုပါစိတ်နာသွား၍ မိတ်ကပ်ပြောင်းလိမ်းလာတာအခုအချိန်ထိပင်ဖြစ်တော့သည်။

အဲဒီလို အငြိုးအတေးကြီးသောပုဂ္ဂိုလ်ကြီးကိုမှ သူတသွားစမ်း၍သူ့ကိုဆို ဟိုကလုံးဝကြည့်မရ၊ သို့သော် အခုတော့မတတ်နိုင်တော့၊ ကိုယ်အလိုချင်တာရှိ၍ အောက်ကျို့ရတော့မည်။

ဝေလင်းစိတ်မကျက်စွာခေါင်းကိုကုတ်၍ ကိုတင်မောင်မောင်ဆွေရှိသည့် အောက်ထပ်သို့ဆင်းလာခဲ့တော့၏။ လမ်းတစ်ဝက်ရောက်မှ သူ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲ အတွေးတစ်ခုလက်ခနဲဝင်လာကာ လက်ဖျောက်တစ်ချက်တီး၍ အားရဝမ်းသာထခုန်ပစ်လိုက်တော့သည်။

တောင်းယူနေလျှင် ရှုပ်သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ,. . . ကိုဝေလင်း မိုက်လှချေလားဗျ"

"အဟီး . . အေး . . အဟဲ"

"ဟယ် ကိုဝေလင်းကြီးက ဒီလိုသားသားနားနားဝတ်လာတော့ . ချော့သွားပဲ"

"အဟဲ . . ဟဲ . . ဟီး"

"ဒီနေ့ . . . မိုးရွာမယ်ဟေ့ . . . ထီးတွေဘာတွေဆောင်ထားကြ"

"တစ်ခါတလေပါကွာ . . ဟဲ . . ဟဲ"

ဝေလင်းလမ်းမှာတွေ့တဲ့လူတိုင်းကို သွားဖြဲပြကာ ရှက်ကိုးရှက်တန်းနှင့်လျှောက်လာလိုက်သည်။ တွေ့တဲ့လူတိုင်းကလည်း ဝေလင်းကို သတိထားမိကြ၏။ တစ်သက်လုံး ပြောင်ပြောင်ရောင်ရောင်မဝတ်ဖူးတဲ့ လူက ဒီနေ့မှဝတ်ကောင်းစားလှနဲ့ဆိုတော့ သို့လော . . . သို့လော အံ့ဩ ကုန်ကြ၏ . . . ။ ဒီကြားထဲ မျက်နှာကလိုအပ်တာထက်ပို၍ ပြုံးနေ တော့ တရုတ်မသာထုံးသုတ်ထားသလိုဖြစ်နေသေး၏။ ကိုတင်မောင် မောင်ဆွေ ဆိုတဲ့ငနဲကြီးဆီကပရိုမီနာကိုလိမ်းလာရ၍ နည်းနည်းသက် သွန်လာသည်။ ဒီလိုနဲ့ ဝေလင်းကဲန်တင်းရောက်လာသည်။ စိန်တုံးနှင့် အောင်သန်းကြီးက အရင်ရောက်နှင့်နေကြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဝေလင်း မင်းဘယ်စတိုးဆိုင်က ခိုးလာတာလဲ"

"သူတောင်းစားနဲ့ပိုးတွဲမလိုက်လိုက်တာကွာ"

သာယာချိုမြိန်သောစကားနှင့် နှစ်ဦးလုံး ဝေလင်းကိုဆီးကြို နှုတ်ဆက်ကြ၏။ ဝေလင်းဗိုင်းတွင် ဝင်ထိုင်ကာ . . .

"ဝေလီ မရောက်သေးဘူးလား"

နှစ်ကောင်လုံး တစ်ယောက်မျက်နှာတစ်ယောက်နားမလည်နိုင်စွာကြည့်ရင်း . . .

"မင်း . . . ဝေလီနဲ့ချိန်းထားလို့လား"

ဝေလင်းခေါင်းညိတ်ပြလိုက်ကာ . . .

"အေး . . ဟုတ်တယ်"

"သြော် . . . ဒါကြောင့် မင်းကရှူပါအွန်လှာတာပေါ့"

"ဟဲ . . ဟဲ"

ဝေလင်း ရယ်ကျဲကျဲနှင့်သွားဖြဲပြကာ လန်ဒန်တစ်လိပ်ကောက်ကိုင်လိုက်သည်။

"ဒါနဲ့ မင်းနဲ့ဝေလီနဲ့က ဘာကိစ္စချိန်းထားတာလဲ"

"ဘာကိစ္စရှိရမှာလဲ . . . ဟိုကိစ္စပေါ့"

"တော်ပါကွာ . . . မင်း ဝေလီကိုငါလုံးဝကျေနပ်တာမဟုတ်ဘူး"

သူ အောင်သန်းကြီးကို မျက်လုံးတစ်ချက်ပင့်ကြည့်လိုက်တော့ . . .

"မင်း ဘာမှလာကြည့်မနေနဲ့ . . . ငါမကြည်လို့မကြည်ကြောင်းပြောတာ . . . ဘယ့်နှယ်ကွာ . . သူက မင်းကိုအသုံးချရုံတင်မကဘူး အလွန်နုနယ်တဲ့ ငါတို့နှလုံးသားလေးတွေကိုပါ အသုံးပြုသွားတာကွ"

အောင်သန်းကြီးစကားဆုံးတော့ စိန်ကုလားကလည်း ဘယ်အချိန်ကတည်းက မောင်းတင်ထားလည်းမသိပေ . . .

"ဟုတ်တယ် . . . ငါလည်းမကျေနပ်ဘူး . . . ၊ ငါဆိုတစ်သက်မှာ ဒီတစ်ခါပဲချစ်ခဲ့ဖူးတာကွ"

နှစ်ယောက်စလုံးမျက်နှာကတော့ တော်တော်ခံစားချက်ပြင်းထန်နေတဲ့ရုပ်လက္ခဏာပင်၊ ဝေလင်း သူ့သူငယ်ချင်းတွေအကြောင်းသူသိ၍ . . .

"အေးပါကွာ . . ဝေလီကလည်း ဒီအကြောင်း ငါ့ကိုတောင်းပန်ပြီး မင်းတို့နှစ်ယောက်ကိုတောင်းပန်ပေးဖို့ပြောပါတယ် . . . နောက်ပြီး သူ





www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်ကလည်း မင်းတို့ကိုစိတ်တောင်ဝင်စားနေတယ် လို့တော့ ငါ့ကိုဟိုနေ့က ရိပ်ဖမ်းသံဖမ်းတောင်ပြောလိုက်သေးတယ်"

"ဟေ . . . ဟုတ်လား"

"တကယ်"

နှစ်ကောင်လုံးမျက်နှာက ခုနအခြေအနေနဲ့တခြားစီ ဖြစ်သွားလေသည်။ သူ့သူငယ်ချင်းတွေပဲလေ . . ဘယ်အကြောင်းကိုနင်းရင် ဘယ်လိုဖြစ်မယ်ဆိုတာ သူအသိဆုံးမဟုတ်လား . . . စိန်ကုလားဆို ထိုင်နေတဲ့ ခွေးခြေလေး သူ့နားရွှေ့လာကာ . . .

"ယဉ် . . ယဉ်လေးက ငါ့ကိုဘာ. . . ဘာပြောလဲဟင် . . . ပြော ပြောပါဝေလင်းရာ . . ပြောစမ်းပါ"

"ငါ အဲဒါတော့ ဘယ်သိမလဲကွ . . သူလည်း ဒီလောက်ပဲပြော လိုက်တာ . . . ဒါပေမယ့်စိတ်မပူပါနဲ့ကွာ . . ငါတစ်ယောက်လုံးရှိပါ တယ်. . .၊ မင်းတို့အဆင်ပြေအောင် ငါလုပ်ပေးမယ်"

မျက်နှာတွေ ဖွံ့ဖွံ့ဖြိုးဖြိုးပြန်ဖြစ်လာကြသည်။ ဝေလင်း သူ့သူ ငယ်ချင်းနှစ်ယောက်လုံး မျက်နှာတွေကိုအကဲခတ်ကာ . . .

"ဒါပေမယ့် မင်းတို့တော့ ငါ့ကိုကူညီရလိမ့်မယ်နော်"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဝေလင်းဘက်လှည့် ပြီး . . . .

"ငါတို့အဆင်ပြေမယ်ဆို ဘာလုပ်ပေးရပေးရကွာ"

နှစ်ယောက်လုံး အားတက်သရောပါပဲ . . . ဝေလင်းလိုချင်တာ လည်းဒါပါပဲ . . ၊ တကယ်တော့ ဝေလီက သူ့ကိုဒီကောင်တွေနဲ့ပတ်သက် ပြီး ဘာမှမပြောလိုက်ပါ၊ သူတို့ကိစ္စတွေ အလုပ်တော်တော်ရှုပ်နေ၍ ဒီ ကောင်တွေကိစ္စသတိတောင်မရအားပေ၊ သို့သော်တတ်နိုင်သလောက် တော့ အခွင့်အရေးပေးရင် သူကူညီပေးရမယ်လို့တော့ ခေါင်းထဲရိုက်သွင်း ထားလိုက်ပါသည်။

"မင်းတို့ ငါ့ကိုကူညီရမယ်ဆိုတာ တခြားတော့မဟုတ်ပါဘူး ဒေလီ့ကိစ္စလုပ်နေတဲ့အချိန်မှာ အဖော်လိုက်ပေးဖို့ပါပဲကွာ"

"မင်းက ဘာလုပ်မလို့လဲ"

"မင်းတို့ နောက်တော့သိရမှာပေါ့ကွာ"

ထိုအချိန်မှာပဲ ဝေလီကဲန်တင်းထဲဝင်လာတော့သည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်စကားပြောပြီး ဝေလင်းမှာထားတာလေးတွေပေးပြီး ပြန်သွားတော့သည်။ ပြန်ခါနီး သူ့ကိုတိုးတိုးလေးကပ်၍ . . .

"ကိုဝေလင်း မိတ်ကပ်ဘာအမျိုးအစားသုံးလဲဟင်"

ဟုပြောပြီး ထွက်သွားတော့၏။

ဝေလင်းအပျိုဖြန်းလေးလို ရှက်ရဲရဲလေးဖြစ်ပြီးကျန်ခဲ့လေတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း ချစ်သူ

ယနေ့က ဝေလို့ဆိုကရသော သတင်းအချက်အလက်အရ နေညိုဦးတွင် ရင်းရင်းနှီးနှီးပေါင်းသော ယောကျ်ားလေးသူငယ်ချင်းငါး ယောက်ရှိကြောင်း တွေ့ရ၏။ ထိုအထဲတွင် (နှစ်)ယောက်ကိုတော့ မသင်္ကာ စရာသိပ်မရှိကြောင်း တွေ့ရသည်။ သူတို့မှာရည်းရွယ်ထားသော ချစ်သူတွေ ရှိနေသောကြောင့်ဟု ကြားရ၍ဖြစ်သည်။ ဒါဆိုကျန်သုံးယောက်ကရော။

ဖြစ်နိုင်ခြေရှိသော ထိုသုံးယောက်ထဲက နှစ်ယောက်ထပ်တွေ့ ရသည်။ ဒီကောင်နှစ်ကောင်ကလည်း နေညိုဦးနဲ့ တက္ကသိုလ်ရောက်မှ ခေင်ခြင်းပင် . . .၊ ပြီးတော့ နှစ်ကောင်လုံး နေညိုဦးအပေါ် ချိတ်တိတ် တိတ် . . .၊ သိပ်မရိုးသား . . .၊ ဒါဆိုဖြစ်နိုင်ခြေတော်တော်ရှိ၏။ ဒါဆို လေးယောက်ရှိပြီ . . . နောက်ဆုံးသူတို့ဖယ်ထားတဲ့တစ်ယောက်ကတော့ ခင်ကြောင်ကြောင် ဂေါက်တောက်တောက်လို့သိရ၏။ တစ်ခါတလေ တစ်ယောက်တည်းတောင် စကားတွေဘာတွေပြောနေတတ်တယ်လို့ သိ ရသည်။ နောက်ပြီး . . . ကဗျာရူး . . . စာရူး၊ အူးလူး . . . ဒီကောင် တော့ မဖြစ်နိုင် . . .



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝေလင်းတို့က အားလုံးကိုတော့ သတိထားစောင့်ကြည့်ရမည်။ အဓိက . . . ကတော့ နှစ်ယောက်၊ ကျန်တဲ့တစ်ကောင်ကတော့ မူးတူးတူးပေါတောတောဖြစ်နေ၍ တော်ရုံတန်ရုံလွှတ်ထားလိုက်သည်။

သို့သော် အခုလက်ရှိရသောသတင်းအရ . . . အရှူးကိုလက်လွှတ်လို့မဖြစ်တော့ . . .၊ အဘယ့်ကြောင့်ဆိုသော ထိုငတိက အခုတစ်လောနေညိုဦးနားမှာ သိပ်မတွေ့တော့ကြောင်း ဝေလင်းသတင်းရသွား၍ ဖြစ်၏။ ကျောင်းမှာ တွေ့တဲ့အချိန်တောင်နည်းသွားကြောင်း ဝေလင်းသမိုင်းမေဂျာမှ သူ့သူငယ်ချင်းထံမှ ကြားလိုက်ရပြန်သည်။ ဒါဆို ဒီခပ်ကြောင်ကြောင်လူဘာတွေလုပ်နေသနည်း။ စဉ်းစားစရာတွေဖြစ်လာပြီ . . .။

ဒါ့ကြောင့် ဝေလင်းတို့သုံးဦး အချိန်ဆိုင်းမနေဘဲ သမိုင်းဌာနရှိရာဘက်သို့ သတင်းရရချင်း၊ ချက်ချင်းထထွက်လာလိုက်လေတော့သည်။

ဌာနရှေ့ရောက်တော့ ထုံးစံအတိုင်းလူတွေတော်တော်များနေ၍ နေညိုဦးအတန်းရှိရာဘက်မသွားသေးဘဲ ဝေလင်း၊ သူ့သူငယ်ချင်းကို အရင်ဆုံးသွားခေါ်ကာ တဲန်တင်းဘက်ခဏထွက်လာလိုက်တော့၏။

"ဒီနေ့ ဒီကောင်ကျောင်းလာတာသေချာလို့လား မင်းကျော်"

"ဟာ သေချာပါတယ် ဝေလင်းရာ . . ဘာလဲ မင်းကငါ့ကို မယုံဘူးလား . . အရင်ကလည်း မင်းလိုချင်တဲ့ကောင်မလေးတွေ စာရင်းလည်း ငါပဲစုံစမ်းပေးရတာပဲမဟုတ်လား . . . ဘယ်နှခါများလွဲခဲ့ဖူးလို့လဲ"

"အေးပါကွာ . . . ငါက သေချာအောင်လို့ပါ"

"ဒါနဲ့နေပါဦး . . . မင်းဒီတစ်ခါ ထူးထူးဆန်းဆန်း အရင်ကလို ကောင်မလေးလည်းမဟုတ်ဘူး . . . ယောကျ်ားလေးတွေ ဘာလို့လိုက်စုံစမ်းနေတာလဲ"

ဝေလင်း ဘာမှမဟုတ်သလိုဟန်ဆောင်၍ . . .

"ဟဲ ဟဲ . . အကြောင်းရှိလို့ပေါ့ကွာ"

ပြောပြီး လက်မှနာရီကိုကြည့်ကာ ကဲန်တင်းမှထထွက်လာခဲ့လိုက်တော့သည်။ ဟိုကောင်တွေလည်း နောက်မှတန်းလန်းတန်းလန်းပါလာကြတော့၏။

အခန်းရှေ့ရောက်တာနဲ့ ဝေလင်းတို့ဇာတ်လမ်းစတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . ငါ့ကို မသိမသာပြ ဘယ်သူလဲ"

မင်းကျော်က အသာလေးမျက်စပစ်ပြကာ . .

"ဟိုဘက် ရှေ့ဆုံးတန်းအနောက်ဘက် ထောင့်စွန်းက လေးလုံးပဲ"

ဆံပင်က အော်တာကေပုံစံမျိုး ထိုးထိုးထောင်ထောင် . . .၊ ကော်ကိုင်းမျက်မှန်နှင့် နှာခေါင်းကြီးကြီးလူတစ်ယောက်ကိုတွေ့ရသည်။

"သူ့နာမည်က . . ."

ဝေလင်း သူ့သူငယ်ချင်းကို လေသံလေးနှင့်လှည့်မေးလိုက်တော့

"ကိုကိုချစ်ဦးတဲ့ . . . ဘာကောင်မှန်းမသိပါဘူးကွာ . . . ကယောင်ချောက်ချားပါ . ."

ဝေလင်း ခေါင်းတညိတ်ညိတ်လုပ်ရင်း အကဲခတ်နေချိန်မှာပဲ ကိုကိုချစ်ဦးဆိုတဲ့ငနဲလေး နည်းနည်းလှုပ်လှုပ်ရွရွဖြစ်လာတာ တွေ့လိုက်ရသည်။ ခဏနေတော့ စာသင်နေတဲ့ဆရာမကို လက်ညှိုးလေးတစ်ချောင်း ထောင်ပြကာ အခန်းပြင်ထွက်လာတာတွေ့လိုက်ရ၍ . . .

ဝေလင်းချက်ချင်း ခေါင်းထဲတွင် အတွေးတစ်ချက်လက်ခနဲဖြစ်သွားပြီး အိတ်ကပ်ထဲမှ ဆေးလိပ်တစ်လိပ်အမြန်ထုတ်လိုက်ကာ အခန်းအပြင်ရောက်လာသောကိုကိုချစ်ဦးထံ လှစ်ခနဲပြေးကပ်လိုက်၏။

"သူငယ်ချင်း မီးခြစ်လေးများပါရင် ကူညီပါလား"

ကိုကိုချစ်ဦး ရုတ်တရက်သူ့ကိုမြင်တော့ ကြောင်အမ်းအမ်းတစ်ချက်ဖြစ်သွားကာ သူ့နှာခေါင်းသူ ယောင်ကန်းကန်းနဲ့ဖမ်းကိုင်လိုက်ပြီး၊

"အိုး . . ဟိုး . . ဟို . . ဆိုးဆော်တီးမန်း . . . ကိုယ်ဆေးလိပ် မသောက်တတ်လို့ပါ"

ဝေလင်းအကြံအိုက်သွား၏။ ပထမကြိုးပမ်းချက်သည်မအောင်မြင်တော့ပေ။ သို့သော် ဝေလင်းပဲလေ . . လွယ်လွယ်နဲ့တော့ လက်မလျှော့ . . .။

"ဩော် . . . ဆောတီးနော် . . . ကျွန်တော်မသိလို့ပါ . . ခင်ဗျားနာမည် ကိုကိုချစ်ဦးမဟုတ်လား"

သူ့နာမည်ကိုသိနေ၍ ဟိုလူ့မျက်နှာ အံ့ဩသောအမူအရာ[illegible] တင်းခနဲပေါ်လာကာ . . .

"ဟင် . . . ခင်ဗျားက ကျွန်တော့်နာမည် ဘယ်လိုလုပ် . . . သိ





www.burmeseclassic.com

www.burmeseclassic.com



. . သိ၊

"ဟဲ . . . ဟဲ မအံ့ဩပါနဲ့ဗျာ . . . ခင်ဗျားလို နာမည်ကြီးတစ်ယောက်ကိုမသိဘဲနေပ့ါမလား"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဝေလင်းပါးစပ်ထဲတွေကရာပြောချလိုက်တာ ဟိုလူ့ခန္ဓာကိုယ် ချက်ချင်းမတ်ခနဲဖြစ်သွား၍ . . .

"ဩော် . . . ဟော . . ဟော ခင်ဗျားလည်း ကျွန်တော့်ကဗျာပရိသတ်ပဲထင်တယ်"

"ဟာ . . ဟုတ်တာပေ့ါဗျာ . . ခင်ဗျားလူကဲခတ်တော်တော်တော်တာပဲ . . . ၊ ကျွန်တော်ခင်ဗျားကဗျာလေးတွေ အရမ်းကြိုက်တာဗျ"

ကိုကိုချစ်ဦး တော်တော်လေးသဘောခွေသွားပြီး ပြုံးပြုံး ပြုံးပြုံးနှင့်ဆက်လျှောက်ကာ အိမ်သာထဲဝင်သွားတော့ ဝေလင်းလည်းနောက်ကလိုက်သွားလိုက်၏။ ကိစ္စပြီးသွား၍ အိမ်သာထဲအထွက်မှာ ဝေလင်းကစ၍ . . .

"ခင်ဗျား အချိန်ရရင် ကဲန်တင်းသွားထိုင်ရအောင်ဗျာ. . . . ကျွန်တော်လည်း ကဗျာလေးဘာလေး မတောက်တစ်ခေါက်လောက်ရေးတတ်တယ်ဗျာ . . . ခင်ဗျားလို နာမည်ကြီးကဗျာသမားတစ်ယောက်နဲ့တွေ့တုန်းလေးဂါရဝပြုချင်လို့ပါဗျာ. . ."

ကိုကိုချစ်ဦးဆိုတဲ့လူကလည်း ငြင်းတောင်မငြင်း တန်းခနဲပါလာတော့၏။

"ကဗျာမှာ ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားရှိကြတယ်ဗျ . . . ၊ ကာရန်နဲ့ရေးတဲ့ကဗျာရယ်၊ ကာရန်မဲ့ကဗျာရယ် . . . ၊ နောက်ပိုင်းတော့ကာရန်မဲ့ကဗျာတွေကို လူငယ်တွေအများစုအရေးများလာကြတာပေ့ါဗျာ၊ အဲဒီကမှတစ်ဆင့် မော်ဒန်ကဗျာ၊ မော်ဒန်ကဗျာဆိုတာ . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ပထမတစ်သုတ် ကဗျာအကြောင်းရှင်းလင်းပြီးချိန်တွင် အချိန်တစ်နာရီလောက်ကြာသွားပြီး ပေါက်စီသုံးလုံးနှင့်လက်ဖက်ရည်တစ်ခွက်ကုန်သွားလေ၏။ ခဏနားပြီး လန်ဒန်တစ်လိပ်ကိုပါးစပ်မှာကေ . . . တပ်ကာဒုတိယတစ်သုတ် ဆက်လက်ရှင်းလင်းဖို့ပြင်သည်။





www.burmeseclassic.com

www.burmeseclassic.com



"လူတွေရဲ့ခံစားချက်၊ အချစ်၊ အတွေ့အကြုံနဲ့အလွမ်းမေတ္တာတွေအပေါ် မူတည်ပြီး ကဗျာစီးဆင်းမှုတွေကွဲပြားသွားကြတယ် . . . ဘယ်လိုပြောရမလဲ . . . ကဗျာရေစီးကြောင်း စတိုင်အဲဒါတွေပေါ့ဗျာ . . . ကျွန်တော်ပြောတာရှင်းရဲ့လားမသိဘူး . . . မရှင်းရင် ကျွန်တော်ပြန်ပြောပြမယ် . . .၊ ဥပမာ . . မော်ဒန်ကဗျာတစ်ပုဒ်ကို . . ."

ဝေလင်းကမန်းကတန်းလက်ကာပြလိုက်ကာ . . .

"ဟာ . . . ရှင်း . . . ရှင်းပါတယ်ဗျာ . . . ပြန် . . . ပြန်တော့ရှင်းမပြပါနဲ့နော် . . . ရှေ့ . . ရှေ့ဆက်ပါ"

"ဟဲ . . ဟဲ . . ခင်ဗျားက နားနီးသားပဲ . . . ဒီလိုဗျ . . . ဒုတိယကမ္ဘာစစ်ကြီးမတိုင်ခင်က . . . ဂျာမန်နဲ့အရှေ့ဥရောပမှာဆိုရင် . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဒီလိုနဲ့ အချိန်နောက်တစ်နာရီထပ်ကုန်သွားသည်။ ဝေလင်းတစ်ကိုယ်လုံး အကြောတွေဆိုင်းကုန်၍လှုပ်တောင်လှုပ်မရတော့ပေ။ နှစ်နာရီလောက် တောက်လျှောက်ထိုင်လိုက်ရ၍ ကျိန်းနေလေပြီ . . .၊ သူစတဲ့ဇာတ်ကို သူမနိုင်တော့ပေ . . .၊ ဝဋ်ကြွေးပါ၍ကြိတ်မှိတ်ကာ ဆက်ထိုင်နေရတော့၏။ ကိုကိုချစ်ဦးကတော့ တော်တော်နဲ့ရပ်မယ့်ပုံမပေါ်သေးပေ။ ဝေလင်းတို့ဘဝတော့ ဒီနေ့ငုတ်တုတ်မေ့လေပြီ . . .။ နောက်ဆုံးကိုကိုချစ်ဦး သူ့ဒဲ့ဿနတွေနဲ့သူလုံးလည်ချာလည်လိုက်ကာ သူ့စကားသူဘယ်လိုအဆုံးသတ်ရမှန်းမသိတော့ဘဲ ပေကြောင်ကြောင်နဲ့ရပ်သွားတော့၏။ ထိုအချိန်တွင် ကျောင်းဆင်းသွားလေပြီ . . .။

"အလို . . . ကျောင်းတောင်ဆင်းသွားပြီပဲ . . . ကဲဗျာ . . . ကျန်တဲ့ဟာလေးတွေ နောက်နေ့မှ ဆက်ပြောပြတော့မယ် . . . ဒီနေ့ကျွန်တော်ပြောတာတွေ ခင်ဗျားသဘောရောပေါက်ရဲ့လား"

ဝေလင်း . . . မနက်ကတည်းက ညနေအထိ မနားတမ်းထိုင်ထိုင်ရ၍ ဇက်ကြီးတောင်ခိုင်နေလေပြီ၊ ခေါင်းတောင်မနည်းကြီးစားညိတ်ရ၏။ ဒါတောင် ကျောင်းဆင်းသွား၍ တော်သေး၏၊ ကျောင်းဆင်းချင် ဦးနှောက်နှင့်အာရုံကြောသို့ ဝေလင်းကိုတန်းပို့ရ . . . [illegible]

နောက်ဆုံးတော့ ကဲန်တင်းမှအနိုင်နိုင်ထ၍ ဝေလင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဦးနှင့်လမ်းခွဲတာ ထွက်လာခဲ့လိုက်လေတော့သည်။ ကတ္တရာလမ်းပေါ် ရောက်တော့ ဝေလီနှင့်အတူ နေညိုဦးကိုတွေ့လိုက်ရတော့သည်။

"ကိုဝေလင်း ဘယ်တွေလျှောက်သွားနေတာလဲ . . .၊ သမီးတို့ ရှာနေတာနဲ့နေတာပဲ"

ဝေလင်းခေါင်းတစ်ခုလုံးချာချာလည်အောင် မူးနောက်နေသည့် ကြားမှ အနိုင်နိုင်ပြုံးပြကာ . . .

"ရှိပါတယ် ဝေလီရဲ့ . . . ဘာလဲ အကြောင်းထူးရှိလို့လား"

"ရှိတာပေါ့ . . . အဲ ဒါကြောင့် ကိုဝေလင်းကိုလိုက်ရှာနေတာ"

"ဘာလဲဟင်"

နေညိုဦးကဝင်၍ . . .

"ညို့ဆီကို နေ့လယ်က စာရောက်သွားပြီ"

"ဘာ"

ဝေလင်း အလန့်တကြားထအော်သံကြောင့် ကောင်မလေးနှစ် ယောက်လုံး ကြောင်တောင်တောင်ဖြစ်သွားကာ . . .

"လန့်လိုက်တာ ကိုဝေလင်းကလည်း . . . ဖြည်းဖြည်းအော်ပါ၊ သူ့ဟာသူလျှောက်သွားချင်တိုင်းသွားပြီးတော့ အခုမှ . . ."

"ဟို . . . ဟို ဘယ်. . ဘယ်လိုပေးသွားတာလဲဟင်"

ဝေလင်း ကောင်မလေးတွေအပြောကိုတောင် ဂရုမစိုက်နိုင်အား တော့ပေ . . .၊ ခုနခံစားရတဲ့ဝေဒနာတွေတောင် ဘယ်လွင့်သွားမှန်းမသိ တော့ . . . တစ်ကိုယ်လုံး မခံချင်စိတ်တွေဖုံးလွှမ်းကုန်လေပြီ . . .၊

"ညိုလည်း သတိမထားမိလိုက်ဘူး . . .၊ ညို အိမ်သာသွားပြီး ပြန်လာတော့ ညို့လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ထဲမှာ ညှပ်ရက်လေး ရောက်နေတာ"

"ဟာ . . အဲဒါဆို ဘေးကသူငယ်ချင်းတွေကိုမေးမကြည့်ဘူး လား"

"ဟင့်အင်း . . အဲဒီအချိန်မှာ ဘယ်သူမှမရှိဘူး . . . အတန်း ဆင်းချိန်ဆိုတော့ လူတွေလည်းအပြင်ထွက်နေကြတာ"

သွားလေပြီ . . .။

ဝေလင်း ကိုယ့်နဖူးကိုယ်ရိုက်ရုံသာတတ်နိုင်တော့၏။ အောင် သန်းကြီးတို့တောင် ဘယ်အချိန်ပြန်သွားမှန်းသူမသိလိုက်တော့ပေ။ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုကိုချစ်ဦးနှင့် နှစ်ပါးသွားနေရ၍ ပတ်ဝန်းကျင်ကိုလုံးဝမေ့သွားခဲ့ရ၏။

အခုတော့ ရန်သူက သူ့ထက်ခြေတစ်လှမ်းသာသွားပြီ။

နောက်ဆုံး နေညိုဦးဆီမှစာလေးကိုတောင်းယူကာ ပြန်လာခဲ့လိုက်ရလေတော့သည်။

တောက် . . . နေနှင့်ဦးပေါ့ကွာ . . . ဝေလင်းကပဲ လိုက်နိုင်မလား . . . မင်းပဲပြေးနိုင်မလားတွေ့ကြသေးတာပေါ့ . . .၊

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုချစ်ဦးဆိုတဲ့လူကိုတော့ သူ့ခေါင်းထဲက လုံးဝထုတ်ပစ်လိုက်၏။ မထုတ်ပစ်လို့လည်းမရတော့၊ အခုတောင် သူ့ကိုမနည်းပြန်ရှောင်နေရလေသည်။ သူ့ကိုတွေ့တိုင်း ဟိုကအတင်းလိုက်ခေါ်ကာ သူ့ဒသာနတွေအကြောင်းပြောပြဖို့ အမြဲကြံစည်နေသောကြောင့်ပင် . . .။

ကိုကိုချစ်ဦး တစ်ယောက်မသက်ာစရာလူစာရင်းတွင် မပါတော့ကျန်တဲ့နှစ်ကောင်ဘက်မြားဦးလှည့်လိုက်တော့၏။

ကျော်ဇင်ဦးနဲ့ဇော်သက်မြင့် . . .

နှစ်ယောက်လုံးနဲ့ သူ့ကိုနေညိုဦးက မိတ်ဆက်ပေးလေသည်။ မိတ်ဆက်ပေးတဲ့နေ့မှာပဲ သူဒီနှစ်ယောက်အကြောင်းကိုရှင်းရှင်းလင်းလင်းသိလိုက်ရပါသည်။

"ဟာ . . . အစ်ကို့နာမည်ကို ကြားဖူးနေတာကြာပြီဗျ . . . ဒီတော့ အခုမှပဲတွေ့ဖူးတယ်ဗျာ . . . တွေ့ရတာဝမ်းသာပါတယ်"

အယ်လ်ဝမ်းသာ နှစ်ယောက်လုံးကနှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ . . အစ်ကိုရဲ့ပါရမီကတော့ထူးတယ်ဗျာ . . . ကျွန်တော့်သူငယ်ချင်းဆို အစ်ကို့ကိုသူ့ကျေးဇူးရှင်ဆိုပြီး အစ်ကို့နာမည်တဖွဖွပြောနေတာဗျ . . ."

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

"အစ်ကိုကလည်း လျှို့နေပြန်ပြီ . . . အစ်ကို ကူညီလိုက်တဲ့စာကြောင့် ဒီကောင်အခုသူ့ကောင်မလေးနဲ့အဆင်ပြေသွားလို့ပေါ့ဗျ"

"ဩော် . . . ဟင်း . . . အဲဒီလောက်ကြီးလည်းမဟုတ်ပါဘူးဗျာ . . . တိုက်ဆိုင်သွားလို့နေမှာပါ"

ထိုကောင်လေးတွေက သူ့အကြောင်းကိုကြိုသိထားကြလေသည်။ နောက်တော့ သူ့ကိုညနေစာအတင်းလိုက်ကျွေးသောကြောင့် သူပါသွားရ၏။ မြို့ထဲက ခမ်းနားသပ်ရပ်သောဆိုင်လေးတစ်ဆိုင်မှာပါ . . .၊ သူလည်း ငြင်းမနေတော့ဘဲလိုက်သွားလိုက်တော့ . . .။

"အစ်ကိုစားနော် . . . အားမနာနဲ့ . . . ကျွန်တော်တို့ကိုလည်း အစ်ကို့ညီအထွေလိုသဘောထား . . .၊ ကျွန်တော်တို့က အစ်ကို့ကိုခင်ချင်တာကြာပြီဗျ . . .၊ အခုလို တိုက်တိုက်ဆိုင်ဆိုင် ခင်လိုက်ရတော့ အရမ်းဝမ်းသာတာပဲဗျာ . . .၊ ကျွန်တော်တို့ကံကောင်းတာပေါ့"

ဒီလိုနဲ့စားလည်းစား၊ ပြောလည်းပြောနှင့် အချိန်တော်တော်ကြာသွားတော့ တစ်ယောက်နဲ့တစ်ယောက်ရင်းရင်းနှီးနှီးဖြစ်သွားကြတော့၏။ စတင်ရင်းနှီးတယ်ဆိုရင်ပဲ ဝေလင်းအကူအညီတောင်းခံရတော့သည်။ ထုံးစံအတိုင်း ရည်းစားစာရေးပေးရန်ပင်ဖြစ်တော့သည်။ ဝေလင်းတော်တော်စိတ်ညစ်သွားတော့၏။ သူ့မှာလည်း ဒီစက်ကွင်းက လွတ်ကိုမလွတ်နိုင်ပေ . . .၊ ဒီကိစ္စတွေကို ထူးချွန်အောင် အလုပ်ကောင်းခဲ့လို့လည်း အခုသူ့ဘဝမှာ ဘုန်းကြီးအမှုရှာပတ်နေတာ ရှင်းလို့တောင်မပြီးသေး . .၊ အခု သူ့အကဲခတ်တဲ့သူတွေက သူ့ကိုတောင်ပြန်အကူအညီတောင်းနေသေးတော့၏။

အင်တင်တင်ဖြစ်သွားသော သူ့အမူအရာကြောင့် ကောင်လေးနှစ်ယောက်လုံးမျက်နှာငယ်လေးတွေဖြစ်သွားကာ . . .

"လုပ်ပါ အစ်ကိုရယ် . . .၊ ကူညီပါဗျာ . . . ကျွန်တော်တို့ အစွမ်းအစနဲ့ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ , . . .၊ ဟိုနေ့ကတောင် ဒီကောင့်ကိုကျွန်တော် ပင်ပင်သေးတယ် . . . အစ်ကို့ဆီသွားမလို့ ဆိုး

www.burmeseclassic.com



စားထားတာ . . .၊ အခုလိုတိုက်တိုက်ဆိုင်ဆိုင်လာတွေ့ရတော့ အရမ်းဝမ်းသာသွားတာဗျ . . .၊ ကေန္တသိကြားမင်းက ကျွန်တော်တို့ကို ကူညီချင်လို့ အစ်ကို့ကိုကြုံဖန်လွှတ်လိုက်တာဖြစ်မယ်ဗျ"

ဝေလင်းသက်ပြင်းသာချနိုင်ပါလေတော့သည်။ နောက်တော့ ဒီကောင်လေးတွေခံစားနေရသည့်ကောင်မလေး နာမည်မေးလိုက်တော့ သူထင်ထားသလို နေညိုဦးမဟုတ်ပေ . . .၊ တစ်ခြားသူမသိသော မိန်းကလေးနှစ်ယောက် . . .

သူမေးသင့်တာတွေမေးပြီး ကူညီမည့်အကြောင်းခေါင်းညိတ်လိုက်ရလေတော့၏။

ထိုနေ့က မထူးတော့ပြီမို့ ညစာအတွက်ပါပါဆယ်ထုပ်ပြီး ယူလာခဲ့လိုက်တော့သည်။

ကောင်လေးတွေကတော့ ပြုံးပြုံးပြုံးပြုံးနဲ့တော်တော်ပျော်နေပြီ။

♠ ♠ ♠





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘာလုပ်နေတာလဲ"

အသံကြား၍ ဖတ်လက်စ စုံထောက်ဝတ္ထုကိုချ၍ လှည့်ကြည့်လိုက်တော့ အောင်သန်းကြီးနှင့်စိန်ကုလား . . . ။ ကျောင်းမှာမတွေ့၍ အဆောင်ကိုလိုက်လာတာဖြစ်နိုင်သည်။

သူနှစ်ကောင်လုံးကို အကဲခတ်လိုက်ပြီး ဖတ်လက်စစာအုပ်ကို ပြန်ကိုင်လိုက်၏။ နှစ်ယောက်လုံး သူ့ခုတင်ပေါ် ဝင်ထိုင်၍ သူ့ဘေးနားမှာပြန့်ကျဲနေသော စာအုပ်တွေကိုကြည့်ပြီး . . .

"ဟာ . . . စုံထောက်ဝတ္ထုတွေပါလား . . . ၊ ဘာလဲ . . . စုံထောက်လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီလား . . . ၊ မင်းအခုကိစ္စကို ဖဲတာရားခံမိအောင်ဖမ်းစမ်းပါဦးဝေလင်းရာ"

ဝေလင်း အောင်သန်းကြီးကိုတစ်ချက်လှည့်ကြည့်လိုက်၍ စာအုပ်ကိုရုတ်တရက်ပိတ်လိုက်ကာ . . .

"ဝေလီ အစ်မကိစ္စကလွယ်မလိုလိုနဲ့ တော်တော်ခက်တယ်ကွ . . . ငါစဉ်းစားကြည့်တာ ဘာဥအစရှာရမလို တော်တော်မလွယ်ဘာ"

"မလွယ်တဲ့ကိစ္စကိုမှ မင်းမို့လို့လျှာရှည်ပြီး လျှောက်လုပ်နေတယ် . . . ၊ အလကား အကျွရှာလို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မခံချင်လို့ပေါ့ကွ"

"ဘာဖြစ်လို့ မင်းက နေရင်းထိုင်ရင်းဝင်ပြီး မခံချင်ဖြစ်နေရတာလဲ"

"ဟ . . . မင်း အဲဒီကောင်လုပ်ပုံကိုလည်း ကြည့်ဦးလေ. . . ငါ့ကိုခုတုံးလုပ်ပြီး သက်သက်နာမည်ဖျက်တာ . . . ငါလုံးဝကိုမကျေနပ်ဘူး"

အောင်သန်းကြီးစိတ်ရှုပ်စွာ . . . "စုတ်"တစ်ချက်သပ်လိုက်ကာ. . ။

"ဘွားစမ်းပါ ဝေလင်းရာ . . . ဖြစ်တဲ့ကိစ္စကနည်းနည်း . . မင်းတကူညီချင်တာကများနေတာ ငါမသိဘူးများထင်လား . . .၊ ဒီမှာ ဝေလင်း မင်း . . ဝေလီကိုကြိုက်သွားပြီမဟုတ်လား"

ဝေလင်းအောင်သန်းကြီးကို ဘာမှပြန်မပြောတော့ . . .၊ ချထားသောစုံထောက်ဝတ္ထုကိုသာ ပြန်ဖတ်နေလိုက်တော့သည်။ ထိုအချိန်တွင် စိန်ကုလားအသံထွက်လာသည်။

"ယဉ် . . ယဉ်ယဉ်လေး ငါ့ကို ဘာ . . . ဘာပြောသေးလဲဟင်"

စိတ်ရှုပ်ရတဲ့ အထဲဆေးရိုးသည် ကကန့်လန့်ကန့်လန့်ပါလာသေးသည်။ ဝေလင်းအမြင်ကတ်ကတ်နှင့် . . .

"အေး . . . ပြောလိုက်တယ် မင်းကိုလုံးဝမကြိုက်ဘူးတဲ့"

စိန်ကုလား မျက်နှာတော်တော်မြင်မကောင်းအောင် ပျက်သွားကာ . . .

"ဟာ . . ဘာ . . . ဘာဖြစ်လို့လဲ ဝေလင်းရာ . . . ငါ. . . ငါ့မှာ . . . ဘာ ဘာအပြစ်တွေရှိနေလို့လဲဟင်"

"အသားမည်းလို့တဲ့"

"ဘာ"

စိန်ကုလားအသံတော်တော်ကျယ်သွား၍ အောင်သန်းကြီးတောင် နီးရာခုတင်တိုင်ပြေးကိုင်လိုက်ရ၏။ စိန်ကုလားရင်တွင်းအဖြစ်အပျက်က အဲဒီလောက်အထိပြင်းထန်သွားရလေ၏။ နောက်တော့ မျက်နှာလေးအိုသွားပြီး ဘာမှထပ်မပြောတော့ပေ . . . ဝေလင်းလည်း အပူနဲ့သူမို့ ဒီကောင်ကိုဘာမှထပ်မပြောတော့ . . .၊

သုံးယောက်လုံး ဘာစကားမှထပ်မပြောဖြစ်ကြတော့ဘဲ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လေးငြိမ်သက်သွားပြီးတော့မှ . . .

"ဟုတ်ပြီ . . . ငါအကြံရပြီ"

ရုတ်တရက် ထအော်လိုက်သော ဝေလင်းအသံကြောင့်နှစ်ကောင်လုံးလန့်ဖျပ်ပြီး . . .

"ဘာ . . . ဘာလဲဟင်"

"ဟုတ်ပြီ . . . ဟား . . ဟား . . . ဒီစာအုပ်ထဲက အတိုင်းလုပ်ရမယ် . . . ဒါမှ . . . တွေ့ကြသေးတာပေါ့ကွာ"

ဝေလင်းပြောပြောဆိုဆိုနှင့်စာအုပ်ကိုစားပွဲပေါ် ပစ်တင်ကာ အင်္ကျီအဝတ်အစားထလဲ၍ . . .

"လာ . . အမြန်သွားမယ်"

စိန်ကုလားရော . . . အောင်သန်းကြီးပါတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး . . .

"မင်းက ဘယ်သွားမလို့လဲ"

"ဝေလီတို့ဆီကို"

"ဘာ . . ဘာလုပ်ဖို့လဲ ဝေလင်းရာ"

"မင်းက ဘယ်သွားမလို့လဲ"

"ဝေလီတို့ဆီကို"

"ဘာ . . . ဘာလုပ်ဖို့လဲဝေလင်းရာ"

"မင်းတို့အဲဒီရောက်ရင်သိမှာပေါ့ကွာ . . . လာ . . အမြန်လာ အောင်ကြာကျောင်းဆင်းသွားဦးမယ်"

ပြောပြီး ဝေလင်းအခန်းထဲမှထွက်သွားတော့၏။ နှစ်ယောက်သား အူတိအူကြောင်နှင့်လိုက်သွားရလေတော့သည်။ စိန်ကုလားခမြာ အောင်းကောင်းလေးတောင်အဆွေးခန်းမဝင်လိုက်ရပေ . . .၊

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

တည်ကြက်

(သို့မဟုတ်)

# ရေညိုဦး





www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးပေါက်ရာသီဖြစ်၍ တက္ကသိုလ်ပရဝုဏ်တစ်ခုလုံး နှင်းမြူတို့ဖြင့် စိုရွဲအေးမြနေပါ၏။ ကျောင်းသားတချို့အနွေးထည်ဂျာ ကင်ကာလာမျိုးစုံကိုယ်စီ ဝတ်ကာလမ်းသလား၍ ဟန်ရေးပြနေကြသည်။ ကျောင်းသူတချို့မဝတ်ဘဲ သိမ်းထားတာကြာပြီဖြစ်သော ဆွယ်တာအနွေး ထည်ထူထူကြီးများကို အချိန်မီထုတ်ဝတ်လာကြသည်။ အားလုံးထဲတွင် ဝေလင်းတစ်ယောက်သာ အင်္ကျီလက်တိုအဖြူလေးဖြင့် မအေးနိုင်မချမ်း နိုင်ဒဂုံတက္ကသိုလ်၏ဆောင်းနံနက်ခင်းကိုအန်တုနေလေသည်။

သူ့စိတ်တွေ အရမ်းလှုပ်ရှားနေပြီ . . .၊ ကိုယ့်ရင်ခုန်သံကို ကိုယ် ပြန်ကြားနေရသည်။ ထူးခြားမှုတစ်ခုရှိလျှင် ချက်ချင်းမြင်သာအောင်မျက် စိနှစ်လုံးလုံး ထိုနေရာသို့မရွေ့တမ်းစိုက်ကြည့်နေရ၏။ မျက်တောင်ခတ် ဖို့တောင်သတိမရ . . .၊ မျက်လုံးဦးတည်ရာက နေညိုဦးထိုင်နေသော အုတ်ခုံလေးသို့ . . .

စိန်ကုလားတစ်ယောက်သည် ထိုအချိန်တွင်ခရေပင်ရိပ်လေး တစ်ခု အောက်သို့ရောက်နေပေပြီ . . .၊ စီးကရက်ကိုမီးညှိထားပြီး သောက်ဖို့ မေ့သွားသည်။ သူလည်းရင်ခုန်နေ၍ဖြစ်၏။ မျက်စိနှစ်လုံးကို လည်း ဇီးကွက်ကလက်မှိုင်ချရလောက်အောင် ဂေါ်လီလုံးလောက်ပြူး ထားကာ အုတ်ခုံလေးတွင်ထိုင်နေသော ကောင်မလေးတစ်ယောက်ထံ အရည်ပျော်ကျသွားမတတ်စိုက်ကြည့်နေရ၏။ သူ့နေရာက ဝေလင်းရှိ သော နေရာနှင့်တစ်ခေါ် သာသာလောက်ဝေးသည့် ခားလွယ်ခုတ်နေရာ လောက် . . . သူ၏ဦးတည်ရာပစ်မှတ်က . . . နေညိုဦး . . .၊

ထိုအချိန်တွင် အောင်သန်းကြီးတစ်ယောက်ကတော့ တော် တော်ပြဿနာတက်နေလေသည်။ သူ၏အဓိကတာဝန်က နေညိုဦး၏ အနီးကပ်လုံခြုံရေး . . .။ ထို့ကြောင့် နေညိုဦးအနားတွင် မယောင်မလည် နှင့် ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်လုပ်နေရသည်။ ကြာ တော့ ခြေထောက်တွေညောင်းလာ၍ ကြွက်တက်ချင်သလိုလိုတောင်ဖြစ် လာ၏။ သို့သော်မတတ်နိုင် . . . နည်းနည်းလေးမှအလစ်မပေးရဲပေ . . .၊ ရည်ရွယ်ချက်ပျောက်သွားပေလိမ့်မည်။

အားလုံး ကြိုတင်တိုင်ပင်ထားသည့်အတိုင်း သူ့နေရာနဲ့သူ တွက်တိပင် . . .၊ နေညိုဦးဘက်ကလည်း တာဝန်ကျေပါသည်။ မနေ့ တတည်းက ဝေလင်းတိုင်းထားသည့်အတိုင်း ဒီအုတ်ခုံလေးတွင် လာထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ အချိန်တော်တော်ကြာသွားလေပြီ . . .၊ သို့သော် တစ်ချက်က လေးမှတောင် မညည်းညူပေ . . .၊ စိတ်ထဲတွင် တရားခံကောင်လေးကို တော်တော်သိချင်နေသည်။ ဘယ်သူဖြစ်မလဲ . . .၊ အသားဖြူလား၊ ညိုလား၊ ရုပ်ရည်လေးကရောချောရဲ့လား၊ သွားတက်ကလေးရောပါလား၊ ပါးချိုင့်လေးပါ ပါရင်တော်တော်ချစ်ဖို့ကောင်းမည် . . . စသည်ဖြင့်အ တွေးနယ်ချဲ့ကာ ကိုယ့်အတွေးနဲ့ကိုယ်ညောင်းမှန်းမသိလိုက်၊ သူထိုင်နေ သည့်နေရာကိုလည်း ဝေလင်းတို့ အဖွဲ့က ရှုထောင့်အမျိုးမျိုးမှလှမ်း၍ စောင့်ကြည့်နေသည်ကိုသူ သိ၍အားလည်းအတော်ရှိနေ၏။

နေညိုဦးအတွေးလေးကို ခဏဖြတ်ကာ သူကျောခိုင်း၍ ခပ်ဝေး ဝေးလေးမှာချထားသောခြင်းတောင်းလေးကို မသိမသာလေး ကြည့်လိုက် သည်။ ခြင်းတောင်းထဲမှာဘာမှမထူးခြားသေး၊ ထို့ကြောင့်ဆက်သာသည်း ခံစောင့်နေလိုက်ရတော့သည်။

ထူးခြားမှုဆို၍ ယခုအချိန်အထိမတွေ့ရသေးသောကြောင့် ဝေ လင်းနည်းနည်းဒေါသထွက်လာသည်။ လက်မှနာရီကိုကြည့်လိုက်တော့ ဆယ့်တစ်နာရီကိုတောင်ကျော်နေပေပြီ . . .၊ သူတို့စောင့်ကြည့်နေသော အချိန်သည် နှစ်နာရီတောင်ကျော်နေလေပြီ . . .၊ မသင်္ကာစရာဆို၍ ဘာမှမတွေ့ . . .၊ သို့သော်လည်း ရုတ်တရက်ကျသွားသောစိတ်ကိုချက် ချင်းဆွဲတင်လိုက်၍ စိတ်ရှည်ရှည်ထားဆက်စောင့်နေလိုက်တာ စီးကရက် တစ်လိပ်ကုန်ခန့်အချိန်တွင် ထမင်းစားချိန်ကျောင်းဆင်းသွားပါတော့ သည်။

ဝေလင်း အောင်သန်းကြီးဘက်သို့ အချက်ပြလိုက်၏။ အဆင် သင့်ဖြစ်ကြောင်း တုံ့ပြန်မှုရသည်။ စိန်ကုလားဘက်လှည့်ကြည့်လိုက်၏။ ခရေပင်ကိုမှီပြီး မတ်တတ်ရပ်ကြီးအိပ်ပျော်နေတာတွေ့လိုက်ရ၍ ခဲလုံး နဲ့လှမ်းပေါက်ကာ သတိပေးလိုက်ရသည်။ ထိုအခါကျမှ စိန်ကုလားအလူး အလဲထပြီး အဆင်သင့်ဖြစ်ကြောင်းအချက်ပြလေသည်။

သူတို့အားလုံး နိုးကြားနေချိန်တွင် လူတွေတော်တော်များများ အဆောင်တွေထဲမှ ထွက်လာကြချေပြီ၊ ဒီအချိန်အရေးအကြီးဆုံးအချိန် ဖြစ်မှန်း သူတို့သဘောပေါက်ထား၏။ တရားခံက ဒီလိုလူအရှုပ်ဆုံးအချိန် တွင် လှုပ်ရှားပေလိမ့်မည်။ ဒီတစ်ခါတော့ ဘယ်လိုမှမလွတ်နိုင်တော့ပေ၊ စောင့်ကြည့်နေသောမျက်လုံးတွေကလည်း ခြောက်လုံး၊ ပြီးတော့ သူတို့





www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာကို ဘယ်သူမှမသိနိုင်၊ ဒါဆိုတရားခံလူ လှုပ်ရှားလိုက်တာနှင့် တွေ့ခနဲဖြစ်သွားပေတော့မည်။

ဝေလင်းတွေးနေရင်း အားရပါးရတစ်ချက်ပြုံးလိုက်ကာ နေညို ဦးပတ်ဝန်းကျင်မှ လူအခြေအနေစီးဆင်းမှုကိုမပြတ်တမ်းအကဲခတ်နေ လိုက်တော့၏။

ပထမကျောင်းသားနှစ်ယောက် နေညိုဦးရဲ့လက်တစ်ကမ်းအလို မှကပ်လျှောက်သွားသည်။ မသက်ာစရာမတွေ့၊ ဒုတိယကောင်မလေးတွေ ရောကောင်လေးတွေပါ ပါသည့်အဖွဲ့တစ်ဖွဲ့ရောက်လာပေသည်။ သူတို့ အချင်းချင်း နောက်ပြောင်ရင်းထွက်သွားကြ၏။ နေညိုဦးကိုဂရုတောင်မ စိုက်၊ ဝေလင်းဆက်စောင့်နေလိုက်သည်။ အချိန်နည်းနည်းကြာသွားပြီး နောက်လူတစ်ယောက် ပတ်ဝန်းကျင်ကိုအကဲခတ်ရင်း နေညိုဦးနောက် မယောင်မလည်ချဉ်းကပ်တာ ရုတ်တရက်တွေ့လိုက်ရ၍ သုံးယောက်လုံး သွေးတွေဆူပွက်သွား၏။

ထိုငတိက ပတ်ဝန်းကျင်ကိုတော်တော်လေ့လာနေသည်။ ထို့ နောက်နေညိုဦးနောက်ကျောဘက်သို့ဖြည်းဖြည်းချင်းချဉ်းကပ်သွား၏။ ဟုတ်တော့နေပြီ၊ ပုံစံက တော်တော်မသင်္ကာစရာ၊ ဝေလင်းအသက်ရှူဖို့ မေ့သွား၏။

နေညိုဦးခြင်းနားရောက်တော့ ထိုပုဂ္ဂိုလ်ရုတ်တရက်ခြင်းတောင်း ထဲသို့ လက်တစ်ဖက်ဆတ်ခနဲနှိုက်လိုက်ကာ နောက်ကြောင်းတောင်လှည့် မကြည့်တော့ဘဲ ထွက်ပြေးသွားလေတော့သည်။

ဝေလင်းရုတ်တရက်ကြောင်သွားကာ ချက်ချင်းအဲဒီလူကို ထွက်ဖမ်းမလို့လုပ်တုန်း ထိုကောင်လေးလက်ထဲမှ အရာဝတ္ထုကိုတွေ့လိုက် ရ၍ အောင်သန်းကြီးကိုရော စိန်ကုလားကိုပါ လက်ကာ၍တားလိုက်ရ တော့၏။ ထိုကောင်လက်ထဲပါသွားတာ နေညိုဦး၏ထမင်းချိုင့်ပင်၊ နေညို ဦးကိုလှည့်ကြည့်လိုက်တော့ သူ့ကိုခေါင်းခါပြလိုက်၏။ သူမသူငယ်ချင်း ဖြစ်ကြောင်းသဘောဖြင့်လုပ်ပြသည်။ အရေးထဲမှာအရာပေါ် ရသေးသည်။ နေညိုဦးအတန်းထဲမှ သူငယ်ချင်းကထမင်းချိုင့်ယူ၍ နောက်သွားခြင်းပင်၊ သုံးယောက်လုံးသက်ပြင်းချ၍ပုံမှန်ပြန်နေရာယူလိုက်ရပါတော့သည်။ ဝေ လင်းစိတ်ထဲတွင်တော့ ချစ်စုတ်ဖွားဖွားနဲ့လူကို ပျစ်ပျစ်နှစ်နှစ်ဆဲပစ်လိုက် ၏။ နေညိုဦးလည်း စိတ်ပျက်စွာသူ့ခြင်းတောင်းထဲ တစ်ချက်စစ်ဆေး၍



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမထူးခြားတော့ဆက်ထိုင်နေလိုက်ရတော့၏။

အချိန်တွေတော်တော်ကြာလာလေပြီ၊ ကျောင်းတောင်ပြန်တက်တော့မည်၊ အခုထိပုံမှန်အတိုင်း စီးမျောဆဲပင်၊ ခဏနေတော့ကျောင်းသားတွေအလျှိုလျှိုသက်ဆိုင်ရာ အဆောင်တွေထဲတဖွဲဖွဲပြန်ဝင်လာကြ၏။ တချို့က နေညိုဦးကိုစသွားကြသည်။ ခဏနေတော့ လမ်းမပေါ်မှာ လူတော်တော်ရှင်းသွားပါတော့သည်။ အတန်းမတက်သော ကျောင်းသူကျောင်းသားတချို့သာရှိနေကြလေတော့သည်။

ဝေလင်းတို့စိတ်ပျက်စပြုလာလေပြီ၊ တစ်မနက်လုံးစောင့်ဆိုင်းနေရ၍ တစ်ကိုယ်လုံးလည်း ညောင်း၍နေလေပြီ၊ ကျောင်းခန်းအပြင်ဘက်မှာလည်း မသင်္ကာစရာဆို၍ ဘာမှမတွေ့ရတော့ပေ၊ ဝေလင်းနောက်ဆုံးအနေဖြင့် ငါးမိနစ်လောက် ဆက်စောင့်ကြည့်လိုက်ဦးမည်ဟုတွေးမိလိုက်ချိန်တွင် ပါမောက္ခချုပ်ကားက ရုတ်တရက်ချိုင့်ကိုရှောင်ရင်း နေညိုဦးဘက်ကပ်သွားတော့၏။ ထိုအချိန်တွင် သူတို့မြင်ကွင်းတွေရုတ်တရက်ပိတ်သွားလေတော့သည်။ ဝေလင်းတို့ကြည့်နေစဉ်မှာပင် ကားကဖြတ်သွားကာ ကတ္တရာလမ်းပေါ်တက်သွားပါလေတော့သည်။

အချိန်သည် မိနစ်ပိုင်းလေးအတွင်းပင်ဖြစ်ပေသည်။ သို့သော်ဝေလင်းတို့က သတိကိုတစ်ချက်မှအလွတ်မခံပါ၊ ကားအတွင်းသို့လှမ်းကြည့်လိုက်သေး၏။ ကျောင်းဆရာမတစ်ဦးနှင့်ကားမောင်းသည့်ဒရိုင်ဘာတစ်ယောက်၊ ဘာမှထူးထူးခြားခြားမရှိ လမ်းမပေါ်တွင်လည်း ဘောင်းဘီရှည်ဝတ်ထားသော ဆံပင်တိုတိုကောင်မလေးတစ်ယောက် (walk man) ကက်ဆက်လေးကို နားတွင်တပ်ကာသွားနေသည်။ နောက်ထပ်ဆေးလိပ်ဆိုင်က မိန်းမကြီးတစ်ယောက်၊ ဆရာမတစ်ဦး၊ ချိတ်ထဘီအပြာရောင်လေးနှင့် ဆံပင်ရှည်ရှည်ကျောင်းသူတစ်ဦး၊ အားလုံးလေးယောက်-မသင်္ကာစရာမရှိပါ။

နေညိုဦးလည်း ကတ္တရာလမ်းဘက်သို့သာငေးမောရင်း အတွေးနယ်ချဲ့နေသည်။ ဝေလင်းစောင့်သောအချိန်ငါးမိနစ်သည် ကျော်တောင်သွားပြီး ဆယ့်ငါးမိနစ်ခန့်တောင်ဖြစ်သွားပေပြီ . . .၊

နောက်ဆုံးတော့ သုံးယောက်စလုံးလက်လျှော့ကာ နေညိုဦးထံထွက်လာကြတော့၏။

"ကဲ . . . နေညိုဦး . . . ဒီနေ့တော့ဒီလောက်ဆိုတော်ပြီ . . ၊



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှမရောက်ရင်ရောက်ဖို့လမ်းမမြင်တော့ဘူး . . .။နောက်နေ့မှ ဆက်စောင့်တာမေ့ါ"

ပြောပြီးနောက်ဝေလင်း ဆေးလိပ်ကိုတစ်ချက်မီးညှိကာ . . .

"ဒါပေမယ့် . . . နေညိုဦးအခုပဲအိမ်ပြန်တော့နော် . . . ဘာဖြစ်လို့လဲဆိုတော့ . . . ဒီစာထည့်တဲ့လူအတွက် အခွင့်အရေးခွင်ကျဉ်းသွားအောင်လို့ပါ"

နေညိုဦးက "ဟုတ်ကဲ့" ဆိုပြီး ခေါင်းညိတ်ကာထရပ်ပြီး ခြင်းတောင်းကိုကောက်အမ . . . .

"အောင်မလေး"

သူမ၏ထိတ်လန့်ချောက်ချားစွာအော်လိုက်သော အာမေဋိတ်အသံကြောင့် သုံးယောက်လုံးခြင်းတောင်းထဲကြည့်လိုက်ကာ . . .

"ဟာ . . ."

အားလုံးဆံပင်မွေးတွေ ထောင်ကုန်ပြီး ခေါင်းနားပန်းကြီးသွားတော့၏။ ခြင်းတောင်းထဲမှာ သူတို့မသိအောင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော စာတစ်စောင်၊(သို့မဟုတ်)သူတို့ဒီလောက်အထိ စောင့်ကြည့်နေသည့်ကြားမှ မြေလျှိုးမိုးပျံ၍ ရောက်လာသောစာတစ်စောင်။

ဝေလင်းစာအိတ်ကို မြွေပွေးတစ်ကောင်ကိုင်ထားရသလို ချောက်လန့်တကြားကိုင်၍ ကြည့်နေကာ . . .

"တောက်"

ဦးခေါင်းတစ်ခုလုံး စိုက်ကျသွားပါတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူးဝေလီ . . ၊ ကိုယ်တို့ သေချာစောင့်ကြည့်နေတာ . . . ၊ ရှင်းရှင်းပြောရရင် အဲဒီအချိန်မှာ နေညိုပြီး ပခုံးပေါ်ခြင်တစ်ကောင်လာနားရင်တောင် ကိုယ်တို့သိတယ်"

ဝေလင်းစကားဆုံးတော့ ဝေလီတစ်ချက်ရယ်ရင်း . . .

"ခြင်လာနားတာတောင်သိပေမယ့် အခုစာတစ်စောင်လုံး ခြင်းထဲရောက်သွားတာ ကိုဝေလင်းမသိလိုက်ဘူးမဟုတ်လား"

ဝေလင်းခေါင်းကို အားရပါးရကုတ်လိုက်ကာ . . .

"အဲဒါကြောင့် ကိုယ်ဒေါသဖြစ်နေတာပေါ့၊ ဒီကောင်ဘယ်လိုထည့်သွားလဲ . . . ကိုယ်ဘယ်လိုမှစဉ်းစားလို့မရတော့ဘူး ဝေလီရာ"



www.burmeseclassic.com

www.burmeseclassic.com



ဝေလီတစ်ခုခုကို စဉ်းစားနေသလိုမျိုး ငိုင်တွေတွေလေးဖြစ်သွားသည်။ ဝေလင်းလည်း တော်တော်ငြိမ်သွား၏။ မငြိမ်လို့လည်းမဖြစ်တော့ ထိုနေ့က အဖြစ်အပျက်ကိုတွေးလိုက်တိုင်း ဝေလင်းအခုလိုပဲငြိမ်သက်သွားရစမြဲ . . .၊ တစ်ခါတလေ တွေးနေရင်း ကြက်သီးတွေဘာတွေတောင်ထလာသည်။ ဒီကောင်လူမှဟုတ်ရဲ့လား . . .၊ အခုလည်း ဝေလင်းခေါင်းပေါက်မတတ်စဉ်းစားခန်းဝင်နေရ၍ စိတ်ရောလူပါ မောနေသည်။ သို့သော်ဝေလီမျက်နှာနှင့် ကိုယ်သင်းရနံ့လေးကြောင့် တစ်ချက်တစ်ချက် အမောပြေ ပြေသွားရသည်။

"ကိုဝေလင်းပြောသလို ပါချုပ်ကားကွယ်သွားချိန်မှာဖြစ်တာဆိုတော့ . . .၊ အဲဒီအချိန်မှာတွေ့တဲ့လူတွေထဲကရော တစ်ယောက်မှ မသင်္ကာစရာမတွေ့ဘူးလား"

ဝေလင်းခေါင်းကိုဖြည်းလေးစွာခါပြလိုက်သည်။

"မတွေ့ဘူး . .၊ အဲဒီအချိန်မှာတွေ့တဲ့လူတွေကလည်း ယောကျာ်းတစ်ယောက်မှမပါဘူး . . .၊ အားလုံး မိန်းကလေးတွေ . .၊ ပြီးတော့ သူတို့ကလည်း နေညိုဦးကိုဂရုတောင်မထားမိဘူး . . ."

"ဟူး ဒါဆိုမလွယ်ပါလား ကိုဝေလင်းရယ်"

မလွယ်တာတော့ တော်တော်မလွယ်တဲ့ကိစ္စပင် . . .၊ အုံ့ဩစရာကောင်းသလို၊ ထူးလည်းထူးဆန်းနေပေပြီ၊ ဝေလင်းတစ်ယောက် တွေးခလရှုံးချင်လေဖြစ်လာ၏။ သို့သော်ဝေလင်းစိတ်ပျက်မသွားပါ။ ပိုလို့တောင်စိတ်ဝင်စားလာ၏။ ဒီကိစ္စကြီးမှာတစ်စုံတစ်ခုတော့အကြီးအကျယ်လွဲမှားနေပြီဟု ဝေလင်းစိတ်ကထင်ထားသည်။ ထိုအရာကဘာလဲ . . .၊ ဝေလင်းအခုထိအစတောင်စဉ်းစားမရသေးပါ။ နောက်ဆုံး ကန်တင်းမှ သူတို့ထထွက်လာခဲ့တော့သည်။

"နေညိုဦးဆီသွားရအောင် ဝေလီ"

သူမ ဘာစောဒကမှမတက်ပါ၊ ချက်ချင်းခေါင်းညိတ်ပြကာ တားဆီသို့ထွက်လာခဲ့ပါတော့၏။ အခုတလောလည်းဝေလင်းနဲ့ဝေလီအကြောင်းကို သတိထားမိသူတွေ်တော်တော်များများတောင်ရှိလာကြ၏၊ အားလုံးကသူတို့နှစ်ယောက်ကိုကြိုက်သွားကြပြီလို့ထင်နေကြသည်၊ ထင်လည်းထင်ချင်စရာပါပင်၊ သူတို့နှစ်ယောက်ကလည်း ဒီကိစ္စကြီးနှင့်ပတ်သတ်ပြီးအမြဲတမ်းတပူးပူးတတွဲတွဲဖြစ်နေကြသည်ကိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဝေလီဘက်ကတော့မသိပေ၊ ဝေလင်းဘက်ကတော့ သူမနဲ့တွဲနေရတာကိုတော်တော်လေး သာယာနေမိပေပြီ . . .၊ ကံကောင်းမလား။ ကံဆိုးမလားဆိုတာကိုတော့ သူ မမျှော်မှန်းတတ်ပေ၊ သေချာတာတစ်ခုတတော့ သူဝေလီကိုနှစ်နှစ်ကာကာကြီးချစ်မိသွားလေပြီ၊ ကြောက်လို့ရှောင်နေမိသူ မိန်းကလေးနဲ့မှတိုက်တိုက်ဆိုင်ဆိုင်ဆုံစည်းပေးသောကံကြမ္မာကလည်းဆန်းကြယ်လှ၏။ အခုသူတွေကြုံနေရသည့်ကိစ္စကလည်း ဆန်းကြယ်လှ၏။ ဝေလင်းအတွက်လောကကြီးသည် ဆန်းကြယ်မှုတွေနှင့်သာပြည့်နှက်နေပါတော့သည်။

"ရောက်ပြီ ကိုဝေလင်း . . .၊ သမီးပါလိုက်ခဲ့ရဦးမလားဟင်"

သူမအမေးစကားလေးက သူလိုက်ခဲ့စေချင်လျှင်လိုက်မည့်သဘော . . .

"ဝေလီ လိုက်ခဲ့တော့ကိုယ့်အတွက် အားရှိတာပေါ့ဝေလီရယ်"

သူမကိုနက်နက်နဲနဲတစ်ချက်စိုက်ကြည့်ကာပြောပြီးကားပေါ်မှဆင်းသွားသော ဝေလင်းစကားကြောင့် ဝေလီတစ်ချက်ကြောင်သွားလေ၏။ ဒါပထမဆုံးသူမအပေါ်ပြောသည့် ဝေလင်း၏ချိတ်တိတ်တိတ်စကားလေးမှန်းသိလိုက်တော့ သူမရင်ခုန်သွားရ၏။

နောက်ဆုံး သူမလည်းဝေလင်းစကားကိုမလွန်ဆန်နိုင်ပေ. . .၊ ကားတံခါးသော့ပိတ်ပြီး ဝေလင်းဘေးမှယှဉ်၍ လိုက်သွားလိုက်ပါတော့သည်။

အတန်းကိုရောက်တော့ နေညိုဦးနှင့်တန်းတွေ့၍ ဒီနေ့ဘာမှမထူးခြားသေးကြောင်းသိလိုက်ရ၏။ ထိုအချိန်တွင် အောင်သန်းကြီးနှင့်စိန်ကုလားတို့ရောက်လာကြကာ . . . .

"ကဲ . . . ဘယ်လိုလဲဝေလင်း၊ ဒီနေ့အစီအစဉ်မင်းဘယ်လိုဆွဲထားလဲ"

"အစီအစဉ်ကတော့ ထုံးစံအတိုင်းပေါ့၊ စောင့်ကြည့်ရုံပဲ၊ ဒါပေမယ့် အခုလောလောဆယ်ငါတို့လူစုခွဲထားရင်ကောင်းမယ် . .၊ တော်ကြာငါတို့ဒီလိုစုရုံးနေတာတွေ့သွားရင်တစ်ဖက်ကရိပ်မိသွားလိမ့်မယ်"

ဝေလင်းပြောတာဟုတ်နေ၍ သူတို့လူစုခွဲလိုက်ကြသည်။ ဝေလင်းကနေညိုဦးအတန်းထဲတွင် ဝင်ထိုင်ကာမနီးမဝေးနေရာမှစောင့်ကြည့်အကဲခတ်၏။ စိန်ကုလားနှင့်အောင်သန်းကြီးက အပြင်စကြိန်လမ်းမှာ



တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မယောင်မလည်ရပ်ကာ စောင့်ကြည့်၍ဝေလင်းကတော့ တော်တော်ဝေးဝေးမှနေ၍ ပတ်ဝန်းကျင်ကိုဖြန့်ကြက်တာဝန်ယူထားသည်။

ကော်ရေတာတွင် လူတော်တော်ရှင်းသွားကြပေပြီ၊ အခန်းတိုင်းလိုလိုစာသင်နေကြ၍ ကျောင်းသား၊ ကျောင်းသူများ အတန်းအပြင်ဘက်တွင်မရှိသလောက်ရှင်းသွားကြလေပြီ။ ဝေလင်းတို့အုပ်စုလည်း သူ့နေရာနှင့်သူတာဝန်ကျေပွန်အောင် ယခင်ကထက်ဝီရိယကောင်းစွာတာဝန်ထမ်းဆောင်လျက်ရှိနေကြ၏။

နာရီလက်တံသည် တရွေ့ရွေ့ခရီးနှင်နေကာ စက္ကန့်လည်သံတချက်ချက်ကိုကြားနေရလောက်အောင်ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် . . .၊ ဝေလင်းလက်မှနာရီကိုကြည့်လိုက်၏။ အတန်းဆင်းရန်မိနစ်အနည်းငယ်သာလိုတော့သည်။ ဝေလင်းရင်ခုန်သံသည် တဝုန်းဝုန်းခုန်နေကာ ပတ်ဝန်းကျင်ကိုမျက်တောင်မခတ်တမ်းအကဲခတ်နေစဉ် တစ်ဖက်အခန်းမှအတန်းစောဆင်းသွား၍ ကော်ရေတာသို့ကျောင်းသား၊ ကျောင်းသူများရုတ်တရက်ပြုံဆင်းလာကြတော့သည်။

ခုနငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်အနေအထားလေးသည် ရုတ်တရက်လူသံသူသံများဖြင့် ပြည့်နှက်သွားပါတော့၏။

နေညိုဦးတို့အတန်းဆင်းလေပြီ . . .၊ အခန်းထဲတွင် လူရှင်းသည်အထိစောင့်ပြီးမှ နေညိုဦးထွက်လာ၏။ အပြင်ရောက်တော့ ဝေလင်းတို့ကိုလုံးဝလှည့်မကြည့်ဘဲ သူ့လမ်းသူဆက်လျှောက်သွား၏။ သူ့မလက်ထဲတွင် ခြင်းတောင်းကိုကိုင်လျက် . . . .။

ဝေလင်းရပ်နေသောနေရာနားသို့ နေညိုဦးအရောက်တွင် ဝေလင်းကသူမအား ဣန္ဒြေမပျက်ဆက်လျှောက်သွားဆိုသည့်သဘောချက်ရိပ်ပြ၍ သူမနောက်မှမယောင်မလည်လိုက်သွားလိုက်၏။

အောင်သန်းကြီး၊ စိန်ကုလားနှင့်ဝေလီတို့ကတော့ အတန်းထဲတွင် နေညိုဦးတမင်တကာထားခဲ့သောလွယ်အိတ်ကိုစောင့်ကြည့်ရန်ကျန်ခဲ့လေသည်။ ဒီတစ်ခါဝေလင်းတို့လုပ်ကွက်က ပိုကောင်းသည်။ ထောင်ချောက်နှစ်ခု၊ လွယ်အိတ်(သို့မဟုတ်)နေညိုဦးသယ်သွားသောခြင်းတောင်းရှိသူက ပစ်မှတ်နှစ်ခုကိုတစ်ခုခုရွေးချယ်နိုင်သည်။

ဝေလင်းနေ[illegible]ညိုဦးနောက်မှလိုက်လာရင်း ကော်ရေတာ[illegible]အကွေ့နားလေးတစ်ခုအရောက်တွင် လူအုပ်တစ်ခုထဲနေညိုဦး[illegible]ဝင်ပြွတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာတွေ့လိုက်ရ၍ မျက်စိရှင်ရှင်ထား၍ ကြည့်နေစဉ်သူမသည် ထို လူအုပ်ကိုကျော်တက်အပြီး ကော်ရေတာကွေ့ကျော့ကျော့လေးတွင် ရုတ်ခြည်းရပ်ပစ်လိုက်တာတွေလိုက်ရတော့၏။ သူမမျက်နှာဖော်တော်ပျက်သွားကြောင်းတွေ့လိုက်ရပြီး သူ့ကိုလည်းချက်ချင်းအချက်လှမ်းပြလိုက်၍ ခေါင်းထဲမှာ ဒိန်းခနဲဖြစ်သွားတော့သည်။

စာထည့်သွားလေပြီ . . .၊ ဝေလင်းပတ်ဝန်းကျင်မှလူများကို ချက်ချင်းကိုးကန်းတောင်းမှောက်လိုက်ရှာ၏။ မတွေ့ . . .၊ ခုနလူအုပ်ကို လှမ်းအကြည့်တွင် ခုနေနေညိုဦးဖြတ်သွားသောလူအုပ်သည် ကော်ရေတာကွေ့အိမ်သာရှေ့အရောက်တွင် . . .

"ဟာ"

ဝေလင်းအံ့ဩလွန်း၍ အာမေဋိတ်အသံနဲ့အတူ ထိုနေရာသို့ အမြန်ပြေး၏။ သို့သော် သူမမီလိုက်တော့ပေ . . .၊ ဝေလင်းသူ့မျက်စိ သူမယုံကြည်နိုင်လောက်အောင်ဖြစ်သွားကာ . . . ရုတ်တရက်ကြက်သေသေပြီး အိမ်သာရှေ့တည့်တည့်ကော်ရေတာ အကွေ့တွင်ကြောင်ပြီးရပ်နေရပါတော့သည်။ အိမ်သာဘေးနားမှအပြင်သို့ ထွက်သည့်စကြံန်လမ်းလေးဆိုင်းကြည့်ရင်းရပ်နေသော ဝေလင်းထံနေညိုဦးအူယားဖားယားပြေး၍ . . .

"ကိုဝေလင်း . . ဘယ် . . . ဘယ်သူလဲဟင် . . မြင်. . မြင်လိုက်ရလား၊ ဘယ်သူလဲဟင်"

သိချင်ဇောဖြင့် အသက်မရှူတမ်းမေးနေသော နေညိုဦးဘက်လှည့်၍ ဝေလင်းဖြည်းညင်းစွာခေါင်းညိတ်ပြလိုက်ပါတော့သည်။

"ဟင် . . . တကယ်. . . အဲဒါဆို . . . ဘယ် . . . ဘယ်သူလဲဟင်"

ဝေလင်းပြောမလို့လုပ်နေစဉ်မှာပင် . . . ဝေလင်းရပ်နေသော အိမ်သာမှာ မိန်းမအိမ်သာရှေ့ဖြစ်နေ၍ အိမ်သာဝတွင်ထဘီဖြန့်ဝတ်နေသောကျောင်းသူတချို့ကဝေလင်းကို မျက်စောင်းထိုး၍စူးစူးစိုက်စိုက်ဝိုင်းကြည့်နေ၍ ဝေလင်းရှက်ပြီးချက်ချင်းလှည့်ထွက်ခဲ့လိုက်တော့သည်။ သူကလည်း ယောင်ပြီးသွားကြည့်နေသည်ကိုး . . . .။

လမ်းရောက်တော့ . . . နေညိုဦးကနောက်တစ်ခေါက်ထပ်မေး၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့ နေညိုဦးရယ် . . . ဒီတစ်ခါဆို . . . ဒီကောင် လုံးဝမိပါပြီ စိတ်ချပါ"

"ကိုဝေလင်းကလည်း ပြောပါဆို . . . စိတ်ထဲကလိကလိဖြစ် အောင်လုပ်နေပြန်ပြီ . . . ဘယ်သူလဲဟင်"

ဝေလင်းတစ်ချက်ပြုံးလိုက်ကာ . . .

"ကိုယ်ထင်တာမလွဲဘူးဆိုရင် . . . သေချာသလောက်ရှိသွား ပါပြီ . . . ဒါပေမယ့် အခုကိုယ်တွေ့လိုက်ရတာ ကွက်ကွက်ကွင်းကွင်းမ ဟုတ်သေးလို့ သိပ်မသေချာသလိုဖြစ်သွားလို့ပါ . . . ဟဲ . . . ဟဲ . . ခဏ စောင့်သည်းခံလိုက်ပါ နေညိုဦးရာ . . . နောက်တစ်ခါ ကိုယ်ထင်တာမှန် ခဲ့ရင် ဒီကောင်ပြေးမလွတ်ပါဘူးကွာ"

"အဲဒါဆို ဘယ်နေ့ ညှိသိရမလဲဟင်"

"မနက်ဖြန်"

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောစီးစီး ငှက်ပျောသီးတစ်ဖီးကိုကိုင်၍ပြေးတက်လာသော အောင်သန်းကြီးကိုကြည့်ကာ သူခေတ္တကြောင်သွားလေ၏။ ဒီကောင်ဘာကြောင်လာပြန်ပြီလဲမသိပေ . . . .။

"ဟာ . . . ဝေလင်း . . . မင်းကျောင်းသွားတော့မလို့လား. . . နေပါဦးဆရာသမားရယ် . . . တပည့်ခြံနောက်က ဦးဦးဖျားဖျားသီးတဲ့ ငှက်ပျောသီးလေးယူလာတာ လက်ခံလိုက်ပါဦးဗျာ"

သူပေစောင်းစောင်းနဲ့အောင်သန်းကြီးကိုကြည့်လိုက်ကာ . . .

"မင်းဘာတွေ မကောင်းတာကြံစည်လာပြန်ပြီလဲ အောင်သန်းကြီး . . .၊ ဒီနေ့တော့ မင်းဘာပဲလုပ်လုပ်ငါမလိုက်နိုင်တော့ဘူးနော်. . .၊ မင်းသိတဲ့အတိုင်း နေညိုဦးကိစ္စဒီနေ့အပြီးလုပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းကြီး ယူလာတဲ့ငှက်ပျောသီးကိုအခန်းထဲရှိစားပွဲပေါ် ပြေးတင်ကာ ပြန်ထွက်လာပြီး . . .

"ငါသိပါတယ်ဝေလင်းရာ . . . ငါအခု အရမ်းပျော်နေလို့ပါကွ၊ ဒီမှာ ငါအခုအရင်လိုမဟုတ်တော့ဘူးသူငယ်ချင်းရ . . ဘဝပြောင်းသွားပြီကွ . . . မင်းသူငယ်ချင်းဘဝပြောင်းသွားပြီ"

"ဟင် . . . မင်းဘဝပြောင်းသွားပြီဟုတ်လား"

"ဟုတ်တယ်"

"မှန်းစမ်း"

သူအောင်သန်းကြီးကိုခြေဆုံးခေါင်းဆုံး မသင်္ကာသလိုကြည့်လိုက်တော့ ဒီကောင်စိတ်တိုသွားပြီး . . .

"ဟာ . . . အဲဒါမဟုတ်ဘူးကွ . . . ငါဘဝပြောင်းသွားပြီဆိုတာ . . . ငါ . . . ငါ . . . ဟို ဆွေ . . . ဆွေဆွေနဲ့ကြိုက်သွားပြီကွ"

"ဟေ . . တကယ်"

"အေး"

သူတကယ်အံ့ဩသွားတာပါ၊ အောင်သန်းကြီးဘယ်အချိန်ကျိတ်လုပ်လိုက်လဲမသိပေ၊ သူတောင်ဘာမှမသိလိုက်ရ . . .

"မင်းက သွက်လှချေလား . . . ဘယ်တုန်းကတည်းက ကျိတ်ကြိုးစားနေတာလဲ . . . ဟုတ်လှချေလားကွ"

"ဟဲ . . ဟဲ . . . မင်းသူငယ်ချင်းပဲကွာ ဒီလောက်ဘယ်ညံ့ပါ့မလဲ ဒီလိုကွ . . . ငါကြိုးစားနေတာတော့ကြာပြီ၊ ဒါပေမယ့် အဖြေက မနေ့တကျောင်းဆင်းခါနီးမှ ငါ့ကိုပေးလိုက်တာ . . . အရင်က မင်းတို့ကိုမပြောဘူးဆိုတာ . . . ဟို . . . ဟိုမသေချာသေးလို့ကွ . . . မရရင်အရှက်ကွဲမှာ ဦးလို့ ဟဲ . . . ဟဲ အခုတော့အဆင်ပြေသွားပြီ"

သူလည်းပျော်ပါသည်။ အောင်သန်းကြီး အခုလို ဆွေဆွေနဲ့ ကြည်သွားတော့ သူအမှန်တကယ်ဝမ်းသာသွားတာပါ . . .။ သူပြုံးရင်း စိန်တုလားကိုသတိရမိလိုက်၍ . . .

"ဒါနဲ့ စိန်တုလားရော"

အောင်သန်းကြီး မျက်နှာချက်ချင်းမှိုင်ကျသွားတော့၏။ ဒါဆို စိန်တုလားအခြေအနေသိပ်မကောင်းလှ . . . .၊

"ဒီကောင်အကြောင်းတော့ မပြောချင်ပါဘူးကွာ . . ၊ မင်းတတို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါယဉ်ယဉ်သိန်းက သူ့ကိုအသားမည်းလို့မကြိုက်ဘူးပြောလိုက်လို့တဲ့ ညက ဘယ်ကနေရလာမှန်းမသိဘူး၊ အသားဖြူဆေးတွေတစ်ဘူးလုံးလိမ်းလိုက်တာ အခုဆေးခန်းရောက်နေတယ်"

"ဟေ ဘာဖြစ်သွားလို့လဲ"

"တစ်ကိုယ်လုံး ယားနာတွေပေါက်လာလို့"

"ဟာ . . . ဒီကောင်ကတော့ကွာ. . ဒါဆိုဒီနေ့ ဒီကောင်ကျောင်းမလာဘူးပေါ့"

"ဘယ်လိုလုပ်လာနိုင်မှာလဲကွာ . . . ဆေးခန်းမှာပါဆိုနေမှ"

ဝေလင်းရယ်ရမလို ငိုရမလိုဖြစ်သွားပြီး နောက်ဆုံးအောင်သန်းကြီးနှင့်အတူ ကျောင်းသို့ထွက်လာခဲ့လိုက်ပါတော့သည်။

ကျောင်းထဲရောက်တယ်ဆိုရင်ပဲ ချိန်းထားသောနေရာမှာဝေလီနှင့်နေညိုဦးကိုကြိုတင်တွေ့လိုက်ရ၍ ဒီကောင်မလေးတွေသိချင်စိတ်အလွန်ပြင်းပြနေကြောင်း သူသတိထားမိလိုက်၏။ သူတို့လည်းသိချင်နေပေလိမ့်မည်။ သူလည်း ဒီနေ့မရရအောင်တရားခံကိုဖော်ထုတ်မည်ဟု စိတ်ထဲကြုံးဝါးထားလိုက်၏။

အစီအစဉ်အားလုံးကို သေသေချာချာရှင်းပြပြီးနောက် သူတို့လူစုခွဲလိုက်ကြတော့သည်။ အားလုံးစိတ်ထဲတွင် ရင်ခုန်သံကိုယ်စီဖြင့်ထွက်ခွာသွားကြပါတော့၏။

♠ ♠ ♠





www.burmeseclassic.com

www.burmeseclassic.com



# ဝေလီဝေလင်း
## ချစ်သူ

## ၃

တစ်ခါ ဝေလင်းရွေးချယ်လိုက်သောနေရာက လူအရှုပ်ဆုံးနှင့် အကျပ်ဆုံးနေရာဖြစ်သော ကျောင်းသားရေးရာဌာနဖြစ်နေ၍ အားလုံးက အံ့ဩနေကြသည်။ ပထမနေ့ညီဦးကိုသူမအတန်းမှာပထမဦးဆုံးအချိန် သွားတက်စေလိုက်သည်။ ပြီးမှ . . ထိုနေရာမှတစ်ဆင့် ကျောင်းသားရေးရာသို့လမ်းလျှောက်ခိုင်းသည်။ တရားခံကိုမှုားခေါ်သည့်သဘော . . .၊ အတန်းထဲမှာလည်း နေညီနှင့်ပတ်သက်သည့်ပစ္စည်း ဘာတစ်ခုမှမထားခဲ့ . . .၊ ဒီတစ်ခါတည်ကြက်ကတစ်ကောင်တည်း(ဒါမှမဟုတ်)တစ်နေရာတည်း . . .။

"ဖြစ်ပါမလား ဝေလင်းရာ ကျောင်းသားရေးရာရှေ့ဆိုတော့ လူတွေဒီလောက်များတာကွာ၊ ပိုဆိုးမယ်ထင်တယ်"

"စိတ်ချစမ်းပါအောင်သန်းရာ . . . ဒီတစ်ခါ ငါတာဝန်ယူပါတယ် မလွတ်စေရပါဘူး . . . အေး . . . မင်းတို့ဘက်ကသာ တာဝန်ကျေပါစေ"

အောင်သန်းကြီး ဝေလင်းကိုတစ်ချက်ကြည့်၍ . . . .

"မင်းက အတိအကျကြီးပြောနေရအောင် . . . တရားခံကိုမင်းတွေ့ထားလို့လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်၍ ပြောလိုက်သောဝေလင်းစကားကြောင့်အောင်သန်းကြီးပြူးပြူးပျာပျာဖြစ်သွားကာ . . . .

"ဘယ် . . . ဘယ်မှာလဲ . . . ဘယ်သူလဲ . . . ပြ . . . ပြစမ်းပါကွာ"

ဣန္ဒြေတော်တော်ပျက်ယွင်းသွားသော အောင်သန်းကြီးကြောင့်ဝေလင်းအသာကျိတ်ကာသတိပေးရင်း . . .

"ဟော့ကောင် . . . အဲဒီလောက်ဖြစ်မသွားနဲ့လေ . . . တော်ကြာဟိုက ရိပ်မိသွားဦးမယ် . . . ၊ ခဏအောင့်ထားလိုက်ပါ . . . တော်ကြာဒီကောင်လာတော့မှာပါ"

"ဒါဆို . . . ဒီကောင်ငါတို့နားမှာရှိနေတာပေါ့"

"ဟုတ်တယ်"

"ဟင်"

အောင်သန်းကြီး သူ့ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ရှာကြည့်သည်။ လူတွေကများလွန်းတော့ ဘယ်သူမှန်းမသိ . . . ။

"ဟော့ကောင် . . . သွား . . . သွားတော့ မင်းနေရာမင်းသွားနေတော့၊ အစီအစဉ်စမယ်"

ဝေလင်းအတင်းတွန်းလွှတ်လိုက်၍ အောင်သန်းကြီးတစ်ယောက်သူတာဝန်ကျရာ စကြံ့နံလမ်းတစ်ဖက်ထိပ်သို့ ကားရားကားရားနှင့်လျှောက်သွားတော့၏။ ထိုအချိန်တွင် နေညိုဦးသည်ကျောင်းသားရှေ့ရာရှေ့လူအုပ်ကြီးထဲတွင်စီးမျောနေပေပြီ . . . ။

ဝေလင်းနေညိုဦးအနောက်မှအသာလိုက်သွား၏။ ပတ်ဝန်းကျင်ရှိလူများကို တစ်ချက်ဖြန့်ကြည့်လိုက်ပြီး ဝေလင်းမျက်လုံးသည် တစ်နေရာတွင်ရပ်တန့်သွား၏။ သူတစ်ချက်ပြုံးလိုက်သည်။ သူပြုံးလိုက်သောအပြုံးက ပိုင်ပိုင်နိုင်နိုင်အပြုံး၊ ဝေလင်းဘာကိုမြင်သွား၍ ဒီလိုအပြုံးမျိုးပြုံးရသည်ဆိုတာကတော့ သူမှလွဲ၍ဘယ်သူမှသိနိုင်မည်မဟုတ်ပေ။

ပထမဆုံးနေညိုဦးအနားသို့ချဉ်းကပ်သွားတာကိုစမြင်လိုက်ရသည်။ ထိုလူချဉ်းကပ်ချက်ကို နေညိုဦးမပြောနှင့် သူတောင်ခါတိုင်းနေ့တွေဆို ဘယ်လိုမှသိနိုင်မည်မဟုတ်ပေ။ အခုတော့ သူ့အတွေးကမှန်နေ၍သိနိုင်ခြင်းပင် . . . ။

ထိုတရားခံကောင်ကလည်း ပါးပါးလေးပင်၊ နေညိုဦးအားရောက်





www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်ပဲ ဆောင်းလာတဲ့ဦးထုပ်လေးကို ရှေ့သို့အငိုက်ဆုံးချလိုက်ပြီး ရုပ်ကိုမပေါ်အောင်ဖုံးလိုက်၏။ နောက်တော့ဘောင်းဘီနောက်အိတ်ထဲမှ အရာတစ်ခုကိုဆွဲထုတ်သည်။ ထို့နောက်နေညိုဦးထံပူးကပ်အသွား ခြင်းတောင်းလေးထဲသို့စာအထည့်၊ လူကလည်းနေညိုဦးကိုကျော်အတက်. . .။ ထိုပုဂ္ဂိုလ်၏လုပ်ငန်းဆောင်တာအားလုံးပြီးဆုံးသွားလေပြီ၊ လျှင်မြန်သလို အလွန်တရာမှလည်း ဖျတ်လက်သွက်လက်၏။ နေညိုဦးမသိနိုင်သလို သူတို့လည်းမသိနိုင်ပေ၊ ဝေလင်းထိုမြင်ကွင်းကိုကြည့်ပြီး ယခင်နေ့တွေက ဒီပုဂ္ဂိုလ်ကိုဘာလို့မမိလိုက်ရသလဲဆိုတာ ချက်ချင်းသဘောပေါက်လိုက်ပါသည်။

ထိုတရားခံတွင် သူတို့လုံးဝမရိပ်မိစေရန် အကြီးမားဆုံးသောသဘာဝအတားအဆီးကြီးတစ်ခုက ဖုံးကွယ်ထားသောကြောင့်ပင် . . .

ဝေလင်း အချိန်ဆွဲမနေတော့ . . . ချက်ချင်းလူအုပ်ကြားမှ နေညိုဦးကျော်တက်၍ အရှေ့ကစာထည့်သွားသောလူနောက်လိုက်လိုက်သည်။ စကြံန်လမ်းအဆုံးလူအနည်းငယ်ရှင်းသောနေရာသို့အရောက် . . . ဝေလင်းဘက်ကအောင်သန်းကြီးကိုချက်ချင်းအချက်ပြကာ ထိုတရားခံကိုဝိုင်းပတ် ဖမ်းဆီးပစ်လိုက်ပါတော့သည်။

"ခင် . . . ခင်ဗျားတို့ ဘာလုပ်တာလဲ. . . လွှတ်နော်"

ထိုသတ္တဝါလေးကအတင်းရုန်း၏။ သို့သော်ဝေလင်းတို့နှစ်ယောက်ကြားထဲမှ လွတ်ထွက်မသွားနိုင်ပေ။ ထိုအချိန်မှာ ဝေလီနဲ့နေညိုဦးတို့ချက်ချင်းရောက်လာကြတော့၏။

"ကဲ . . . ဝေလီ . . နေညိုဦး . . . တရားခံတော့မိပြီ . . ၊သူပဲ . . . အဲဒီတော့ အားလုံးမြင့်ရအောင်"

ဝေလင်းပြောပြောဆိုဆိုနှင့် သူ့ရှေ့က သတ္တဝါလေးခေါင်းမှာဆောင်းထားသောဦးထုပ်ကိုဆွဲလှန်ပစ်လိုက်တော့ . . . .၊

"ဟင်"

"အို"

"ဟယ်"

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောစမ်း . . . မင်းဘာရည်ရွယ်ချက်နဲ့နေညိုဦးကို ဒါမျိုးလုပ်ရတာလဲ"

"ခင်ဗျားတို့နဲ့ဘာဆိုင်လဲ"

"ဟော . . ."

အောင်သန်းကြီးမျက်လုံးပြူးထွက်သွားကာ . . .

"ဆိုင်လို့မေးတာပေါ့ကွ . . .၊ ငါတို့ကအဲဒီကိစ္စစုံစမ်းနေတာ. . မင်းကဘာလို့ ဒီလိုစာတွေ လာလာပေးနေရတာလဲ"

"ကျွန်တော့်ဟာ ကျွန်တော်ပေးချင်လို့ပေးတာဘာဖြစ်လဲ"

"ဘာကွ"

အောင်သန်းကြီး မရိုးမရွဖြစ်ကာ ထလိုက်ထိုင်လိုက်ဖြစ်သွား၏။ ကောင်မလေးမျက်နှာကတော်တော်မာသည်။ တစ်လောကလုံး သူ့လုပ်စာစားနေရသလိုပင် . . .၊ သူတို့တောင်တရားခံပြန်ဖြစ်သွားသလိုလိုခံစားနေရ၏။ ဝေလင်းက အောင်သန်းကြီးကို မင်းနားလိုက်ဦးဆိုတဲ့သဘောလက်ကာပြလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



## ဝေလီဝေလင်း
## ချစ်သူ

"ဒီမှာ ညီမလေး"

"ကျုပ်ကို ညီမလေးလို့မခေါ်နဲ့နာမည်ရှိတယ်"

"အဲ . . . ဟို အဲဒါဆိုနာမည်ပြော"

"ဖိုးကဲ"

"ဟင် . . . ဖိုးကဲ ဟုတ်လား . . . နာမည်ကြီးကလည်း"

"ဘာဖြစ်လဲ ခေါ်ရင်ခေါ် မခေါ်ရင်ပြန်မယ်"

ပြောပြီး ကောင်မလေးထရပ်တော့ ဝေလင်းအတင်းလက်ကာပြလိုက်ကာ . . . "ပြန်တော့မပြန်ပါနဲ့ဦးဗျာ . . . ကျွန်တော်တို့မေးတာတွေ ဖြေသွားပါဦးအစ်မလေးရယ် . . . ခေါ်ဆိုခေါ်ပါ့မယ်"

အရေးထဲနာမည်ကိုစွရှင်းနေတာနဲ့ပင် လိုရင်းကိုစွမရောက်တော့ . . ဒီဟာမလေး စိတ်ကျေနပ်အောင်ခေါ်ပေးလိုက်ပြီး . . .

"ဒါနဲ့ . . . ဖိုးကဲ . . . ကိုယ့်ကိုသိလား"

"သိတယ်"

"သိတယ် ဟုတ်လား . . . ဒါဆိုဘယ်သူလဲ"

"ဝေလင်း . . . မဟုတ်လား"

"ဩော် . . . ဒါကြောင့် ဖိုးကဲက ကျုပ်ဆီကစာကိုယူပြီး လက်ရေးတုလုပ်ပို့တာကိုး . . . ."

"အဲဒါ ကျွန်တော်ရေးတာမဟုတ်ဘူး"

ကောင်မလေးက ဆက်ဆက်ထိမခံပြန်ပြော၏။ ဒါကိုဝေလင်းတို့က အခွင့်ကောင်းတစ်ခုလိုအသုံးချကာ . . .

"မင်းရေးတာမဟုတ်ရင် ဘယ်သူရေးမှာတုံး . . . နောက်ပြီး အဲဒီစာတွေက ကျုပ်ကိုယ်တိုင်ရေးတာမဟုတ်ဘူး"

ကောင်မလေး အင်တင်တင်နှင့်ဂရုမစိုက်သလို အမူအရာလုပ်နေသေး၍ . . .

"မေးနေတာ မဖြေဘူးလား . . . ရတယ်လေ . . . အဲဒါဆိုကိုယ်တို့ မော်ကွန်းထိန်းအခန်းရောက်မှ ဆက်ရှင်းကြတာပေါ့"

ကောင်မလေး ဒါကျ ဆတ်ခနဲခေါင်းထောင်သွားကာ . . .

"ခင်ဗျားတို့နော် . . . မညစ်စုတ်နဲ့"

"ဟာ . . . ငါ[illegible]က ဘာညစ်လို့လဲ . . . ရှင်းရှင်းလေးပဲ . . . မင်း[illegible]တို့မေးတာဖြေလိုက်[illegible]ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူစကားဆုံးတော့ ကောင်မလေးငြိမ်ကျသွား၏။ ခဏကြာမှ တစ်ယောက်ချင်းမျက်နှာတွေကိုလိုက်ကြည့်ကာ . . . .

"ဒီစာက ကျွန်တော့်အစ်ကိုအတွက် ဒီကအစ်မကိုပေးပေးတာပါ . . . ဟို ကျွန်တော့်အစ်ကိုက ဒီကအစ်မကို ဟို . . . ဟို အရမ်းချစ်တာ . . . သူကိုယ်တိုင်လည်းမစွန့်စားရဲဘူး။ အဲဒါကြောင့်ကျွန်တော်ကပဲ အစ်ကိုစိတ်ချမ်းသာအောင်လုပ်ပေးရတာပါ"

"ဒါဆို . . . မင်း . . . ငါ့လက်ရေးကိုဘယ်လိုရလဲ"

"ကျွန်တော့်သူငယ်ချင်းဆီက ရတာ . . . စာကကျွန်တော့်အစ်ကိုရေးပေးတာ . . . ပြီးမှကျွန်တော်က ပြန်ကူးရတာဗျ . . . ပြီးတော့ ကိုဝေလင်းလက်ရေးဆိုတော့ အခုလိုစုံစမ်းလည်း တော်ရုံတန်ရုံဘယ်သိတော့မလဲ"

"အခု ဘာလို့သိလဲ"

"ဒါကတော့ ခင်ဗျားကိုယ်တိုင်စုံစမ်းတာကိုးဗျ . . . သိတာပေါ့"

"ဟင်း . . . ဟင်း . . . ဟုတ်ပါပြီ . . . ဒါဆိုမင်းအစ်ကို နာမည်ပြောပါဦး . . . ."

ကောင်မလေး ရုတ်တရက်မပြောသေးဘဲ အကြာကြီးငြိမ်သွားကာ . . .

ခဏကြာမှ . . .

"ကိုကိုချစ်ဦး"

"ဘာ"

"ဟင်"

"ဟယ်"

အားလုံး မှင်သက်သွား၏။ ဝေလင်းရင်ထဲမှာလည်း ဒိန်းခနဲဖြစ်ကာသွားသည်။ သူ့ကိုတစ်နေကုန်တစ်နေ့ခန်းကဗျာအကြောင်းတွေ ထိုင်ရှင်းပြနေသော ကိုကိုချစ်ဦး၏ရုပ်သွင်ပေါ်လာလေသည်။ သူခံလိုက်ရပြီ . . . ။ တကယ့်တရားခံအစစ်ကို ပထမဆုံးစုံစမ်းမိသော်လည်း တစ်ဖက်လူ၏ထိုးစစ်ကိုသာခံပြီးပြန်လာခဲ့ရ၏။ ကိုကိုချစ်ဦးက ရှူးသလိုပေါ့ သလိုနဲ့တော်တော်လည်တဲ့ကောင်ပင် . . . . ။

"ကဲ . . . ညို . . ညိုပြောတဲ့တရားခံရပြီ . . . ဘယ်လိုလဲ . . . စိတ်ဝင်စားသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နေညိုဦး ငိုအားထက်ရယ်အားသန်ဖြစ်ပြီး ဘာပြန်ပြောရမှန်း မသိသလိုဖြစ်သွား၏။ ကိုကိုချစ်ဦးဆိုတော့ သူမမျှော်မှန်းထားသမျှတွေ သဲထဲရေသွန်ဖြစ်သွားသည်ထင်သည်။ ရင်ဘတ်လေး ပုတ်ခါပုတ်ခါနှင့်. .

"စောစောစီးစီးသိရတာကံကောင်းလို့ . . . ကံကောင်းလို့ . . "

ဒါပဲ ထပ်ခါတလဲလဲပြောကာ ဝေလင်းကိုလည်းကျေးဇူးတင် ကြောင်းခဏခဏပြော၏။ ကိုကိုချစ်ဦး ဘယ်လိုပင်ကြိုးစားသော်လည်း အခြေအနေလုံးဝမကောင်းပါ . . . ။

"ဒါနဲ့ ကိုဝေလင်းက တရားခံကိုသူမှန်းဘယ်လိုသိလဲ"

ဝေလီမေးလိုက်တော့မှ အားလုံးအဲဒီအကြောင်းကိုစိတ်ဝင်စား သွားလေတော့သည်။ အခုမှသတိရသွားပုံလည်းရပါသည်။ ဝေလင်းက တစ်လုံးချင်းအားလုံးနားလည်အောင်ရှင်းပြပါတော့သည်။

"ဒီလိုဝေလီရဲ့ . . .။ ပထမအကြိမ်ကိုယ်စစုံစမ်းတော့ နေညို ဦး သူငယ်ချင်းတွေထဲကတစ်ယောက်မှ ကိုယ်မသင်္ကာစရာမတွေ့ဘူး. . . ဒါနဲ့ကိုယ်ထပ်စဉ်းစားကြည့်တော့ ဒါနေညိုဦးနဲ့မရင်းနှီးသေးတဲ့လူတွေထဲ တပဲဖြစ်ရမယ်လို့ ကိုယ်တွေးလိုက်တယ်။ အဲဒီမှာ နေညိုဦးကို တည်ကြက် သဘောထားပြီး ကိုယ်တို့စုံစမ်းတဲ့အခါမှ အုံ့ဩစရာတွေနဲ့ကြုံတွေ့ခဲ့တယ်၊ ဝေလီလည်းအသိပဲ . . . ပထမအကြိမ်စာကို ဘယ်လိုထည့်မှန်းမသိလိုက် ဘူး။ မျက်စိရှေ့မှာ လုပ်သွားပြီးမသိလိုက်တော့ ကိုယ်အရမ်းအံ့ဩသွား ရတာ . . ., အဲဒီတုန်းကလည်း သူပဲထည့်သွားတာပဲ . . . ဒါပေမယ့် သူက မိန်းကလေးဆိုတော့ ကိုယ်ဘယ်သတိထားမိမလဲ . . . အဲဒီတုန်းက ပါချုပ် တားနဲ့လည်းကွယ်သွားတော့ သူ့အတွက်ကောင်းသွားတာပေါ့. . . "

ပြောပြီး ကောင်မလေးကိုကြည့်လိုက်တော့ ရယ်ကျဲကျဲလေး . . ဝန်ခံတဲ့သဘော . . . ဝေလင်းစကားဆက်၏။

"ဒါနဲ့ . . . ဟိုနေ့ကလည်းကျရော ကိုယ်သေသေချာချာနေညို ဦးနောက်ကလိုက်ကြည့်တယ်. . . အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ နေညိုဦးခြင်းထဲစာထည့်လိုက်ချိန်မှာ ပတ်စန်းကျင်ကိုကိုယ်လှေ့လာလိုက် တော့ ကိုယ်အရမ်းလန့်သွားတာ . . . အမှန်တော့သူပဲ။ သူက ရုပ်ဖျက် ထားတော့ ကိုယ်ကရုတ်တရက် ယောကျာ်းလေးထင်သွားတာကိုး၊ အဲဒီ ကိုယ်နောက်ကအမြန်လိုက်ကြည့်တယ်။ အိမ်သာဘေး စကြံန်မှာကိုယ် သူ့ကိုမတွေ့တော့ဘူး၊ ဒါကြောင့် ခုနကိုယ်မြင်လိုက်တာ မိန်းကလေးပဲလို့

www.burmeseclassic.com



ကိုယ်သိလိုက်တယ် . . . " အဲဒီမှာ ကိုယ်အဲဖြေကိုစတွေသွားတာပါ. . . "

အားလုံးကို ခရေစေ့တွင်းကျရှင်းပြပြီးတဲ့နောက် ဝေလင်းလက်မှ နာရီကိုတစ်ချက်ကြည့်ကာထရပ်လိုက်တော့၏။

"ဟင် . . . ကိုဝေလင်း ဘယ်သွားမလို့လဲဟင်"

"ကျူတိုရီရယ်ရှိသေးတယ် ဝေလီရဲ့ . . . သွားလိုက်ဦးမယ်"

"ဟင် . . . ကိုဝေလင်းကလည်းနေပါဦး"

"ကိစ္စတွေပြီးသွားပြီပဲ ဝေလီရယ် . . . ကိုယ်လိုအပ်နေသေးလို့လား"

ဝေလင်းစကားက အရှေ့မလွတ် အနောက်မလွတ်၊ ဝေလင်း ညှိုးမြလုပ်နေပေပြီ . . .၊ ဒါကိုဝေလီကလည်းသိ၏။ ထို့ကြောင့် သိသိကြီးနှင့် . . . .၊

"ရပါတယ် . . . ကိုဝေလင်း မနေချင်ရင်လည်းသွားပေါ့"

ဝေလင်းကိုယ့်စကားနဲ့ကိုယ်ဖြစ်နေ၍ ဘာပြန်ပြောရမှန်းမသိတော့ဘဲ အူကြောင်ကြောင်ကြီးလှည့်ထွက်ခဲ့ရလေတော့သည်။ တော်တော်ဝေးဝေးရောက်သွားမှ နောက်ကဝေလီခေါ် သံကြားလိုက်ရ၏။

"ကိုဝေလင်း မနက်ဖြန်ကျောင်းတက်မှာလား"

ဝေလင်းချာခနဲ ချက်ချင်းလှည့်ကာ ခေါင်းညိတ်ပြလိုက်၏။

"အဲဒါဆို သမီးထုံးစံအတိုင်း ဘွဲ့နှင်းသဘင်ရှေ့မှာစောင့်နေမယ်လေ"

ဝေလင်း ဘာစကားမှပြန်မပြောမိ . . . ငူငူကြီးကြည့်ပြီးသာ ကြောင်တောင်တောင်ကြီးလှည့်ထွက်လာခဲ့ပြန်တော့၏။ သို့သော် သူ့ခေါင်းထဲတွင် အတွေးပေါင်းသိန်းသန်းခန့် ပလုံစီနေလျက် . . . .၊

မနက်ဖြန် ငါဘာလုပ်ရင်ကောင်းမလဲ . . .။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# ဝေလီ ဝေလင်း

ချစ်သူ

၁၉၉
တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသာယာလှပသော နေ့တစ်နေ့ဖြစ်ပါ၏။ ဒဂုံတက္ကသိုလ်တစ်ခုလုံး နေခြည်နုလေးက ဖြန့်အုပ်မိုးထားလေသည်။ လေတိုက်ဘိုင်းကြွေကျနေသည့် သစ်ရွက်ခြောက်များကလည်း ရင်ခုန်ချင်စရာပင်၊ ကျောင်းသား ကျောင်းသူများကလည်း သူ့နည်းသူ့ဟန်နဲ့ သူ့ပုံစံအမျိုးမျိုး လှုပ်ရှားသွားလာနေကြ၏။

ထိုအချိန်တွင် လူတစ်ယောက်ဘတ်စ်ကားပေါ်မှ ခြေနင်းခုံကို ကျော်၍ အူးလျားဖားလျားခုန်ဆင်းလာလေတော့၏။ ထိုလူကိုကြည့်ရသည်မှာစိတ်မသက်သာလှပါ။ ခေါင်းတွင်ရွှဲနစ်နေသော အုန်းဆီတို့ကလည်း နားထင်စပ်မှာစီးကျလျက်၊ လှချင်ပချင်လွန်း၍ ဝတ်လာသောလက်ရှည်အင်္ကျီကြောင့် တစ်ကိုယ်လုံးချွေးတွေရွှဲနစ်နေသေး၏။ ပုဆိုးကတော့ သူ၏တစ်ထည်တည်းသောပုဆိုး . . . အသစ်လေး . . . . ၊

ထိုလူကား အောက်ရောက်သည်နှင့်ဘေးပတ်ဝန်းကျင်ကိုတစ်ချက်အကဲခတ်ကာကြည့်လိုက်၏။ ဘွဲ့နှင်းသဘင်ရှေ့တွင် ရပ်ထားသော လင်ခရူဇာကားနက်ကြီးကိုမြင်လိုက်ရသည်နှင့် ဇောင်းကလွတ်လိုက်သော မြင်းလိုကဆုန်ပေါက်ပြီး ကားဆီကိုလုံးနေအောင်ပြေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





နောက်ဆုံးပေါ်ကား အနက်ရောင်ကြီးကိုမှီ၍ နတ်သမီးတမျှ လှပလွန်းသော ကောင်မလေးတစ်ယောက်ထံ တောကအလှူပွဲကိုလာသော ကာလသားခေါင်းပုံစံပေါက်နေသော လူတစ်ယောက်အူလျားဖားလျားပြေးလာတာကိုသင်တို့မြင်ကြပါသလား . . .၊ အကယ်၍ သင်တို့ မြင်မိကြလျှင် ခဏလောက်စောင့်ကြည့်နေကြပါ . . .၊ ထိုလူက ကောင်မလေးရှေ့မှာရပ်သွားပြီး စကားစမြည်ပြောနေပေလိမ့်မည်။ ထိုလူပုံလည်း ဂနာမငြိမ်ဖြစ်နေပေလိမ့်မည်။ ဝမ်းနှုတ်ဆေးကျွေးထားသောလူကို အိမ်သာပြပြီး ကြိုးတုပ်ထားသလိုဖြစ်နေပေလိမ့်မည်။

နောက်ထပ်နည်းနည်းလောက် ထပ်စောင့်ကြည့်လိုက်ပါ . . .၊ ထိုငတိက သူ့အင်္ကျီအိတ်ကပ်ထဲမှ လက်ဝါးလောက်စာလေးတစ်စောင်တိုကောင်မလေးအားပေးပေလိမ့်မည်။ မိတ်ဆွေတို့ တောင်တွေးမြောက်တွေး စဉ်းစားမနေကြပါနှင့်၊ အဲဒါရည်းစားစာပင်၊ သူကိုယ်တိုင် ပထမဆုံး သူ့အတွက်သူရေးသောရည်းစားစာပင် . . ,

ကဲ . . . ကောင်မလေးစာရသွားပြီးတဲ့နောက် ရှက်ပြုံးလေးပြုံးပြီး ခေါင်းညိတ်သွားတာ သင်တို့ထပ်မြင်ရလိမ့်မည်။ ဒါဆိုသင်တို့လည်း သဘောပေါက်သွားလောက်ပေပြီ . . .၊

နောက်ဆုံး အဲဒီနှစ်ယောက် ဘာတွေဆက်ဖြစ်ကြသနည်း၊ ကောင်မလေးကရှက်ပြီး ကောင်လေးရင်ခွင်ထဲဝင်သွားလား၊ ဒါမှမဟုတ် ခေါင်းလေးပဲညိတ်ပြလိုက်သလား . . .၊ မြင်တဲ့လူများရှိရင် နီးစပ်ရာလက်တို့ပြီးတော့ ပြောလိုက်ကြပါဗျာ . . .

ဝေလင်းဆာစ်ယောက် ဝေလီဆိုတဲ့အလှဘုရင်မလေးနဲ့ချစ်သူတွေဖြစ်သွားကြပြီလို့ . . . . ။

နော် . . . ။

ကြိုးစားသူ

ပိုးသက်လင်းထက်





www.burmeseclassic.com